# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်၊ Established in 1914

Myanma Alinn Daily


## ကမ်းတစ်ဖက်သို့ ရောက်ကုန်

လူအပေါင်းတို့သည် ကာမဂုဏ်၊ ဒေါသ၊ မာန၊ ထိနမိဒ္ဓ၊ ဥဒ္ဓစ္စတရားတို့ ကပ်ငြိခြင်းခံရလျှင် သေခြင်းကင်းရာ နိဗ္ဗာန်သို့ မရောက်နိုင်ချေ။ ကောင်းစွာဟောကြားအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာ သံသရာကို ကူးမြောက်၍ နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။

ပဏ္ဍိတဝဂ် (ဓမ္မပဒ – ၈၆)


၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၇ ရက် ၂၀၂၅ ခုနှစ်၊ ဇူလိုင် ၃၁ ရက်၊ ကြာသပတေးနေ့ အတွဲ (၆၄)၊ အမှတ်(၂၀၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဂုဏ်ပြုတွေ့ဆုံပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဂုဏ်ပြုတွေ့ဆုံပွဲအခမ်းအနားကျင်းပ

# နိုင်ငံတော်တွင် ဖြစ်ပေါ်လျက်ရှိသည့်အခက်အခဲ၊ အကျပ်အတည်းများအားလုံးကို မိမိတို့အစိုးရအဖွဲ့ဝင်များအနေဖြင့် အတူတကွ ဝိုင်းဝန်းကြိုးပမ်းကျော်ဖြတ်နိုင်ခဲ့သဖြင့် လုပ်ဖော်ကိုင်ဖက်များအားလုံးကို ကျေးဇူးတင်အသိအမှတ်ပြု

နေပြည်တော် ဇူလိုင် ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဂုဏ်ပြုတွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန် ရေခဲတောင်ခန်းမ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါ ဂုဏ်ပြုတွေ့ဆုံပွဲ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကောင်စီအတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ဒုတိယဝန်ကြီးများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များနှင့်အစိုးရအဖွဲ့ဝင်များက Video Conferencing ဖြင့် တက်ရောက်ကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ❂

**ယနေ့ ဖတ်စရာ**

## နောင်ချိုမြို့ အမှတ်(၁)နှင့် အမှတ်(၂)အခြေခံပညာ အထက်တန်းကျောင်း ဖွင့်လှစ်သင်ကြား၊ ယာယီဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

ပြည်တွင်းသတင်း စာ ၈



## ပါကစ္စတန်နိုင်ငံ၌ နှစ်စဉ် ကလေး ၈၀၀၀ အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကင်ဆာဆေး အခမဲ့ပေးသွားမည်

နိုင်ငံတကာသတင်း စာ ၁၃

# အမှန်တကယ် ငြိမ်းချမ်းမှုရရှိနိုင်ရန် အစိုးရနှင့် တပ်မတော် လက်တွဲညီညီ ပူးပေါင်း၍ဆောင်ရွက်ခဲ့ခြင်းဖြစ်

*ရှေ့ဖုံးမှ*

**နိုင်ငံတော်၏ နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှုနှင့် နိုင်ငံ့တာဝန်များကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ ထမ်းဆောင်ခဲ့မှု**

ထိုသို့ ဂုဏ်ပြုတွေ့ဆုံရာတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်၏ လိုအပ်ချက်အရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရသည်မှာ ၄ နှစ်ခွဲကာလသို့ ရောက်ရှိခဲ့ပြီဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံတော်တွင် ဖြစ်ပေါ်လျက်ရှိသော သာမန်မဟုတ်သည့် အခြေအနေများ၌ ချမှတ်ထားသည့် ရှေ့လုပ်ငန်းစဉ်များကို အောင်မြင်အောင်ဆောင်ရွက်ရန် အချိန်ကာလလိုအပ်ချက်များရှိခဲ့၍ တာဝန်ထမ်းဆောင်မှုများကို ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီတာဝန်ထမ်းဆောင်မှုသက်တမ်းတိုးခြင်းများ ဆောင်ရွက်ခဲ့ရကြောင်း။

နိုင်ငံတော်တွင် အရေးပေါ်ကာလဖြစ်ပေါ်ခဲ့ခြင်းကို ပြန်ကြည့်မည်ဆိုပါက ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပချိန်တွင် မဲမသမာမှုများဖြစ်ပေါ်ခဲ့ရခြင်းကြောင့်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲကျင်းပရန်အတွက် ကြိုတင်ပြင်ဆင်ခြင်းများဆောင်ရွက်ချိန်တွင်လည်း မညီမျှမှုများ ဖြစ်ပေါ်လျက်ရှိသည်ကို နိုင်ငံရေးပါတီများက မိမိထံသို့အသိပေးပြောကြားခြင်းများကြောင့် မိမိအနေဖြင့် သက်ဆိုင်ရာအစိုးရအဖွဲ့ကို အသိပေးခဲ့သော်လည်း အရေးယူဆောင်ရွက်ခြင်းမရှိခဲ့ကြောင်း၊ ရွေးကောက်ပွဲကျင်းပပြီးချိန်၌လည်း မဲစာရင်းမှားယွင်းနေမှုများကို အချို့ပါတီများအနေဖြင့် မိမိထံအသိပေးပြောကြားခဲ့ကြောင်း၊ ထိုသို့ မဲစာရင်းမှားယွင်းမှုများအတွက် တာဝန်ရှိသူများကို စိစစ်အရေးယူဆောင်ရွက်ပေးရန်အတွက် သက်ဆိုင်ရာအစိုးရအဖွဲ့ထံသို့ အကြိမ်ကြိမ်အသိပေးအကြောင်းကြားခဲ့သော်လည်း ဖြေရှင်းဆောင်ရွက်ခြင်းမရှိဘဲ လွှတ်တော်ခေါ်ယူ၍ နိုင်ငံတော်၏အာဏာကို အဓမ္မရယူရန် ဆောင်ရွက်ခဲ့ခြင်းကြောင့် မိမိတို့အနေဖြင့် နိုင်ငံတော်အား ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ အရေးပေါ်အခြေအနေကြေညာ၍ နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့ရခြင်းဖြစ်ကြောင်း။



တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးမှ ဝန်ကြီးချုပ်များနှင့်အစိုးရအဖွဲ့ဝင်များက Video Conferencing ဖြင့် တက်ရောက်စဉ်။

နိုင်ငံတော်တာဝန်ထမ်းဆောင်ရန် ဖြစ်ပေါ်လာသည့်အခြေအနေများအရ အကောင်းဆုံး ဆုံးဖြတ်လုပ်ဆောင်ရခြင်းဖြစ်၍ တာဝန်ယူခဲ့ရပြီးနောက်ပိုင်းတွင် လုပ်ငန်းတာဝန်များ ထမ်းဆောင်နိုင်ရေးအတွက် အရပ်ဘက်၊ စစ်ဘက်တို့မှ အတွေ့အကြုံရှိပြီး လုပ်ရည်ကိုင်ရည်ရှိသည့်သူများကို အမြန်ရွေးချယ်၍ တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်ကြောင်း၊ ဝန်ကြီးဌာနအသီးသီးတွင် အတွေ့အကြုံရှိပြီး လုပ်ရည်ကိုင်ရည်ရှိသူများကို တာဝန်ပေးအပ်နိုင်ခဲ့သဖြင့် အစိုးရ၏လုပ်ငန်းယန္တရားများ ကောင်းမွန်စွာ ဆက်လက်လည်ပတ်နိုင်ခဲ့ခြင်းဖြစ်ကြောင်း၊ အရေးပေါ်အခြေအနေကာလတွင် အခက်အခဲနှင့်ပိတ်ဆို့နှောင့်ယှက်မှုအများအပြားအကြားမှ လုပ်ငန်းများလည်ပတ်အောင် ဆောင်ရွက်ခဲ့ရကြောင်း၊ လက်ရှိအချိန်တွင် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့သည်မှာ ၄ နှစ်ခွဲကာလသို့ ရောက်ရှိပြီဖြစ်ပြီး **နိုင်ငံတော်တွင် ဖြစ်ပေါ်လျက်ရှိသည့်အခက်အခဲ၊ အကျပ်အတည်းများအားလုံးကို မိမိတို့အစိုးရအဖွဲ့ဝင်များအနေဖြင့် အတူတကွ ဝိုင်းဝန်းကြိုးပမ်းကျော်ဖြတ်နိုင်ခဲ့သဖြင့် လုပ်ဖော်ကိုင်ဖက်များအားလုံးကို ကျေးဇူးတင်အသိအမှတ်ပြုပါကြောင်း။**

**နိုင်ငံရေးဆိုင်ရာ**

နိုင်ငံရေးပိုင်းဆိုင်ရာများနှင့်ပတ်သက်၍ မိမိတို့အနေဖြင့် ပြည်သူများမှရွေးချယ်သည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းလျက်ရှိကြောင်း၊ **တပ်မတော်သည် နိုင်ငံတော်၏အစိတ်အပိုင်းဖြစ်ပြီး တပ်မတော်သားများသည် ပြည်သူများ၏အစိတ်အပိုင်းဖြစ်**ကြောင်း၊ ပြည်သူများအနေဖြင့် ၁၉၈၈ ခုနှစ်တွင် ပါတီစုံဒီမိုကရေစီလမ်းကြောင်းသို့ လျှောက်လှမ်းလိုသည်ဟု ဆန္ဒပြုခဲ့ကြသဖြင့် တပ်မတော်အနေဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် လျှောက်လှမ်းရန်အတွက် အုတ်မြစ်ချပေးခဲ့ခြင်းဖြစ်ကြောင်း၊ ၁၈၈၆ ခုနှစ် မတိုင်မီကာလများတွင် မြန်မာနိုင်ငံသည် ဘုရင်အုပ်ချုပ်ရေးစနစ်ဖြစ်ပြီး ၁၉၈၈ ခုနှစ်မတိုင်မီကာလတွင် ဗဟိုဦးစီးစနစ်ဖြင့် သွားခဲ့ခြင်း ဖြစ်ကြောင်း၊ အင်္ဂလိပ်ကိုလိုနီဖြစ်ခဲ့ရပြီး နောက်ပိုင်းတွင် အောက်မြန်မာပြည်သည် လွှတ်တော်စနစ်ပုံစံဖြင့်သွားခဲ့ရခြင်းဖြစ်ပြီး လွှတ်တော်နှင့် စတင်ထိတွေ့ခဲ့ရခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် လွတ်လပ်ရေးရရှိပြီးနောက်ပိုင်းတွင် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါလီမန်စနစ်သို့သွားရန် ရေးဆွဲခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းအချိန်တွင် နိုင်ငံရေးဦးဆောင်သူများ၊ လူငယ်များ၊ တပ်မတော်မှ တာဝန်ရှိသူများ အားလုံးတွင် ဆိုရှယ်လစ်နှင့်ပတ်သက်သည့် အသိများရှိထားကြသည့်အချိန်ဖြစ်ကြောင်း၊ ၁၉၄၇ ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် ဆိုရှယ်လစ်စနစ်ကိုသွားမည်၊ ဆိုရှယ်လစ်နိုင်ငံထူထောင်မည်ဟု မပါရှိသော်လည်း သမ္မတကြီး စဝ်ရွှေသိုက်၏ လွတ်လပ်ရေးမိန့်ခွန်းတွင် ဆိုရှယ်လစ်စနစ်ကို သွားမည်ဟု အတိအလင်းဖော်ပြထားသည်ကို တွေ့ရကြောင်း၊ သို့သော်လည်း ဆိုရှယ်လစ်စနစ်ကို မကျင့်သုံးခဲ့ရခြင်းမှာ ၎င်းအချိန်က နိုင်ငံရေးအင်အားစုများ၌ လက်ဝဲယိမ်းသည့်အုပ်စုများ၊ လက်ယာယိမ်းသည့် အုပ်စုများ စသည်ဖြင့်ရှိကြကြောင်း၊ ထို့ကြောင့် ပါလီမန်စနစ်သွားခဲ့ရသည်ဟု သုံးသပ်ရကြောင်း၊ ၁၉၆၂ ခုနှစ်တွင် နိုင်ငံတော်၏ နိုင်ငံရေးအခြေအနေ အရပ်ရပ်အရ တော်လှန်ရေးကောင်စီမှ နိုင်ငံတော်တာဝန်များကို ယူခဲ့ရပြီး ဆိုရှယ်လစ်စနစ်ကို ဆောင်ရွက်ခဲ့ကြကြောင်း၊ ဆိုရှယ်လစ်စနစ်တွင် ကောင်းမွန်သည့်အချက်များရှိသကဲ့သို့ အားနည်းချက်များလည်း ရှိကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် ဆိုရှယ်လစ်စနစ်ကို ကျင့်သုံးရာတွင် မြန်မာ့နည်းမြန်မာ့ဟန်ဖြင့် မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်စနစ်ကို ဖော်ဆောင်ခဲ့ကြခြင်းဖြစ်ကြောင်း၊ ဆိုရှယ်လစ်စနစ် ဗဟိုဦးစီးစနစ်ကို ကျင့်သုံးရာတွင် နိုင်ငံရေးအရ တစ်ပါတီစနစ်ကို ကျင့်သုံးခဲ့၍ နိုင်ငံရေးထွက်ပေါက်ပိတ်သွားသူများ၏ မကျေနပ်မှု၊ စီမံကိန်းစီးပွားရေးစနစ်ကြောင့် စီးပွားရေးအရ ထွက်ပေါက်ပိတ်ဆို့သွားသူများ၏ မကျေနပ်မှု၊ အုပ်ချုပ်ရေးကဏ္ဍများ၌ ပါတီဝင်များကိုသာ ဦးစားပေးမှုများကြောင့် မကျေနပ်မှုများ ရှိခဲ့ကြောင်း၊ ၎င်းအပြင် စီးပွားရေးပိတ်ဆို့မှုများကြောင့် နိုင်ငံ့စီးပွားရေးထိခိုက်လာခဲ့ရကြောင်း၊ စနစ်၏ အားနည်းချက်ဆိုသည်ထက် လက်တွေ့အကောင်အထည်ဖော်မှု အားနည်းချက်ကြောင့်ဖြစ်ကြောင်း၊ လက်ရှိအချိန်အထိ ဆိုရှယ်လစ်စနစ်ကို ကျင့်သုံးပြီး အောင်မြင်နေသည့်နိုင်ငံများလည်း ရှိနေဆဲဖြစ်ကြောင်း။

နိုင်ငံတစ်ခုရပ်တည်နိုင်ရေးအတွက် စီးပွားရေးသည် အဓိက အခရာကျသည့် အချက်ဖြစ်ကြောင်း၊ စီးပွားရေးအားကောင်းမွန်မှသာလျှင် နိုင်ငံရေးအားသည်လည်း ကောင်းမွန်လာမည်ဖြစ်ပြီး ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ ဆိုရှယ်လစ်စနစ်တွင် အုပ်ချုပ်ရေးအရ စီမံခန့်ခွဲမှုအားနည်းချက်များ၊ စီးပွားရေးအရ ပိတ်ဆို့မှုများ၊ မှောင်ခိုစီးပွားရေးစနစ်ဖြစ်ပေါ်လာခြင်း၊ သယံဇာတများ ခိုးထုတ်ခံရခြင်း၊ ရာသီဥတုဖောက်ပြန်ခြင်းတို့ကြောင့် နိုင်ငံ့စီးပွားရေးကျဆင်းလာပြီး ၁၉၈၈ ခုနှစ် အရေးအခင်းဖြစ်ပေါ်လာခဲ့ကြောင်း၊ ထို့နောက် ပါတီစုံဒီမိုကရေစီလမ်းကြောင်းသို့ လျှောက်လှမ်းနိုင်ရေး စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပြီး ၂၀၁၀ ခုနှစ်တွင် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲကျင်းပကာ တပ်မတော်အနေဖြင့် နိုင်ငံတော်ကို ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်သို့ တင်ပေးခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၁၁ ခုနှစ်တွင် သမ္မတ ဦးသိန်းစိန် ဦးဆောင်သည့် ဒီမိုကရေစီအစိုးရ ပထမသက်တမ်းကာလတွင် အစိုးရအနေဖြင့် ဒီမိုကရေစီနှင့်အသားကျနိုင်ရေး လိုအပ်သည့်ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ခဲ့ကြောင်း၊ တပ်မတော်အနေဖြင့်လည်း အစိုးရနှင့် လက်တွဲညီစွာ ဆောင်ရွက်ခဲ့ကြောင်း၊ တည်ငြိမ်အေးချမ်းရေးနှင့်ပတ်သက်၍လည်း ၂၀၁၂ ခုနှစ်မှစ၍ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် NCA ချုပ်ဆိုနိုင်ရန် ငြိမ်းချမ်းရေး ဖိတ်ခေါ်ဆွေးနွေးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း၊ **အမှန်တကယ် ငြိမ်းချမ်းမှုရရှိနိုင်ရန် အစိုးရနှင့် တပ်မတော်လက်တွဲညီညီ ပူးပေါင်း၍ ဆောင်ရွက်ခဲ့ခြင်းဖြစ်**ကြောင်း၊ မိမိတို့နိုင်ငံသည် တိုင်းရင်းသားညီအစ်ကိုများ အတူတကွပေါင်းစည်းနေထိုင်ကြသည့် ပြည်ထောင်စုနိုင်ငံတော်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို

*စာမျက်နှာ ၄ သို့*

**❖ နိုင်ငံတော်တာဝန်ထမ်းဆောင်ရန် ဖြစ်ပေါ်လာသည့်အခြေအနေများအရ အကောင်းဆုံး ဆုံးဖြတ်လုပ်ဆောင်ရခြင်းဖြစ်၍ တာဝန်ယူခဲ့ရပြီးနောက်ပိုင်းတွင် လုပ်ငန်းတာဝန်များ ထမ်းဆောင်နိုင်ရေးအတွက် အရပ်ဘက်၊ စစ်ဘက်တို့မှ အတွေ့အကြုံရှိပြီး လုပ်ရည်ကိုင်ရည်ရှိသည့်သူများကို အမြန်ရွေးချယ်၍ တာဝန်ပေးအပ်ခဲ့ခြင်းဖြစ်**

**❖ ဝန်ကြီးဌာနအသီးသီးတွင် အတွေ့အကြုံရှိပြီး လုပ်ရည်ကိုင်ရည်ရှိသူများကို တာဝန်ပေးအပ်နိုင်ခဲ့သဖြင့် အစိုးရ၏ လုပ်ငန်းယန္တရားများ ကောင်းမွန်စွာ ဆက်လက်လည်ပတ်နိုင်ခဲ့ခြင်းဖြစ်၊ အရေးပေါ်အခြေအနေကာလတွင် အခက်အခဲနှင့်ပိတ်ဆို့နှောင့်ယှက်မှုအများအပြားအကြားမှ လုပ်ငန်းများ လည်ပတ်အောင်ဆောင်ရွက်ခဲ့ရ**

**❖ လက်ရှိအချိန်တွင် နိုင်ငံတော်တာဝန်များကို ထမ်းဆောင်ခဲ့သည်မှာ ၄ နှစ်ခွဲကာလသို့ ရောက်ရှိပြီဖြစ်ပြီး နိုင်ငံတော်တွင် ဖြစ်ပေါ်လျက်ရှိသည့်အခက်အခဲ၊ အကျပ်အတည်းများအားလုံးကို မိမိတို့ အစိုးရအဖွဲ့ဝင်များအနေဖြင့် အတူတကွဝိုင်းဝန်းကြိုးပမ်းကျော်ဖြတ်နိုင်ခဲ့သဖြင့် လုပ်ဖော်ကိုင်ဖက်များအားလုံးကို ကျေးဇူးတင်အသိအမှတ်ပြု**

*စာမျက်နှာ ၃ မှ*

အခြေခံသည့် ပြည်ထောင်စုနိုင်ငံတည်ဆောက်ရေးကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ သမ္မတ ဦးသိန်းစိန်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုရရှိစေရေးအတွက် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး ၂၀၁၅ ခုနှစ် အောက်တိုဘာ ၁၅ ရက်နေ့၌ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် NCA တွင် လက်မှတ်ရေးထိုးနိုင်သည်အထိ ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ဒီမိုကရေစီပထမအစိုးရအနေဖြင့် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ခဲ့သော်လည်း ဒီမိုကရေစီစနစ်နှင့် အသားကျမှု မရှိခြင်း၊ အဖွဲ့အစည်းအသီးသီး၏ အတိတ်ဖြစ်ရပ်များအပေါ် သွေးထိုးလှုံ့ဆော်ခြင်းများလည်းရှိခဲ့ကြောင်း၊ ဆိုရှယ်လစ်စနစ် ကျင့်သုံးစဉ်ကာလတွင် ဖြစ်ပေါ်ခဲ့သည့် မကျေနပ်ချက်များကို ဒီမိုကရေစီစနစ်ကျင့်သုံးချိန်တွင် အတိတ်၊ ပစ္စုပ္ပန်ရောထွေး၍ အတိုက်အခံပြုလုပ်ခြင်းများ ဖြစ်ပေါ်စေခဲ့သည်ဟု သင်ခန်းစာဖော်ထုတ်ရရှိခဲ့ကြောင်း။

ထို့နောက် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲတွင် NLD ပါတီက အနိုင်ရရှိခဲ့ပြီး ဒီမိုကရေစီဒုတိယအစိုးရအဖြစ် ဆောင်ရွက်ခဲ့ကြောင်း၊ ထိုသို့ တာဝန်ယူဆောင်ရွက်ချိန်တွင် ၎င်းတို့အပေါ် ပြည်သူလူထုမှ များစွာမျှော်လင့်ထားခဲ့သော်လည်း စီမံခန့်ခွဲမှုအတွေ့အကြုံအားနည်းမှုများ၊ ယခင်အစိုးရ၏လုပ်ဆောင်မှုများကို အတိုက်အခံဆောင်ရွက်မှုများကြောင့် စီးပွားရေးအရ အားနည်းချက်များဖြစ်ပေါ်ခဲ့ကြောင်း၊ စတင်တာဝန်ယူစဉ် ၂၀၁၅-၂၀၁၆ ခုနှစ် ကာလအတွင်း ပြည်ပအကူအညီများ များစွာရရှိခဲ့ပြီး နိုင်ငံ့စီးပွားရေး အားကောင်းခဲ့သော်လည်း နောက်ပိုင်းတွင် စီမံခန့်ခွဲမှုအားနည်းခြင်း၊ ပြည်ပနိုင်ငံများမှ အထောက်အပံ့များဖြင့်သာ စီးပွားရေးလည်ပတ်လျက်ရှိပြီး ပြည်တွင်းစီးပွားရေးအားပေးမှုမရှိခြင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုများ မရှိခြင်း၊ နိုင်ငံ၏ ပကတိအခြေအနေနှင့် မကိုက်ညီသည့် နိုင်ငံခြားသားအကြံပေးများ၏ အကြံဉာဏ်များအတိုင်း ဩဇာခံဆောင်ရွက်ခဲ့ခြင်းတို့ကြောင့် နိုင်ငံ့စီးပွားရေးကျဆင်းခဲ့ကြောင်း၊ လုပ်ဆောင်မှုအားနည်းချက်များ၊ စီမံခန့်ခွဲမှုအားနည်းချက်များကြောင့် ပြည်သူလူထုမှလည်း ၎င်းတို့အပေါ် အယုံအကြည်အားနည်းလာသဖြင့် ၎င်းတို့အနေဖြင့် ၂၀၂၀ ပြည့်နှစ် ရွေးကောက်ပွဲတွင် အနိုင်ရရှိနိုင်ရန် စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်ခဲ့ပြီး မဲမသမာမှုများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်ဟု သုံးသပ်ရရှိကြောင်း။

**စီးပွားရေးဆိုင်ရာ**

စီးပွားရေးပိုင်းနှင့်ပတ်သက်၍ ကုန်သွယ်မှုတွင် ၂၀၁၁ - ၂၀၁၂ ခုနှစ်တွင် အမေရိကန်ဒေါ်လာ ၁၀၀ မီလီယံ အပိုရှိခဲ့ကြောင်း၊ ထို့နောက် ၂၀၁၂ ခုနှစ် နောက်ပိုင်း ကုန်သွယ်မှုလိုငွေများသာ ပြခဲ့ကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှု မရှိခြင်း၊ ရောင်းကုန်ပစ္စည်းမရှိခြင်းတို့ကြောင့် ကုန်သွယ်မှုလိုငွေပြရခြင်းဖြစ်ကြောင်း၊ ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားမပေးဘဲ ပြည်ပအကူအညီများနှင့် non-trade မှ ရရှိသည့်ငွေများဖြင့် ဆောင်ရွက်ခဲ့ခြင်းကြောင့်ဖြစ်ကြောင်း၊ အရေးကြီးသည်မှာ မိမိတို့နိုင်ငံ၌ အလုပ်သေချာလုပ်ဆောင်ခဲ့ခြင်း မရှိခြင်းကြောင့်ဖြစ်ကြောင်း၊ ပိုင်ဆိုင်ထားသည့် စိုက်ပျိုးမြေများအပါအဝင် ဖြစ်နိုင်ခြေရှိသည်များကို အကျိုးရှိရှိ စနစ်တကျအသုံးချနိုင်ခြင်းမရှိခဲ့ခြင်းကြောင့်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးတွင် ပန်းတိုင်ရည်မှန်းချက်များရရှိအောင် ဆောင်ရွက်နိုင်မှုမရှိခြင်းကြောင့် ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်မှုမရှိခြင်းဖြစ်ကြောင်း၊ ထုတ်ကုန်ပစ္စည်းများမရှိပါက ရောင်းကုန်ပစ္စည်းများလည်း ရရှိမည်မဟုတ်ဘဲ ဝင်ငွေရရှိမည်မဟုတ်ကြောင်း၊ ထို့ပြင် သီးထပ်စွမ်းအားပြည့်မီမှုမရှိခြင်းကြောင့်လည်း နိုင်ငံ့ဝင်ငွေလျော့နည်းခဲ့ရကြောင်း၊ ပန်းတိုင်ရည်မှန်းချက်ပြည့်မီမှုမရှိခြင်းနှင့် သီးထပ်စွမ်းအား ပြည့်မီမှုမရှိခြင်းကြောင့် နိုင်ငံ့ဝင်ငွေတစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ၂၀ ဘီလီယံခန့်လျော့နည်းထိခိုက်နစ်နာလျက်ရှိနေ

- **မိမိအနေဖြင့် အနာဂတ်ပညာတတ်လူငယ်များ များပြားလာစေရန် ရည်ရွယ်၍ ပညာရေးဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးတို့နှင့် တိုင်ပင်ဆွေးနွေး၍ Polytechnic တက္ကသိုလ်များ ဖွင့်လှစ်နိုင်ရေးဆောင်ရွက်ခဲ့ရာ ယခုအချိန်တွင် Polytechnic တက္ကသိုလ် ၈ ခု ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ဆက်လက်၍လည်း ဖွင့်လှစ်ပေးသွားမည်ဖြစ်**
- **ထို့အတူ ဒီမိုကရေစီနိုင်ငံတည်ဆောက်ရာတွင် ဥပဒေဆိုင်ရာ၊ စီးပွားရေးဆိုင်ရာများနှင့်ပတ်သက်၍ သိရှိရန်လိုအပ်သဖြင့် တက္ကသိုလ်အားလုံးတွင် စီးပွားရေးနှင့်ဥပဒေပညာရပ် သင်ကြားပေးနိုင်ရေး BA (Law) နှင့် BA (Eco) ဘွဲ့များ သင်ကြားနိုင်ရေးဆောင်ရွက်ပေးခဲ့**

သည်ကို တွက်ချက်မှုများအရ တွေ့ရှိရကြောင်း၊ ယင်းတို့ကို ပြည့်မီအောင်ဆောင်ရွက်နိုင်မည်ဆိုပါက ရောင်းကုန်ပစ္စည်းများရရှိမည်ဖြစ်ပြီး ကုန်သွယ်မှုလိုငွေများ ရှိနိုင်မည်မဟုတ်ကြောင်း၊ ထိုသို့ ဆောင်ရွက်ခြင်းမရှိခဲ့သည့်အတွက် နိုင်ငံ့စီးပွားရေး အားနည်းရခြင်းဖြစ်သဖြင့် နိုင်ငံ့စီးပွားရေးကို ထိထိရောက်ရောက် အားပေးဆောင်ရွက်သွားရမည်ဖြစ်သည်ဟု ပြောကြားလိုကြောင်း။

**ပညာရေးနှင့်ကျန်းမာရေးဆိုင်ရာ**

စီးပွားရေးအရ အားနည်းချက်များရှိနေရခြင်းမှာ စီးပွားရေးလုပ်ဆောင်နိုင်မည့် အတတ်ပညာများ အားနည်းရခြင်းကြောင့်ဖြစ်ကြောင်း၊ အတတ်ပညာသည် အတန်းပညာကိုအခြေခံ၍ ဆောင်ရွက်ရသည်ဖြစ်သဖြင့် မိမိတို့အနေဖြင့် ပညာရေးကို မဖြစ်မနေ အားပေးဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ကိန်းဂဏန်းအချက်အလက်များအရ မိမိတို့အနေဖြင့် ပညာရေးဆိုင်ရာပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် **မိမိတို့အစိုးရအနေဖြင့် ကျောင်းနေအရွယ်ကလေးအားလုံး KG+ 9 အထိ မသင်မနေရ ပညာရေးအဖြစ် ရဲရဲဝံ့ဝံ့ဆုံးဖြတ်လုပ်ကိုင်ဆောင်ရွက်ခဲ့ခြင်းဖြစ်**ကြောင်း၊ နောင်လာမည့် အစိုးရသစ်လက်ထက်တွင်လည်း ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ အတန်းပညာအပြင် စည်းကမ်းနှင့် တိုင်းချစ်ပြည်ချစ်စိတ်များ၊ အမျိုးဂုဏ်၊ ဇာတိဂုဏ် ထိန်းသိမ်းလိုသည့် စိတ်ဓာတ်များလည်းရှိရန် လိုအပ်မည်ဖြစ်ကြောင်း၊ "အမျိုးသားစည်းကမ်းအစ စာသင်ကျောင်းက" ဟူသည့် ဆောင်ပုဒ်နှင့်အညီ ကျောင်းနေခဲ့ရသူများအနေဖြင့် အခြေခံအားဖြင့် စိတ်ဓာတ်၊ စည်းကမ်းကောင်းမွန်သူများဖြစ်ကြပြီး ကျောင်းနေခဲ့ရခြင်းမရှိသူများအနေဖြင့် စိတ်ဓာတ်၊ စည်းကမ်းပိုင်းဆိုင်ရာများတွင် အားနည်းချက်များရှိမည်ဖြစ်ကြောင်း။

၂၀၁၉ ခုနှစ် ကြားဖြတ်လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းများအရ အခြေခံပညာအဆင့်ကျောင်းနေရာခိုင်နှုန်းမှာ နည်းပါးလျက်ရှိသည်ကို တွေ့ရကြောင်း၊ သို့ဖြစ်၍ ပညာရေးနှင့်ပတ်သက်၍ အားနည်းချက်ရှိနေသည်ကို တွေ့ရပြီး ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်မှုမရှိပါက အနာဂတ်တွင် တိုင်းပြည်ဒုက္ခရောက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် ပညာရေးနှင့်ပတ်သက်၍ အထူးအလေးထား တွန်းအားပေးဆောင်ရွက်ခဲ့ကြောင်း။

ပြီးခဲ့သည့် ရက်ပိုင်းအတွင်းတွင် နောင်ချိုဒေသ၌ တိုက်ပွဲများမရှိတော့သည့်အတွက် စာသင်ကျောင်းများ အမြန်ဆုံးဖွင့်လှစ်သင်ကြားနိုင်ရေး အထူးအလေးထားဆောင်ရွက်ရန် တိုက်တွန်းလုပ်ဆောင်ခဲ့ကြောင်း၊ ကျောင်းနေအရွယ်ကလေးအားလုံး ပညာသင်ကြားနိုင်ရေးကို အလေးထားဆောင်ရွက်ရန် တိုက်တွန်းခဲ့ပြီး ယခုချိန်တွင် ကျောင်းသား ကျောင်းသူ ၁၂၀၀ ခန့် ပညာသင်ကြားနေသည်ဟု သိရသည့်အတွက် များစွာဝမ်းမြောက်ပါကြောင်း၊ ထို့အတူ ချင်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့မှ အချို့သော စာသင်ကျောင်းများသည်လည်း အကြောင်းအမျိုးမျိုးကြောင့် ဖွင့်လှစ်နိုင်မှုမရှိသေးသည့်အတွက် ကျောင်းနေအရွယ်ကလေးငယ်များအနေဖြင့် ထိခိုက်နစ်နာလျက်ရှိကြောင်း၊ ထို့ကြောင့် ပညာရေးနှင့်ပတ်သက်၍ ထိထိရောက်ရောက်ဆောင်ရွက်ရန်လိုကြောင်း၊ မိမိတို့အစိုးရလက်ထက်တွင် ပညာရေးနှင့်ပတ်သက်၍ စာသင်ကျောင်းအရေးအတွက်၊ ပညာရေးဝန်ထမ်း အရေးအတွက် ဆိုင်ရာများ လေ့လာဖော်ထုတ်ခဲ့ကြောင်း၊ တက္ကသိုလ်ကျောင်းများတွင် ဆရာ ဆရာမ ခန့်အပ်ထားမှုများရှိသော်လည်း တက်ရောက်သည့် ကျောင်းသားအရေအတွက်နည်းသည်ကို တွေ့ရှိရသည့်အတွက် အုပ်ချုပ်မှုစရိတ်များပြားသည်ကို တွေ့ရကြောင်း၊ ထို့ကြောင့် မိမိအနေဖြင့် အနာဂတ်ပညာတတ်လူငယ်များ များပြားလာစေရန်ရည်ရွယ်၍ ပညာရေးဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးတို့နှင့်တိုင်ပင်ဆွေးနွေး၍ Polytechnic တက္ကသိုလ်များ ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်ခဲ့ရာ ယခုအချိန်တွင် Polytechnic တက္ကသိုလ် ၈ ခု ဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်ကြောင်း၊ ဆက်လက်၍လည်း ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း၊ ထို့အတူ ဒီမိုကရေစီနိုင်ငံတည်ဆောက်ရာတွင် ဥပဒေဆိုင်ရာ၊ စီးပွားရေးဆိုင်ရာများနှင့်ပတ်သက်၍ သိရှိရန်လိုအပ်သဖြင့် တက္ကသိုလ်အားလုံးတွင် စီးပွားရေးနှင့်ဥပဒေပညာရပ် သင်ကြားပေးနိုင်ရေး BA (Law) နှင့် BA (Eco) ဘွဲ့များ သင်ကြားနိုင်ရေး ဆောင်ရွက်ပေးခဲ့ကြောင်း။

အလားတူ စိုက်ပျိုးမွေးမြူရေးနှင့် ပတ်သက်၍ အခြေခံပညာ အလယ်တန်းအဆင့် တတ်မြောက်ပြီးသူများ တက်ရောက်နိုင်ရေးအတွက် စက်မှုစိုက်ပျိုးရေးနှင့်မွေးမြူရေး အခြေခံပညာအထက်တန်းကျောင်းများ ၈၆ ကျောင်း ဖွင့်လှစ်နိုင်ခဲ့ပြီးဖြစ်ကြောင်း၊ ဆက်လက်၍လည်း ခရိုင်အဆင့်အားလုံး ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ပြီး စိုက်ပျိုးမွေးမြူရေးကျောင်းများအပြင် ကောလိပ်အဆင့်မှတစ်ဆင့် တက္ကသိုလ်အဆင့်ထိ တိုးချဲ့ဖွင့်လှစ်သင်ကြားနိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အတတ်ပညာနှင့် ပတ်သက်၍ ပညာရေးကိုအခြေခံသည့်အတတ်ပညာများ ဆည်းပူးနိုင်စေရန် လိုအပ်ကြောင်း၊ **အကြမ်းဖက်သောင်းကျန်းသူများ အနေဖြင့် စာသင်ကျောင်းများတွင် ပညာသင်ကြားနိုင်မှု မရှိအောင်ဆောင်ရွက်ခြင်းနှင့် ဆေးရုံ၊ ဆေးခန်းများ မဖွင့်နိုင်အောင်၊ စီးပွားရေး မလုပ်နိုင်အောင် ဆောင်ရွက်ခြင်းသည် ဒေသခံပြည်သူများ၏ ကျန်းမာရေး၊ ပညာရေး၊ စီးပွားရေး ထိခိုက်စေရန်နှင့် ဒေသခံပြည်သူများ၏ဘဝများ ပျက်စီးအောင်ဆောင်ရွက်နေခြင်းသာဖြစ်**ကြောင်း၊ ပညာရေးနှင့်ကျန်းမာရေးအပေါ် ထိခိုက်ပျက်စီးအောင် နှောင့်ယှက်နေသည့် လက်နက်ကိုင်သောင်းကျန်းသူများသည် ပြည်သူလူထု၏ အနာဂတ်ဘဝများကို အသိပညာမဲ့စွာရိုက်ချိုးဖျက်ဆီးနေမှုများဖြစ်ကြောင်း၊ မိမိတို့အစိုးရအနေဖြင့် အနာဂတ်မျိုးဆက်သစ်လူငယ်များ ပညာရည်မြင့်မားရေးအတွက် ပညာရေးကိုအလေးထားဆောင်ရွက်နေသကဲ့သို့ နောင်လာမည့် အစိုးရသစ်လက်ထက်တွင်လည်း ပညာရေးကို အားပေးဆောင်ရွက်စေရန် တိုက်တွန်းလိုကြောင်း။

လူတိုင်းသည် ကျန်းကျန်းမာမာဖြင့် အသက်ရှည်ကျန်းမာခြင်းကို လိုလားကြကြောင်း၊ မိမိတို့နိုင်ငံ၏ မျှော်မှန်းသက်တမ်းသည် ၆၉ နှစ်ဖြစ်ပြီး အာဆီယံနိုင်ငံများနှင့် အိမ်နီးချင်းနိုင်ငံများတွင် အားနည်းသည့်နိုင်ငံတစ်ခုဖြစ်ကြောင်း၊ အသက်ရှည်ကျန်းမာရေးနှင့်ပတ်သက်၍ ကောင်းမွန်သည့် နေထိုင်စားသောက်မှုပုံစံရှိရန်လိုအပ်မည်ဖြစ်ပြီး ဈေးနှုန်းသက်သာစွာဖြင့် ပြည့်ဝစွာစားသောက်နိုင်အောင် ဖော်ဆောင်ပေးနိုင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံ့စီးပွားရေးကို အားကောင်းလာအောင်ဆောင်ရွက်ပေးနိုင်မည်ဆိုပါက ပြည်သူတစ်ဦးချင်းစီအလိုက် ဝင်ငွေတိုးတက်လာမည်ဖြစ်ပြီး ပြည့်ပြည့်ဝဝ ဝယ်ယူစားသုံးနိုင်မည်ဖြစ်ကြောင်း၊ ၂၀၂၄ ခုနှစ် သန်းခေါင်စာရင်းကောက်ယူမှုအရ မိမိတို့နိုင်ငံအတွင်းနေထိုင်သူ လူဦးရေ ၅၁ ဒသမ ၃ သန်းကျော်ခန့်ရှိပြီး အလုပ်သမားဝန်ကြီးဌာန၏ စာရင်းအရ ပြည်ပ၌အလုပ်လုပ်ကိုင်နေသူ ၃ ဒသမ ၄ သန်းခန့်ရှိသဖြင့် နိုင်ငံ၏ စုစုပေါင်းလူဦးရေမှာ ၅၄ သန်းကျော်ရှိကြောင်း၊ ၎င်းလူဦးရေ၏ ၇၀ ရာခိုင်နှုန်းသည် ကျေးလက်နေပြည်သူများဖြစ်ကြကြောင်း၊ **ကျေးလက်နေသူများအနေဖြင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အဓိက ဆောင်ရွက်နေသူများဖြစ်သဖြင့် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ မြင့်မားရေးကို ဖော်ဆောင်ပေးနိုင်မည်ဆိုပါက နိုင်ငံ့စီးပွားရေးသည်လည်း တိုးတက်လာနိုင်မည်ဖြစ်ပြီး ဆင်းရဲမွဲတေမှုကိုလည်း လျှော့ချနိုင်မည်ဖြစ်**ကြောင်း၊ ထို့ကြောင့် မိမိတို့အနေဖြင့် ကျေးလက်စီးပွားရေးမြှင့်တင်ရေးကို အလေးပေးဆောင်ရွက်ခဲ့ပြီး နောင်တွင် တာဝန်ထမ်းဆောင်သွားမည့် အစိုးရအနေဖြင့်လည်း ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝမြှင့်တင်ခြင်းကို ဆက်လက်ဆောင်ရွက်သွားရန် လိုကြောင်း။

၂၀၁၄ ခုနှစ်တွင် ကမ္ဘာ့ဘဏ်၏ တွက်ချက်မှုအရ မြန်မာနိုင်ငံ၏ ဆင်းရဲမွဲတေမှုနှုန်းသည် ၂၁ ဒသမ ၆ ရာခိုင်နှုန်းဖြစ်ပြီး ၂၀၂၄ ခုနှစ်တွင် ၄၉ ရာခိုင်နှုန်းဖြစ်သည်ဟု ထုတ်ပြန်ခဲ့ကြောင်း၊ အစိုးရအဆက်ဆက်တွင်လည်း နိုင်ငံ၏ ဆင်းရဲမွဲတေမှုလျှော့ချနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့သည်များရှိကြောင်း၊ သို့ဖြစ်၍ လက်တွေ့ကျသည့်လုပ်ငန်းမှာ ကျေးလက်စီးပွားရေးမြှင့်တင်ပေးခြင်းဖြစ်သည့်အတွက် မိမိတို့ အစိုးရလက်ထက်တွင် တွန်းအားပေးဆောင်ရွက်ခဲ့သကဲ့သို့ အစိုးရသစ်လက်ထက်တွင်လည်း စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းများကို အားပေးဆောင်ရွက်စေလိုကြောင်း၊ မွေးမြူရေးလုပ်ငန်းအနေဖြင့် ကြက်၊ ဝက်၊ ဆိတ်၊ နွား၊ ငါးတို့သည် မိမိတို့နိုင်ငံ ရေမြေသဘာဝနှင့် ကိုက်ညီသည့်မွေးမြူရေးလုပ်ငန်းများ ဖြစ်ကြောင်း။

မိမိတို့နိုင်ငံသည် ဆန်အဓိကထား စားသုံးသော်လည်း စားသောက်မှုပုံစံပြောင်းလဲ၍ ဂျုံကိုလည်း တွဲဖက်စားသုံးသင့်ကြောင်း၊ လက်ရှိ ကမ္ဘာ့နိုင်ငံအများစုတွင်လည်း ဂျုံကိုပြောင်းလဲစားသုံးလာကြသည်ကို တွေ့ရကြောင်း၊ ပြည်ပမှ ဂျုံတင်သွင်းမှုအနေဖြင့် တစ်နှစ်လျှင် တန်ချိန် ၅ သိန်းခန့်ရှိသည်ကို တွေ့ရကြောင်း၊ မြန်မာနိုင်ငံတွင် ဂျုံစိုက်ပျိုးမှုအနေဖြင့် ဧကပေါင်း ၁ ဒသမ ၃ သိန်း စိုက်ပျိုးလျက်ရှိပြီး ဂျုံလိုအပ်ချက် တန်ချိန် ၅ သိန်းရရှိရေးအတွက် ဆိုပါက စိုက်ပျိုးဧက ၆ သိန်းနီးပါး ထပ်မံစိုက်ပျိုးရမည်ဖြစ်ကြောင်း၊ ဂျုံစိုက်ပျိုးရေးအတွက် တောင်သူများကိုလည်း အားပေးဆောင်ရွက်ရန်လိုကြောင်း၊ ဝါစိုက်ပျိုးမှုအနေဖြင့် လက်ရှိအချိန်တွင် ဧက ၅ သိန်းခန့် စိုက်ပျိုးနေကြောင်း၊ ပြည်တွင်း ဝါလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်သည့်အပြင် ပိုလျှံသည်များကိုလည်း ပြည်ပပို့ကုန်အဖြစ် တင်ပို့နိုင်ရေးဆောင်ရွက်ရန်လိုကြောင်း၊

*စာမျက်နှာ ၅ သို့*

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္မဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အစမ္မဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

## ❍ ရောဝတီမြစ်နှင့် ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်ရှိ စိုက်ပျိုးမြေ ၆ ဒသမ ၃၉ သန်း ဧကမြေနေရာများတွင် သီးထပ်စိုက်ပျိုးနိုင်ပါက ရွှေပုံပေါ်တွင် ထိုင်နေသည့် တိုင်းပြည်အဖြစ် ခိုင်ခိုင်မာမာရပ်တည်နိုင်မည်ဖြစ်သဖြင့် အမှန်တကယ်အလုပ်လုပ်ရန်လို

*စာမျက်နှာ ၄ မှ*

ဝါစိုက်ပျိုးနိုင်ခြင်းကြောင့် ဝါကို အခြေခံသည့် ထုတ်ကုန်များ ထုတ်လုပ်နိုင်မည်ဖြစ်သည့်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းလိုကြောင်း၊ ဝါးနှင့်ပတ်သက်၍လည်း မိမိတို့နိုင်ငံတွင် နှစ်စဉ် ဝါးတန်ချိန် များစွာထွက်ရှိနေသဖြင့် ဝါးကို အခြေခံသည့်ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်ရန် လိုကြောင်း၊ ပြည်တွင်းလိုအပ်ချက်ဖြစ်သည့် စက္ကူ၊ အသုံးအဆောင်ပစ္စည်းများ ထုတ်လုပ်မည်ဆိုပါက များစွာအသုံးဝင်သည့်အတွက် ကြိုးစားလုပ်ဆောင်စေလိုကြောင်း၊ မိမိတို့နိုင်ငံတွင် သဘာဝမှ ပေးထားသည့်အရင်းအမြစ်များ များစွာရှိပြီး အမှန်တကယ် အလုပ်လုပ်၍ အကျိုးရှိရှိ အသုံးချနိုင်မည်ဆိုပါက နိုင်ငံဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်ကြောင်း၊ အလုပ်အကိုင် ဖန်တီးပေးနိုင်ရေးအတွက်မှာ အစိုးရမှဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ စိုက်ပျိုးရေးတွင် ရေရရှိရေးအတွက် မြစ်ရေတင်စီမံကိန်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း၊ မြစ်ရေတင်စီမံကိန်းအတွက် လိုအပ်သည့် လျှပ်စစ်စွမ်းအင်ကို ဆိုလာစနစ်ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ပေးခဲ့ကြောင်း၊ **ရောဝတီမြစ်နှင့် ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်ရှိ စိုက်ပျိုးမြေ ၆ ဒသမ ၃၉ သန်း ဧကမြေနေရာများတွင် သီးထပ်စိုက်ပျိုးနိုင်ပါက ရွှေပုံပေါ်တွင် ထိုင်နေသည့်တိုင်းပြည်အဖြစ် ခိုင်ခိုင်မာမာရပ်တည်နိုင်မည်ဖြစ်သဖြင့် အမှန်တကယ်အလုပ်လုပ်ရန်လိုကြောင်း။**

မိမိတို့အနေဖြင့် တာဝန်ထမ်းဆောင်ခဲ့သည့် ၄ နှစ်တာကာလအတွင်း လုပ်ငန်းရပ်များအားလုံးကို ကြိုးပမ်းဆောင်ရွက်ခဲ့ကြပြီး အောင်မြင်သည်များ ရှိသကဲ့သို့ အားနည်းချက်များလည်း ရှိခဲ့ကြောင်း၊ စတင်တာဝန်ယူစဉ်က ပညာရေးနှင့် ကျန်းမာရေး ဝန်ထမ်းများအပါအဝင် နိုင်ငံ့ဝန်ထမ်းများ လုပ်ငန်းခွင်စွန့်ခွာမှု DCS လုပ်ဆောင်မှုများရှိခဲ့သဖြင့် အခက်အခဲ၊ အကျပ်အတည်းများစွာနှင့် ရင်ဆိုင်ခဲ့ကြရကြောင်း၊ သို့သော်လည်း မိမိတို့အနေဖြင့် ထိုကဲ့သို့သော အခက်အခဲအကျပ်အတည်းများကြားမှ ယနေ့အခြေအနေသို့ပြန်လည်ရောက်ရှိအောင် ဆောင်ရွက်နိုင်ခဲ့ကြပြီး ယင်းအတွေ့အကြုံများကို သင်ခန်းစာယူ၍ နောင်လာမည့်အစိုးရအတွက် အခြေခံအုတ်မြစ်ကောင်းကို ချပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း။

### ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး

နိုင်ငံရေးနှင့်ပတ်သက်၍ ပြီးခဲ့သည့် လွှတ်တော်အတွေ့အကြုံများအရ လွှတ်တော်နှင့်ပတ်သက်၍ ယခုထက်ပိုမိုစနစ်တကျဖြစ်သင့်သည်ဟု မိမိအနေဖြင့် ထင်မြင်ယူဆမိကြောင်း၊ **လွှတ်တော်သည် ဥပဒေပြုသည့်သူများ၏နေရာဖြစ်သဖြင့် အခြေခံအားဖြင့် ပညာရေးကောင်းမွန်ပြီး စဉ်းစားဆင်ခြင်နိုင်စွမ်းကောင်းမွန်သည့်သူများဖြစ်ရန် လိုအပ်မည်ဖြစ်**ကြောင်း၊ ထို့ကြောင့် ဥပဒေပြင်ဆင်ချက်များကိုလည်းထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း၊ ဒီမိုကရေစီနိုင်ငံတွင် ရွေးကောက်ပွဲသည် အဓိကကျကြောင်း၊ လာမည့် ဒီဇင်ဘာလတွင် ရွေးကောက်ပွဲကိုကျင်းပသွားမည်ဖြစ်ပြီး မဲပေးပိုင်ခွင့်ရှိသူများအားလုံး မဲပေးနိုင်ရေး အတတ်နိုင်ဆုံးဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် မဲပေးနိုင်ရန် အခက်အခဲရှိသူများအတွက်လည်း ကြိုတင်မဲများပေးနိုင်ရေးအတွက်လည်း ဥပဒေထုတ်ပြန်ပြီးဖြစ်ကြောင်း၊ **နိုင်ငံ၏အကျိုးအတွက် မဲပေးပိုင်ခွင့်ရှိသူများအားလုံး အမှန်တကယ်မဲပေးကြရန်အတွက်လည်း တာဝန်ရှိသူအဆင့်ဆင့်မှ နှုတ်အားဖြင့်သော်လည်းကောင်း၊ ကိုယ်အားဖြင့်သော်လည်းကောင်း၊ အားလုံးဝိုင်းဝန်းကူညီကြိုးစား၍ တိုက်တွန်းစည်းရုံးဆောင်ရွက်ပေးရန်လို**ကြောင်း၊ ဆန္ဒမဲပေးခြင်း မပေးခြင်းသည် မဲဆန္ဒရှင်များ၏တာဝန်ဖြစ်ပြီး မဲပေးနိုင်အောင် ဆောင်ရွက်ပေးရမည်မှာ အစိုးရ၏ တာဝန်ပင်ဖြစ်ကြောင်း၊ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် မဲပေးပိုင်ခွင့်ရှိသူ အားလုံး မဲပေးနိုင်ရေးအရေးကြီးသကဲ့သို့ ၂၀၂၀ ပြည့်နှစ်တွင် ကျင်းပခဲ့သည့် ရွေးကောက်ပွဲကဲ့သို့ မဲမသမာမှုများ မဖြစ်ပေါ်စေရေး၊ ရွေးကောက်ပွဲအား မလိုလား၍ ဖျက်ဆီးမည့်သူများအန္တရာယ်မှ ကာကွယ်တားဆီးပေးနိုင်ရန် လိုအပ်ကြောင်း၊ ထိုသို့ ကာကွယ်တားဆီးပေးနိုင်ရန်အတွက် တပ်မတော်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား တာဝန်ပေးအပ်ဆောင်ရွက်ခြင်း၊ လိုအပ်ချက်အရ ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းခဲ့ပြီး ဆောင်ရွက်ခြင်း၊ ပြည်သူ့လုံခြုံရေး၊ ကာကွယ်ရေးနှင့် အကြမ်းဖက်နှိမ်နင်းရေးအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်း၊ ပြည်သူ့စစ်အဖွဲ့များ ဖွဲ့စည်းဆောင်ရွက်ခြင်းများရှိသော်လည်း ၎င်းတို့ဖြင့် မလုံလောက်ဘဲ ပြည်သူလူထုတစ်ရပ်လုံးမှလည်း တတ်စွမ်းသရွေ့ ဝိုင်းဝန်းကူညီ ကြိုးစားပူးပေါင်းဆောင်ရွက်ပေးမှသာလျှင် ရွေးကောက်ပွဲအောင်မြင်အောင် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး မိမိတို့ မျှော်မှန်းထားသည့် လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ၄ နှစ်ကျော်ကာလတာဝန်ထမ်းဆောင်မှုနှင့်ပတ်သက်၍ **"ကျွန်တော်တို့ ဒီကာလပေါ့၊ ၄ နှစ်ခွဲတာကာလအတွင်းမှာ လုပ်ငန်းအရပ်ရပ်အားလုံးကို အခက်အခဲပေါင်းစုံကနေပြီးတော့ ရင်ဆိုင်ကျော်လွှားပြီး ဒီလိုလက်ရှိ အခြေအနေမျိုးဖြစ်လာတဲ့အထိ ဝိုင်းဝန်းဆောင်ရွက်ပေးမှုများအတွက် တက်ရောက်လာကြတဲ့ လုပ်ဖော်ကိုင်ဖက်များအားလုံးကို ကျေးဇူးတင်ပါတယ်၊ နောင်မှာလည်း ဆက်လျှောက်ရမယ့်ခရီးစဉ်တွေမှာလည်း ကျွန်တော်တို့ ဒီလိုပဲ အောင်အောင်မြင်မြင်ဖြစ်အောင် ဝိုင်းဝန်းကူညီပေးကြဖို့လည်း ကျွန်တော်တိုက်တွန်းလိုပါတယ်၊ ဆက်လျှောက်လှမ်းမယ့်ခရီး၊ နိုင်ငံတော်ရဲ့ ရှေ့ခရီးကတော့ အများကြီးကျန်ပါသေးတယ်၊ ဒါတွေက ကျွန်တော်တို့က ဒုတိယစာမျက်နှာရဲ့အစ ဖြစ်ပါတယ်၊ ပထမစာမျက်နှာကတော့ ကျွန်တော်တို့ ကျော်ခဲ့ပြီးပြီ၊ ဒုတိယစာမျက်နှာ အစကို ကျွန်တော်တို့ သွားတာပေါ့၊ ဒုတိယစာမျက်နှာအစမှာ ကျွန်တော်တို့ တကယ့်ကောင်းမွန်လှတဲ့ လက်ရေးလှလှလေးနဲ့ရေးပြီးတော့မှ အောင်မြင်အောင်ဆောင်ရွက်ပေးနိုင်မယ်ဆိုရင်တော့ ကျွန်တော်တို့ရဲ့ အခက်အခဲပေါင်းစုံက ရင်ဆိုင်ပြီးတော့ လုပ်ရတဲ့ လုပ်ရကျိုးကနေ ပိုပြီး လုပ်ရကျိုးနပ်မယ်လို့ ကျွန်တော်ယုံကြည်ပါတယ်၊ အားလုံးပဲ အစစအရာရာ အောင်မြင်တိုးတက်ကြပါစေကြောင်း ဆုမွန်ကောင်း တောင်းပေးလိုက်ပါတယ်။ ကျေးဇူးလည်းအများကြီးတင်ပါတယ်"** ဟု ပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် တက်ရောက်လာကြသူများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဂုဏ်ပြုနေ့လယ်စာဖြင့် တည်ခင်းဧည့်ခံခဲ့ပြီး ဂုဏ်ပြုနေ့လယ်စာသုံးဆောင်နေစဉ်အတွင်း ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) ပြည်သူ့ဆက်ဆံရေးနှင့် စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက် မြဝတီတေးဂီတအဖွဲ့မှ တေးသံသာများဖြင့် တီးမှုတ်ဖျော်ဖြေခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## ဆိုက်ဘာလုံခြုံရေးဥပဒေ အာဏာတည်သည့်နေ့ရက်သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်ကြော်ငြာစာအမှတ် ၁၁၃ /၂၀၂၅
၁၃၈၇ ခုနှစ်၊ ဝါခေါင်လဆန်း ၆ ရက်
(၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်)

### ဆိုက်ဘာလုံခြုံရေးဥပဒေ အာဏာတည်သည့်နေ့ရက်သတ်မှတ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥပဒေအမှတ် ၁ / ၂၀၂၅ ဖြင့် ပြဋ္ဌာန်းခဲ့သော ဆိုက်ဘာလုံခြုံရေးဥပဒေသည် ၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၃၀ ရက်နေ့မှစတင်၍ အာဏာတည်စေရမည်ဖြစ်ကြောင်း ယင်းဥပဒေပုဒ်မ ၂ အရ သတ်မှတ်လိုက်သည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

◆ *ကျောဖုံးမှ*

ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ် တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးအထူးအဖွဲ့ ဥက္ကဋ္ဌများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**တရားမဝင်ကုန်ပစ္စည်း ဖမ်းဆီးရရှိမှု လစဉ်တိုးတက်များပြားလာ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် တရားမဝင်ကုန်သွယ်မှုများကို ထိရောက်စွာတိုက်ဖျက်ရန် ဦးဆောင်ကော်မတီကို ၂၀၂၂ ခုနှစ် ဇန်နဝါရီမှ စတင်ဖွဲ့စည်းခဲ့ပြီး လုပ်ငန်းညှိနှိုင်းအစည်းအဝေးများကို နှစ်လတစ်ကြိမ် ကျင်းပလာခဲ့သည်မှာ ယခုအခါ အကြိမ် (၂၀) မြောက်ရှိပြီဖြစ်ကြောင်း၊ ယခင်အစည်းအဝေး (၁၉) ကြိမ်အထိ ဆုံးဖြတ်ချက် ၆၅၃ ချက် ချမှတ်ဆောင်ရွက်နိုင်ခဲ့ကြောင်း၊ ယနေ့အစည်းအဝေး ကျင်းပရသည့် ရည်ရွယ်ချက် နှစ်ချက်ရှိကြောင်း၊ ပထမအချက်အနေဖြင့် နိုင်ငံတော်ဝန်ကြီးချုပ်က တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးကို ယခုထက်ပို၍ ထိထိမိမိဆောင်ရွက်ရန် မှာကြားခဲ့ကြောင်း၊ မှာကြားချက်အပေါ် မိမိတို့ကော်မတီအနေဖြင့်လည်း ယခုထက်ပို၍ ဖမ်းဆီးနိုင်ရေး ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် တရားမဝင်ကုန်သွယ်မှုနှင့်ပတ်သက်၍ မသမာမှုနည်းလမ်းပေါင်းစုံရှိနေမှုတို့ကို ဖော်ထုတ်ဖမ်းဆီး တိုက်ဖျက်နိုင်မှသာ တရားမဝင်ကုန်သွယ်မှုများသည် လျော့နည်းပပျောက်သွားမည်ဖြစ်ကြောင်း၊ တရားမဝင်ကုန်သွယ်မှုများနှင့်ပတ်သက်၍ လအလိုက် နေပြည်တော်ကောင်စီအပါအဝင် ပြည်နယ်နှင့်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့များ၏ တရားမဝင်ကုန်ပစ္စည်း ဖမ်းဆီးရရှိမှုသည် လစဉ်တိုးတက်များပြားလာကြောင်း၊ ထိုသို့ ဖမ်းဆီးရရှိမှုတိုးလာခြင်းသည် တရားမဝင်ကုန်ပစ္စည်းများ လအလိုက် နိုင်ငံအတွင်းသို့ နည်းလမ်းမျိုးစုံဖြင့် ဝင်ရောက်မှုများပြားနေခြင်းကိုလည်း ဖော်ပြနေကြောင်း၊ ထို့ကြောင့် တရားမဝင်ကုန်ပစ္စည်းများ ဝင်ရောက်မှုလုံးဝကင်းစင်သည်အထိ ယခုထက်ပိုမို၍ ကြပ်ကြပ်မတ်မတ် ဝိုင်းဝန်းဖော်ထုတ် ဖမ်းဆီးခြင်းများ ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း။

ဒုတိယအချက်အနေဖြင့် ပုံမှန်ကုန်သွယ်မှုနှင့် နယ်စပ်ကုန်သွယ်ရေး အချို့နေရာများ၌ ပို့ကုန်သွင်းကုန် မညီမျှမှုမဖြစ်စေရန်နှင့် ပို့ကုန်တန်ဖိုးနှင့် သွင်းကုန်တန်ဖိုး တန်းတူနီးပါး ညီမျှမှုရှိစေရန် ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ တရားမဝင်ကုန်ပစ္စည်းများ ဖမ်းဆီးတိုက်ဖျက်ရာတွင် နယ်မြေအခြေအနေအရ၊ လုံခြုံရေးအခြေအနေအရ နယ်စပ်ကုန်သွယ်ရေးစခန်းအချို့ကိုခေတ္တပိတ်ထားရကြောင်း၊ ထိုသို့ ပိတ်ထားရသည့်အတွက် Normal Trade ကို ရေလမ်းကြောင်းမှတစ်ဆင့် အဓိကဆောင်ရွက်လျက်ရှိပါကြောင်း၊ Normal Trade တွင်လည်း ပို့ကုန်နှင့်သွင်းကုန် စစ်ဆေးကြပ်မတ်မှုနှင့် စာရင်းမှန်ကန်မှုတို့တွင် ယိုပေါက်များရှိကြောင်း၊ အလားတူ နယ်စပ်ကုန်သွယ်ရေးကို ပိတ်ဆို့တားဆီးနေသော်လည်း နည်းမျိုးစုံဖြင့် တရားမဝင်တင်ပို့ခြင်း၊ တင်သွင်းခြင်းများ စသည်တို့တွင်လစ်ဟာနေသည့် ယိုပေါက်များရှိနေသေးကြောင်း၊ ဇူလိုင်လအတွင်း မိမိတို့ဦးဆောင်ကော်မတီသို့ သတင်းပေးတိုင်ကြားမှုကြောင့် မြဝတီနယ်စပ်ဘက်မှ တရားမဝင်ကုန်စည်များ တင်ဆောင်လာသည့် မော်တော်ယာဉ် ၁၄၄ စီးမှာ ဘားအံမြို့မှဖြတ်၍ ရန်ကုန်ဘက်သို့ ညအချိန် တရားမဝင်ဖြတ်သန်းသွားမှုအခြေအနေကိုသိရှိရ၍ ချက်ချင်းသက်ဆိုင်ရာအထူးအဖွဲ့များနှင့် OSS ဝန်ထမ်းများမှတစ်ဆင့် ပိတ်ဆို့ဖမ်းဆီးမှုကြောင့် ၁၃၂ စီးကို ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်အတွင်းမှ ပြန်လည်ဖမ်းဆီးနိုင်ခဲ့ကြောင်း။

ယင်းဖြစ်စဉ်နှင့် ဆက်စပ်လျက် သက်ဆိုင်ရာတာဝန်ကျ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပူးပေါင်းအဖွဲ့ဝင်များသည် တရားမဝင် တင်သွင်းလာသည့် ကုန်ပစ္စည်းများကို သိလျက်နှင့် ဖမ်းဆီးခြင်းမပြုခဲ့သလို မော်တော်ယာဉ်အလိုက် တင်ဆောင်လာသည့် တရားမဝင်ကုန်ပစ္စည်းစာရင်းများကိုလည်း မှန်မှန်ကန်ကန်စစ်ဆေးခြင်းမရှိဘဲ နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်အခများ အပြည့်အဝမရရှိစေသည့် မသမာသော လုပ်ဆောင်ချက်များဖြင့် ဝန်ထမ်းတစ်ဦးချင်းအပါအဝင် မိမိအဖွဲ့အစည်း၏ ကိုယ်ကျိုးစီးပွားအလို့ငှာ ဆောင်ရွက်ခဲ့ကြောင်းကိုလည်း နောက်ဆက်တွဲ ဖော်ထုတ်တွေ့ရှိရသည့်အတွက် ပြင်းပြင်းထန်ထန် အရေးယူသွားမည်ဖြစ်ကြောင်း၊ အစည်းအဝေးများတွင် တရားမဝင်ကုန်သွယ်မှုနှင့် ပတ်သက်၍ ဝန်ထမ်းများက ဥပဒေနှင့်အညီ မှန်မှန်ကန်ကန်ပြုလုပ်ကြရန် အမြဲမှာကြားထားပြီးဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်းတစ်ဦးချင်း၏ လုပ်ငန်းအပေါ်ထားရှိသည့် သစ္စာတရား၊ ဝန်ထမ်းဂုဏ်သိက္ခာနှင့် ထုတ်ပြန်ထားသည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာမှုမရှိခဲ့ကြသည့် ပါဝင်ပတ်သက်သူများကို ထိထိရောက်ရောက် အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် တစ်ဦးချင်း၏ အရေးကိစ္စများတွင် မိမိပါဝင်ပတ်သက်သည့် အဖွဲ့အစည်းနှင့် ယှဉ်လာပါက အဖွဲ့အစည်းကိုသာ ဦးစားပေးရမည်ဖြစ်ကြောင်း၊ အဖွဲ့အစည်းနှင့် နိုင်ငံတော်ယှဉ်လာပါက နိုင်ငံတော်၏ အရေးကိစ္စ၊ အကျိုးစီးပွားကိုသာ ဦးစားပေးရမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့် တရားမဝင်ကုန်သွယ်မှု လုပ်ဆောင်နေကြသူများ၏ အသုံးချခံမဖြစ်ကြစေလိုကြောင်း၊ ယင်းကိစ္စရပ်များကို သက်ဆိုင်ရာတာဝန်ရှိသူများအနေဖြင့်လည်း အမြဲမပြတ် အဆင့်ဆင့် ကြပ်မတ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း။

> ❖ **ဖမ်းဆီးရရှိခဲ့မှုသည် နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းရရှိခဲ့ခြင်းဖြစ်ပြီး ယခုကဲ့သို့ ဖမ်းဆီးရမိမှုများ တိုးတက်ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရသည့်အတွက် တာဝန်ရှိသူများ၏ ကြိုးပမ်းဆောင်ရွက်မှုများကို အသိအမှတ်ပြု**
>
> ❖ **ထိုသို့ ဖမ်းဆီးရမိခြင်းသည် တာဝန်ကျေပွန်စွာဖြင့် သစ္စာရှိရှိဆောင်ရွက်နေသည့် ဝန်ထမ်းများကြောင့်ဖြစ်သလို တစ်ဖက်ကလည်း မိမိကိုယ်ကျိုးစီးပွားကို ရှေ့တန်းတင်၍ မသမာသောလုပ်ရပ်များဖြင့် ပါဝင်ပတ်သက်နေသည့် သစ္စာမဲ့ဝန်ထမ်းများရှိသည့်အတွက် စိစစ်ဖော်ထုတ် အရေးယူသွားရမည်ဖြစ်**

**စနစ်တကျ ကြပ်မတ်ဆောင်ရွက်**

၂၀၂၅ ခုနှစ်၊ ဇူလိုင်လ ၂ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် နိုင်ငံတော်၏စီးပွားရေးတိုးတက်စေရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က **"MSMEs လုပ်ငန်းများအတွက်လည်း လိုအပ်သည့် ကုန်ကြမ်းများရရှိရေးမှာ အဓိကအရေးကြီးလိုအပ်ကြောင်း၊ ဒေသမှထွက်ရှိသည့် ထုတ်ကုန်ပစ္စည်းများကို အခြေခံသည့် MSMEs လုပ်ငန်းများကို ဦးစားပေးဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ တစ်ဖက်မှလည်း နယ်စပ်ဒေသများမှ တရားမဝင်ကုန်သွယ်မှုများ ပြုလုပ်ခြင်း၊ဒေသအလိုက်တရားမဝင်သယံဇာတများ ထုတ်ယူခြင်းများကြောင့် နိုင်ငံတော်အနေဖြင့် များစွာထိခိုက်စေလျက်ရှိ၍ တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးကို တိုင်းဒေသကြီး/ပြည်နယ်အစိုးရအဖွဲ့များအနေဖြင့် စနစ်တကျ ကြပ်မတ်ဆောင်ရွက်နေရန်လိုကြောင်း"** လမ်းညွှန်မှုပြုခဲ့ကြောင်း။

ဖမ်းဆီးရရှိမှုကို ကြည့်မည်ဆိုပါက ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလကနေ ၂၀၂၅ ခုနှစ်၊ ဇွန်လအထိ ၃နှစ်နှင့် ၆လတာကာလအတွင်း ဖမ်းဆီးရမိအမှုတွဲ ၂၅၂၃၁ မှု၊ ခန့်မှန်းတန်ဖိုးကျပ် ၆၆၃ ဒသမ ၉၁၉ ဘီလီယံ ဖမ်းဆီးရမိခဲ့ကြောင်း၊ ထိုသို့ ဖမ်းဆီးရရှိခဲ့မှုသည် နိုင်ငံတော်ဘဏ္ဍာငွေအဖြစ် သိမ်းဆည်းရရှိခဲ့ခြင်းဖြစ်ပြီး ယခုကဲ့သို့ ဖမ်းဆီးရမိမှုများ တိုးတက်ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရသည့်အတွက် တာဝန်ရှိသူများ၏ ကြိုးပမ်းဆောင်ရွက်မှုများကို အသိအမှတ်ပြုပါကြောင်း၊ ထိုသို့ဖမ်းဆီးရမိခြင်းသည် တာဝန်ကျေပွန်စွာဖြင့် သစ္စာရှိရှိဆောင်ရွက်နေသည့် ဝန်ထမ်းများကြောင့်ဖြစ်သလို တစ်ဖက်ကလည်း မိမိကိုယ်ကျိုးစီးပွားကို ရှေ့တန်းတင်၍ မသမာသောလုပ်ရပ်များဖြင့် ပါဝင်ပတ်သက်နေသည့် သစ္စာမဲ့ဝန်ထမ်းများရှိသည့်အတွက် စိစစ်ဖော်ထုတ် အရေးယူသွားရမည်ဖြစ်ကြောင်း။

ဖမ်းဆီးရရှိမှုများကို ကြည့်မည်ဆိုပါက မေလနှင့် ဇွန်လများအတွင်း ရန်ကုန်တိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့က အများဆုံး၊ ရှမ်းပြည်နယ်က ဒုတိယအများဆုံးနှင့် စစ်ကိုင်းတိုင်းဒေသကြီးက တတိယအများဆုံး ဖမ်းဆီးရမိခဲ့သည်ကို တွေ့ရှိရကြောင်း၊ ကုန်ပစ္စည်းအုပ်စုအလိုက် ဖမ်းဆီးရရှိမှုများကို စိစစ်ရာတွင် လိုင်စင်မဲ့မော်တော်ယာဉ်၊ တရားမဝင် ကုန်စည်တင်မော်တော်ယာဉ်နှင့် ရေယာဉ်ဖမ်းဆီးရရှိမှုများက အများဆုံးဖြစ်ပြီး၊ လုပ်ငန်းသုံးကုန်ကြမ်းပစ္စည်းများက ဒုတိယအများဆုံးနှင့် တတိယအများဆုံးက ရင်းနှီးမြှုပ်နှံမှုကုန်ပစ္စည်းများဖြစ်သည်ကို တွေ့ရှိရကြောင်း။

တရားဝင်လမ်းကြောင်းများမှ ဝင်ရောက်လာသည့် ဆောက်လုပ်ရေးသုံးပစ္စည်းများအပါအဝင် အခြားကုန်ပစ္စည်းများကို ဝန်ကြီးဌာနအလိုက် သတ်မှတ်ထားသည့် စံချိန်စံညွှန်း၊ အရည်အသွေးများ ကိုက်ညီမှုရှိရန် လိုအပ်သည့်အပြင် တာဝန်ကျဝန်ထမ်းများက စစ်ဆေးကြပ်မတ်ရမည်ဖြစ်ကြောင်း၊ စစ်ဆေးကြပ်မတ်ရမည့် ဝန်ထမ်းများကလည်း ဘာသာရပ်အလိုက် ကျွမ်းကျင်မှုရှိပြီး မျက်မြင်စစ်ဆေးခြင်းထက် ခေတ်မီ စက်ကိရိယာများဖြင့် စစ်ဆေးသွားရန်လိုကြောင်း၊ သို့မှသာ ဝင်ရောက်လာသည့် အရည်အသွေးပြည့်မီသည့် ပစ္စည်းများသည် အမှန်တကယ်သုံးစွဲမည့် ပြည်သူများလက်ဝယ်သို့ ရောက်ရှိအသုံးပြုနိုင်မည်ဖြစ်ကြောင်း။

**တရားမဝင်ကုန်သွယ်မှုများ ပုံစံမျိုးစုံဖြင့် ဆောင်ရွက်နေ**

တရားမဝင် ကုန်သွယ်မှုများသည် ကမ္ဘာ့နိုင်ငံအများစုတွင် အဓိကမူဝါဒရေးရာနှင့် လုပ်ထုံးလုပ်နည်းဆိုင်ရာ စိန်ခေါ်မှုတစ်ရပ်ကြုံတွေ့နေသည်ကို သိရှိရကြောင်း၊ တရားမဝင်ကုန်သွယ်မှုများသည် မြေပြင်တွင် တရားမဝင်နည်းလမ်းများနှင့် ကုန်သွယ်မှုပြုနေကြသကဲ့သို့ အွန်လိုင်းမှတစ်ဆင့်လည်း ပုံစံမျိုးစုံဖြင့် ဆောင်ရွက်နေကြသည်ကို တွေ့ရှိရကြောင်း၊ ထို့ကြောင့် တရားမဝင်ကုန်ပစ္စည်းများ ဝင်ရောက်မှုမရှိစေရေး တားဆီးစစ်ဆေးရာတွင် နည်းပညာအကူအညီရယူ၍ လိုအပ်သည့် သုတေသနလုပ်ငန်းများ ဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ တရားမဝင်ကုန်သွယ်မှုများကို နိုင်ငံတော်အတွက် တားဆီးတိုက်ဖျက်ရန် မိမိတို့ဦးဆောင်ကော်မတီနှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးတွင်ရှိသည့် တရားမဝင်ကုန်သွယ်မှု အထူးအဖွဲ့များ၊ ကော်မတီများအောက်တွင် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းအားလုံး၏ တာဝန်ဖြစ်ကြောင်း။

ဆက်လက်၍ ယခုဇူလိုင်လ ၁၇ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ ဝေါမြို့နယ်ရှိ ညောင်ခါးရှည်စစ်ဆေးရေးဂိတ်ကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့ပြီး သွင်းကုန် ယာဉ်စစ်ကွင်းတွင် ကုန်တင်မော်တော်ယာဉ်လေးစီးနှင့် ယာဉ်ငယ်များကို သီးခြားယာဉ်စစ်စင်ဖြင့် နှစ်စီး တစ်ပြိုင်နက်တည်း စစ်ဆေးနိုင်ခြင်း၊ ပို့ကုန်ယာဉ် စစ်ကွင်းတွင် ကုန်တင်မော်တော်ယာဉ်နှစ်စီးနှင့် ယာဉ်ငယ်များကို နှစ်စီး တစ်ပြိုင်နက်တည်း စစ်ဆေးနိုင်ခြင်းတို့ကြောင့် ယာဉ်ကြောပိတ်ဆို့မှုများ လျှော့ချနိုင်မည့်အပြင် စစ်ဆေးချိန်ကြာမြင့်မှုများကို လျှော့ချနိုင်ပြီဖြစ်ကြောင်း၊ အဆိုပါဂိတ်မှ တရားမဝင်ပစ္စည်းများကို နည်းမျိုးစုံဖြင့်တင်သွင်းရန် ကြိုးစားသော်လည်း ကျွမ်းကျင်ဝန်ထမ်းများ၏ စစ်ဆေးမှုကြောင့် လက်နက်ခဲယမ်းအပါအဝင် တရားမဝင်ကုန်ပစ္စည်းများကို ဖမ်းဆီးရမိခဲ့ကြောင်း၊ တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းများအနေဖြင့် မိမိအဖွဲ့အစည်းအကျိုး၊ နိုင်ငံတော်အကျိုးအတွက် သစ္စာရှိရှိ တာဝန်ထမ်းဆောင်ကြရန် ထပ်မံသတိပေးတိုက်တွန်းပြောကြားလိုကြောင်း၊ သတိပြုရန်အချက်မှာ လုံခြုံရေးအပိုင်းသည် အရေးကြီးသည့်အတွက် စစ်ဆေးရေးဂိတ်တွင် တာဝန်ထမ်းဆောင်နေကြသည့် ဝန်ထမ်းတစ်ဦးချင်းအနေဖြင့် လုံခြုံရေးအသိလုံခြုံရေးသတိရှိရန် လိုအပ်သလို အဖွဲ့အစည်း၏ လုံခြုံရေးကို နယ်မြေဒေသရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် စနစ်တကျ ပူးပေါင်းဆောင်ရွက်သွားကြရန် လိုကြောင်း။

နိုင်ငံတကာတွင် တရားမဝင်ကုန်သွယ်မှုနှင့်ပတ်သက်၍ Transnational Alliance to Combat Illicit Trade(TRACIT) နိုင်ငံဖြတ်ကျော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး မဟာမိတ်အဖွဲ့၏ ဖော်ပြချက်အရ တရားမဝင်ကုန်သွယ်မှုများသည် နှစ်စဉ် အမေရိကန်ဒေါ်လာ ၄၆၀ ဘီလီယံထက် မနိမ့်ကျဘဲ ဆက်လက်ဖြစ်ပွားနေသည်ကို သိရှိရကြောင်း၊ ယင်းသည် တရားမဝင် ငွေကြေးစီးဆင်းမှုမှတစ်ဆင့် သွားနေကြခြင်းဖြစ်သည့်အတွက် တရားမဝင်ကုန်သွယ်မှုများမရှိစေရေး တိတိကျကျ စစ်ဆေးဖော်ထုတ်သွားကြရမည်ဖြစ်ကြောင်း။

**စစ်ဆေးရေးအဖွဲ့များက သစ္စာရှိရှိ စစ်ဆေးဆောင်ရွက်**

အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှုလုပ်ငန်းများပြုလုပ်ရာတွင် တရားမဝင်ကုန်သွယ်မှုလုပ်ငန်းများရှိနေသည့်အတွက် နိုင်ငံတော်အတွက် အခွန်အခမှတစ်ဆင့် ဘဏ္ဍာငွေရရှိမှု များစွာနစ်နာ ဆုံးရှုံးမှုများရှိကြောင်း၊ ပြည်ပသို့ တင်ပို့သည့် ပို့ကုန်နှင့်ပြည်တွင်းသို့ တရားဝင်ဝင်ရောက်လာသည့် သွင်းကုန်မှာ ညီမျှမှုမရှိဘဲ ကွာခြားမှုများရှိနေသည်ကို တွေ့ရှိရကြောင်း၊ ပြီးခဲ့သည့် ဧပြီလတွင် မြဝတီကုန်သွယ်ရေးဇုန်မှတစ်ဆင့် တစ်ဖက်ထိုင်းနိုင်ငံသို့ တင်ပို့သည့် ပို့ကုန်တန်ဖိုးသည်အမေရိကန်ဒေါ်လာ ၁၂ ဒသမ ၅၉၂ သန်းဖြစ်ပြီး ထိုင်းနိုင်ငံဘက် သွင်းကုန်တန်ဖိုးမှာ ၂၁ ဒသမ ၉၈၂ သန်းဖြစ်သည့်အတွက် ၉ သန်းကျော် ကွာခြားလျက်ရှိကြောင်း၊ သွင်းကုန်ပိုင်းတွင် စာရင်းအရ ထိုင်းဘက်မှ ပို့ကုန်တန်ဖိုးသည် ၁၁၃ ဒသမ ၉၇ သန်းဖြစ်ပြီး မိမိတို့ဘက်မှ သွင်းကုန်လက်ခံတန်ဖိုးမှာလည်း ၆ သန်းကျော်သာရှိသည့်အတွက် ၁၀၇ သန်းကျော် ကွာခြားလျက်ရှိကြောင်း၊ ယင်းအတွက် နှစ်နိုင်ငံအစိုးရအချင်းချင်း ကုန်သွယ်မှုအချိုးတူညီစေရေး ညှိနှိုင်းဆောင်ရွက်လျက်ရှိသလို သက်ဆိုင်ရာ စစ်ဆေးရေးအဖွဲ့များကလည်း သစ္စာရှိရှိ စစ်ဆေးဆောင်ရွက်ကြရန်လိုအပ်ပြီး တာဝန်ရှိသူများကလည်း ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ ထိုသို့ ကုန်သွယ်မှုတန်ဖိုး မညီမျှမှုကြောင့် နိုင်ငံတော်မှရရှိမည့် အခွန်အခများမှာ အမေရိကန်ဒေါ်လာ သန်းပေါင်းများစွာ နစ်နာသလို အဆိုပါတရားမဝင် ပို့ကုန်၊ သွင်းကုန်တန်ဖိုးအတွက် သုံးစွဲလိုက်သည့် နိုင်ငံခြားသုံးငွေ၊ ရရှိလာသည့် နိုင်ငံခြားသုံးငွေတို့မှ အဆိုပါ တရားမဝင်ကုန်သွယ်မှုကို သစ္စာမဲ့နိုင်ငံဝန်ထမ်းများနှင့် ပူးပေါင်းဆောင်ရွက်မှုကြောင့် နိုင်ငံတော်၏ နိုင်ငံခြားသုံးငွေများစွာ နစ်နာသလို တရားမဝင်ရရှိလာသည့် နိုင်ငံခြားသုံးငွေများလည်း Cryptocurrency ကဲ့သို့ တရားမဝင် ငွေကြေးစီးဆင်းမှုမှတစ်ဆင့် မိမိတို့နိုင်ငံ၏ နိုင်ငံခြားငွေရရှိနိုင်မှုကိုလည်း

*စာမျက်နှာ ၇ သို့*

*စာမျက်နှာ ၆ မှ*

များစွာထိခိုက်နစ်နာစေခြင်း၊ တရားမဝင် ကုန်ပစ္စည်းများကြောင့် မှောင်ခိုရောင်းဝယ်မှု၊ အရည်အသွေးပြည့်မီမှုမရှိသည့် သွင်းကုန်ပစ္စည်းများမှတစ်ဆင့် ပြည်တွင်းသုံးစွဲသူများအတွက် ထိခိုက်နစ်နာစေခြင်းအပြင် ကုန်ဈေးနှုန်းကမောက်ကမဖြစ်စေခြင်းနှင့် ပြည်တွင်းလုပ်ငန်းရှင်များ၏ ဈေးကွက်ယှဉ်ပြိုင်နိုင်စွမ်းကိုလည်း လျော့ကျစေခြင်း၊ ၎င်းမှတစ်ဆင့် အလုပ်အကိုင်အခွင့်အလမ်းများ ဆုံးရှုံးစေ ခြင်းနှင့် ကုန်ထုတ်စွမ်းအားလျော့ကျခြင်း၊ ပို့ကုန်လျော့ကျခြင်း စသည့်ပြဿနာများကို ဖြစ်စေသည်အထိ စဉ်းစားသုံးသပ်ပြီး သက်ဆိုင်ရာအထူးအဖွဲ့များအလိုက် ထိထိမိမိဖမ်းဆီးဖော်ထုတ်ကြရန် တိုက်တွန်းလိုကြောင်း။

သတင်းပေးကိစ္စနှင့် ပတ်သက်ပြီး လာရောက်သတင်းပေးနိုင်ရေး ဆက်လက်ဆောင်ရွက်သွားကြရမည်ဖြစ်ကြောင်း၊ သတင်းလာရောက်ပေးသည့် သတင်းများကိုလည်း မှန်/မမှန် မိမိတို့၏ လုပ်ငန်းအတွေ့အကြုံများနှင့် အလေးထားစဉ်းစားဆုံးဖြတ်ဆောင်ရွက်ကြစေလိုကြောင်း၊ သတင်းပေးသည့်သူများကိုလည်း နိုင်ငံတော်မှ ထိုက်တန်စွာ ဆုချီးမြှင့်မှုများ ဆောင်ရွက်လျက်ရှိရာ အများပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေး အသိပညာပေးခြင်းများ ဆောင်ရွက်သွားရန်လိုကြောင်း၊ ကရင်ပြည်နယ်၊ ဘားအံမြို့မှ သတင်းပေးသည့် သက်ဆိုင်ရာနယ်မြေရှိ တာဝန်ရှိသူများထံ သတင်းမပေးဘဲ ဦးဆောင်ကော်မတီသို့ သတင်းပေးခြင်းသည် အဆိုပါနယ်မြေရှိ တာဝန်ရှိသူများကို ယုံကြည်မှုလျော့နည်းမှုကြောင့် ဖြစ်သည်ကို ထင်ရှားစွာ တွေ့ရမည်ဖြစ်ကြောင်း၊ ထိုသို့မဖြစ်စေရေး တရားမဝင်ကုန်သွယ်မှုတားဆီးရေးတွင် အဓိကအရေးပါသည့် သတင်းပေးသူများယုံကြည်မှုမပျက်စီးစေရေးကိုလည်း အလေးထားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း။

**ရေးယူသင့်သည်များကိုလည်း**
**ပြတ်ပြတ်သားသား အရေးယူဆောင်ရွက်**

နယ်စပ်မှ တရားမဝင်ကုန်ပစ္စည်းများ ဝင်ရောက်မှုမရှိစေရေး ကြပ်ကြပ်မတ်မတ် ဖမ်းဆီးတိုက်ဖျက်ရေးနှင့် ပို့ကုန်တန်ဖိုးနှင့် သွင်းကုန်တန်ဖိုးညီမျှမှုရှိစေရေး ကော်မတီအဖွဲ့ဝင်များနှင့် သက်ဆိုင်သူအားလုံးပူးပေါင်းဝိုင်းဝန်းဆောင်ရွက်သွားရန် လိုကြောင်း၊ သက်ဆိုင်ရာဝန်ထမ်းများ၏ ယုံကြည်ချက် ခံယူချက်များအား ပြုပြင်သင့်သည်များကို ပြုပြင်ပေးပြီး အရေးယူသင့်သည်များကိုလည်း ပြတ်ပြတ်သားသား အရေးယူဆောင်ရွက်သွားရန်လိုကြောင်းနှင့် တက်ရောက်လာကြသူများအနေဖြင့် တရားမဝင်ကုန်သွယ်မှုကိစ္စများနှင့် ပတ်သက်၍ အကြံပြုဆွေးနွေးလိုသည်များကို ပွင့်ပွင့်လင်းလင်း ဆွေးနွေးကြရန်လိုကြောင်း ဖြင့် ပြောကြားသည်။

ထို့နောက် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီအတွင်းရေးမှူး စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းမင်းက ဦးဆောင်ကော်မတီအစည်းအဝေး (၂/၂၀၂၅) အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှုများ၊ ထူးခြားဖမ်းဆီးရမှုများနှင့် ဦးဆောင်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဦးဆောင်ကော်မတီရုံးလုပ်ငန်းအဖွဲ့ခေါင်းဆောင် ညွှန်ကြားရေးမှူးချုပ် ဦးအောင်သွင်ဦး၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်ခိုင်ထွန်း၊ အကောက်ခွန်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသိန်းဆွေ၊ ကုန်သွယ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သူရနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ပါမောက္ခ ဒေါက်တာရဲမြင့်တို့က တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီလုပ်ငန်းညှိနှိုင်းအစည်းအဝေး (၃/၂၀၂၅) သို့ တင်ပြလာသည့် အမှာစာများကို ဖတ်ကြားတင်ပြကြသည်။

**ရှင်းလင်းဆွေးနွေး**

ဆက်လက်၍ ဦးဆောင်ကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးဝင်းရှိန်၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ဦးထွန်းအုံ၊ အခွန်အယူခံခုံအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ဦး၊ နေပြည်တော်ကောင်စီဝင်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများက တရားမဝင် ကုန်သွယ်မှုဆိုင်ရာ သုံးသပ်တွေ့ရှိချက်များ၊ ပို့ကုန်တိုးမြှင့်တင်ပို့နိုင်ရေး ဆောင်ရွက်နေမှုအခြေအနေ၊ ရှောင်ကွင်းလမ်းကြောင်းများ၌ ပိတ်ဆို့တားဆီးရှာဖွေစစ်ဆေးခဲ့မှုအခြေအနေ၊ တရားမဝင်ထိန်းချုပ်ဓာတုပစ္စည်းများ၊ မူးယစ်ဆေးဝါးများ၊ လက်နက်ခဲယမ်းများ၊ သစ်များ၊ ယာဉ်များ၊ စက်သုံးဆီများ၊ စားသောက်ကုန်၊ ဆေးဝါးနှင့်အလှကုန်ပစ္စည်းများ ဖမ်းဆီးရမိမှု၊ အဆိုပါ ဖမ်းဆီးရမိမှုများအပေါ် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိမှု၊ အဆိုပါဖမ်းဆီးရမိသည့် ပစ္စည်းများ ပျက်စီးပျောက်ဆုံးမှုနှင့် လေလွင့်ဆုံးရှုံးမှုမရှိစေရေး အမှုတွဲများ အမြန်ဆုံးပြီးပြတ်အောင် ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ သတင်းအချက်အလက်များ ကျယ်ကျယ်ပြန့်ပြန့် ရရှိရေးဆိုင်ရာကိစ္စရပ်များ၊ ကာကွယ်တားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့် အိမ်နီးချင်းနိုင်ငံများနှင့် ကုန်သွယ်မှုဆိုင်ရာအခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ထို့နောက် တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီဥက္ကဋ္ဌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က ရှင်းလင်းဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ ပေါင်းစပ်ညှိနှိုင်းပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် ငလျင်ဘေးသင့် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုဝင်များ Container House များတွင် ပြောင်းရွှေ့နေရာချထားမှု ကြည့်ရှုစစ်ဆေး



**နေပြည်တော် ဇူလိုင် ၃၀**

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် ဒုတိယဝန်ကြီး ဦးအေးထွန်းနှင့် ဒေါ်နုမြဇံ၊ အမြဲတမ်းအတွင်းဝန်၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့ မွန်းလွဲ ၂ နာရီက နေပြည်တော် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ ငလျင်ဘေးသင့် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများ ယာယီနေထိုင်နိုင်ရန် စီစဉ်ဆောင်ရွက်ထားသည့် Container House များတွင် ပြောင်းရွှေ့နေရာချထားမှုကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ယာယီနေထိုင်ရန် စီစဉ်ဆောင်ရွက်ထားသည့် ရွှေအင်ကြင်းရိပ်သာ၊ ရွှေတမာရိပ်သာနှင့် ရွှေညောင်ပင်ရိပ်သာတို့ရှိ Container House များ၊ အမျိုးသားပြတိုက် (နေပြည်တော်)ရှိ Container House များ၊ ရန်အောင်မြင်ရွှေလက်လှစေတီတော်ပရိဝုဏ်ရှိ Container House များနှင့် သဒ္ဓမ္မဝေပုလ္လကျောင်းတိုက်ရှိ Container House များတွင် ဝန်ကြီးရုံးနှင့် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများမှ ဝန်ထမ်းနှင့်ဝန်ထမ်းမိသားစုများ ပြောင်းရွှေ့နေထိုင်မှုအခြေအနေကို လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သော အမျိုးသားပြတိုက်နှင့် အမျိုးသားစာကြည့်တိုက်တို့ ပြုပြင်မွမ်းမံဆောင်ရွက်နေမှုနှင့် လုပ်ငန်းဆောင်ရွက်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ပြုပြင်ထိန်းသိမ်းခြင်းများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ ဆောင်ရွက်ရေး၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ အရည်အသွေးစိစစ်ရေးအဖွဲ့ (QC) စစ်ဆေးတွေ့ရှိချက်များအတိုင်း လိုက်နာဆောင်ရွက်ရေး၊ သတ်မှတ်အချိန်အတွင်း ပြီးစီးရေးတို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# “မူးယစ်ဆေးဝါးနှင့် စိတ်ပညာအကြောင်း သိကောင်းစရာ” လူငယ်ရေးရာအသိပညာပေးဟောပြောပွဲ ကျင်းပ

**နေပြည်တော် ဇူလိုင် ၃၀**

မြန်မာနိုင်ငံ လူငယ်ရေးရာဗဟိုကော်မတီနှင့် နေပြည်တော်ကောင်စီလူငယ်ရေးရာကော်မတီတို့ ပူးပေါင်းကျင်းပသည့် “မူးယစ်ဆေးဝါးနှင့် စိတ်ပညာအကြောင်း သိကောင်းစရာ” လူငယ်ရေးရာအသိပညာပေး ဟောပြောပွဲကို ယနေ့မွန်းလွဲပိုင်းတွင် အစိုးရစက်မှုလက်မှုသိပ္ပံ (နေပြည်တော်)၌ ကျင်းပသည်။

ဦးစွာ ကျောင်းသား ကျောင်းသူများက “လှမ်းလို့ဖိတ်ခေါ် GTI နေပြည်တော်” သီချင်းဖြင့် သီဆိုဖျော်ဖြေကြပြီး မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီအတွင်းရေးမှူး၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က မူးယစ်ဆေးဝါးသည် လူငယ်များ၏ အိပ်မက်များ၊ စွမ်းရည်များနှင့် အနာဂတ်ကို ဖျက်ဆီးနိုင်သည့်အတွက် ဆရာ ဆရာမများအနေဖြင့် ကျောင်းသားကျောင်းသူများကို ကျောင်းသင်ဘာသာရပ်များအပြင် ဘဝတွင်ကြုံတွေ့လာရမည့် ပြောဆိုဆက်သွယ်မှု၊ စီမံခန့်ခွဲမှု၊ လူမှုဆက်ဆံရေး ကောင်းမွန်မှု၊ ပူးပေါင်းဆောင်ရွက်တတ်မှု၊ ပြဿနာများကို ဖြေရှင်းတတ်မှု၊ မှန်ကန်စွာဆုံးဖြတ်ချက်ချမှတ်နိုင်မှု၊ တီထွင်ဖန်တီးနိုင်မှုတို့အပြင် မူးယစ်ဆေးဝါးကင်းစင်သည့် လူ့ဘောင်သစ်တစ်ခုကို တည်ဆောက်ပေးနိုင်ပြီး ဘဝကိုအောင်မြင်စွာ တည်ဆောက်နိုင်သည့် လူငယ်များဖြစ်အောင် ပြုစုပျိုးထောင်သင်ကြားပေးသွားရန်လိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျာက လူငယ်ကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် မိမိတို့ဝန်ကြီးဌာန အနေဖြင့် ဒေသလိုအပ်ချက်နှင့် ကိုက်ညီသည့်အသိပညာပေးသင်တန်းများနှင့် သက်မွေးပညာသင်တန်းများကို ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း ပြောကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီး ဦးဇင်မင်းထက်က အစိုးရစက်မှုလက်မှုသိပ္ပံ (နေပြည်တော်) ကျောင်းအုပ်ဆရာကြီးထံ အားကစားပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာ အောင်ဇေယျာနှင့် နေပြည်တော်ကောင်စီ လူငယ်ရေးရာကော်မတီ ဒုတိယဥက္ကဋ္ဌ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုးတို့က အသိပညာပေးဟောပြောမည့် ဇမ္ဗူသီရိမြို့နယ် ကျန်းမာရေးမှူး ဒေါက်တာလင်းပြည့်သိမ်းကို အမှတ်တရ ဂုဏ်ပြုလက်ဆောင်များကို ပေးအပ်ပြီး ဇမ္ဗူသီရိမြို့နယ်ကျန်းမာရေးမှူးက “မူးယစ်နှင့် စိတ်ပညာအကြောင်း သိကောင်းစရာ” ခေါင်းစဉ်ဖြင့် အသိပညာပေး ဟောပြောကာ လူငယ်ရေးရာဦးစီးဌာနမှ တာဝန်ရှိသူက ဉာဏ်စမ်းပဟေဠိ မေးခွန်းမေးမြန်းခြင်းနှင့် ဖြေဆိုနိုင်သူများကို အမှတ်တရ ဆုလက်ဆောင်များ ပေးအပ်ခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်က ခန့်အပ်လွှာ လာရောက်ပေးအပ်



**နေပြည်တော် ဇူလိုင် ၃၀**

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေထံ ကုလသမဂ္ဂကလေးများရန်ပုံငွေအဖွဲ့ (United Nations Children's Fund – UNICEF) ၏ မြန်မာနိုင်ငံဆိုင်ရာ ဌာနေကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင်မည့် Mr. Yasumasa Kimura က နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ယနေ့မွန်းလွဲ ၂ နာရီတွင် လာရောက်ဂါရဝပြုတွေ့ဆုံပြီး ၎င်း၏ခန့်အပ်လွှာကို ပေးအပ်သည်။ **(ယာပုံ)**

ခန့်အပ်လွှာပေးအပ်သည့်အခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**

# နောင်ချိုမြို့ အမှတ်(၁)နှင့် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း ဖွင့်လှစ်သင်ကြား ယာယီဆေးရုံ၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်



**နေပြည်တော် ဇူလိုင် ၃၀**

ရှမ်းပြည်နယ်(မြောက်ပိုင်း) နောင်ချိုမြို့၌ အကြမ်းဖက်သောင်းကျန်းသူများကြောင့် အခြေခံပညာကျောင်းများအား တစ်နှစ်နီးပါး ပိတ်ထားခဲ့ရပြီး ဇူလိုင် ၂၅ ရက်မှစ၍ အခြေခံပညာကျောင်းများကို ပြန်လည်ဖွင့်လှစ်ပြီး ကျောင်းသားကျောင်းသူများအား စာပေပညာရပ်များကို သင်ကြားပေးလျက်ရှိသည့်အပြင် ကျောင်းအပ်လက်ခံခြင်းကိုလည်း ဆက်လက်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကျောင်းနေအရွယ်ကလေးများအား တန်းစဉ်အလိုက် ပညာသင်ကြားနိုင်ရေးအတွက် အခြေခံပညာ ကျောင်းများကို ဖွင့်လှစ်ပညာသင်ကြားပေးလျက်ရှိရာ ယနေ့တွင် ကျောင်းသားကျောင်းသူ ၁၇၃၃ ဦး အေးချမ်းပျော်ရွှင်စွာ တက်ရောက်ပညာသင်ကြားလျက်ရှိသည့်အပြင် ထပ်မံလာရောက် ကျောင်းအပ်နှံသူ ကျောင်းသား ကျောင်းသူများအား ကျောင်းအပ်လက်ခံခြင်းများကို ဆက်လက်ဆောင်ရွက်ပေးလျက်ရှိပြီး ကျောင်းလာရောက်အပ်နှံသည့် ကျောင်းသား ကျောင်းသူများအား ပညာရေးဝန်ကြီးဌာနက အခမဲ့ပေးအပ်သည့် ကျောင်းသုံးစာအုပ်များ၊ စာရေးကိရိယာများနှင့် ကျောင်းဝတ်စုံများကို ဆက်လက်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့အပြင် တပ်မတော်မှ ဆရာဝန်များက ကျန်းမာရေးဝန်ကြီးဌာနမှ ဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများနှင့် ပူးပေါင်း၍ ဒေသခံတိုင်းရင်းသား ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးအတွက် မြနန်းတော်ဝင် မင်္ဂလာခန်းမ၌ ယာယီဆေးရုံဖွင့်လှစ်ပြီး ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ဒေသခံတိုင်းရင်းသားပြည်သူ ၂၈၂ ဦးတို့အား လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးကြသည်။

ယင်းအပြင် နောင်ချိုမြို့ပေါ်ရှိ အမှတ်(၃) အခြေခံပညာမူလတန်းကျောင်း ဘေးပတ်ဝန်းကျင်ရှိ ချုံနွယ်ပေါင်းမြက်များကို ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေမြောင်းများ တူးဖော်ဆယ်တင်ပေးခြင်းနှင့် သန့်ရှင်းရေးပြုလုပ်ခြင်းများ ဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# လျှပ်စစ်သုံးမော်တော်ယာဉ်များ ရန်ကုန်ဆိပ်ကမ်းသို့ရောက်ရှိ

**နေပြည်တော် ဇူလိုင် ၃၀**

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Innogen Myanmar Co., Ltd. မှ တင်သွင်းလာသော တရုတ်နိုင်ငံထုတ် GAC Aion S Xuan 580 အမျိုးအစား လျှပ်စစ်သုံးမော်တော်ယာဉ်များသည် ရန်ကုန်ဆိပ်ကမ်းသို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



# ခုတင်-၅၅၀ ဆံ့ ကလေးဆေးရုံကြီး(ရန်ကုန်)၌ ဗီယက်နမ်နိုင်ငံမှ ကလေးနှလုံးအထူးကု ဆရာဝန်နှင့်ပူးပေါင်း၍ မွေးရာပါနှလုံးရောဂါ ကလေးလူနာများအား ကုသမှုဆောင်ရွက်

**နေပြည်တော် ဇူလိုင် ၃၀**

ခုတင်-၅၅၀ ဆံ့ကလေးဆေးရုံကြီး (ရန်ကုန်)၌ ကလေးနှလုံးအထူးကု ဆရာဝန်ကြီးများသည် မွေးရာပါနှလုံးရောဂါများကို ရင်ခေါင်းဖွင့်၍ ဆောင်ရွက်သော ခက်ခဲသည့် ခွဲစိတ်ကုသမှုများနှင့် ခွဲစိတ်ရန်မလိုဘဲ နှလုံးနှင့်သွေးကြောအထူးကုသစက် (Cardiac Catheterization Lab) အသုံးပြု၍ ကုသမှုများကို ဆောင်ရွက်ပေးလျက်ရှိသည့်အပြင် နိုင်ငံတကာမှ ကျွမ်းကျင်သူ ကလေးနှလုံးအထူးကု ဆရာဝန်ကြီးများ၊ အထူးကုအဖွဲ့များနှင့် ပူးပေါင်း၍ ကုသမှုများ ဆောင်ရွက်လျက်ရှိသည်။



ထိုသို့ ဆောင်ရွက်ရာတွင် ခုတင်-၅၅၀ ဆံ့ကလေးဆေးရုံကြီး (ရန်ကုန်)၌ ၂၀၂၅ ခုနှစ် ဇူလိုင် ၃ ရက်မှ ၄ ရက်အထိ ဗီယက်နမ်နိုင်ငံ ဟိုချီမင်းမြို့ Children's Hospital No. 1 မှ ကလေးနှလုံးအထူးကု ဆရာဝန် Dr. Do Nguyen Tin သည် မြန်မာနိုင်ငံမှ ပါမောက္ခ ဒေါက်တာ ခင်မောင်ဦး၊ ပါမောက္ခ (ကလေးနှလုံးဆေးကု) ခေါင်းဆောင်သောကလေးနှလုံးအထူးကု ဆရာဝန်ကြီးများနှင့်အတူ မွေးရာပါနှလုံးရောဂါ ကလေးလူနာ ၁၇ ဦးအား ခွဲစိတ်စရာမလိုဘဲ နှလုံးနှင့် သွေးကြောအထူးကုသစက် (Cardiac Catheterization Lab) ၌ ကျန်းမာရေးဝန်ကြီးဌာနမှ ထောက်ပံ့သော အဆို့(Device) များ၊ ဆေးနှင့် ဆေးပစ္စည်းများ အသုံးပြု၍ ကုသခြင်းနှင့် ဘောလုံးဖြင့်ချဲ့၍ ကုသခြင်းများကို ပူးပေါင်းဆောင်ရွက်ခဲ့သည်။

အဆိုပါ ကလေးလူနာများအား ၂၀၂၅ ခုနှစ် ဇူလိုင် ၂၂ ရက်မှ ၂၃ ရက်အထိ ပြန်လည်ခေါ်ယူပြီး Follow up ကြည့်ရှုခြင်းနှင့် နှလုံးစမ်းသပ်စက် (Echo) ရိုက်၍ စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်ပေးခဲ့ရာ စမ်းသပ်စစ်ဆေးမှုများအရ ကလေးလူနာများ၏ အခြေအနေသည် ကောင်းမွန်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ခုတင်-၅၅၀ ဆံ့ ကလေးဆေးရုံကြီး (ရန်ကုန်) ၌ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီမှ ၂၀၂၅ ခုနှစ် ဇူလိုင် ၂၄ ရက်အထိ ကလေးနှလုံးရောဂါဝေဒနာရှင် ၄၉၆ ဦးအား မခွဲစိတ်ရဘဲ နှလုံးနှင့် သွေးကြောအထူးကုသစက်များ အသုံးပြု၍လည်းကောင်း၊ ကလေးနှလုံးရောဂါဝေဒနာရှင် ၄၈၈ ဦးအား ခွဲစိတ်ကုသမှုများ ဆောင်ရွက်၍လည်းကောင်း အောင်မြင်စွာ ကုသမှုများ ပေးနိုင်ခဲ့ကြောင်း သိရှိရသည်။

**သတင်းစဉ်**

# ဘီးလင်းမြို့နယ်ရှိ ကျေးရွာ ၁၁ ရွာ၌ ကျေးရွာမတည်ရန်ပုံငွေ ပြန်လည်ထုတ်ချေး

**ဘီးလင်း ဇူလိုင် ၃၀**

မွန်ပြည်နယ် ဘီးလင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဘီးလင်းမြို့နယ်ရှိ ကျေးရွာ ၁၈ ရွာတွင် ကိုဗစ် ၁၉ ကုစားမှုအစီအစဉ်အရ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်းကို ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ဇူလိုင် ၂၅ ရက်က ကျေးရွာ ၁၁ ရွာတွင် စီမံကိန်းချေးငွေများကို ဆင့်ပွားအကြိမ်မြောက် ပြန်လည်ထုတ်ချေးပေးခဲ့သည်။

ထိုသို့ ထုတ်ချေးပေးရာတွင် ကျေးရွာ ၁၁ ရွာမှ စိုက်ပျိုးရေးလုပ်ကိုင်သူ ၁၃၄ ဦး၊ မွေးမြူရေးလုပ်ကိုင်သူ ၁၆၅ ဦး၊ ကုန်ထုတ်လုပ်ငန်း ၅၆ ဦး၊ အရောင်းအဝယ် ၇၇ ဦး၊ အသက်မွေးဝမ်းကျောင်း လုပ်ငန်းများလုပ်ကိုင်သူ ၁၃ ဦး၊ ရေလုပ်ငန်းလုပ်ကိုင်သူ တစ်ဦး စုစုပေါင်း အသင်းသူ အသင်းသား ၄၄၆ ဦးအား စီမံကိန်းရန်ပုံငွေကျပ် သန်းပေါင်း ၂၄၅ ဒသမ ၂ သန်းကို ကျေးရွာကော်မတီများက အိမ်တိုင်ရာရောက် နေ့ချင်းပြီး သွင်း/ထုတ်စနစ်ဖြင့် ပြန်လည်ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မောင်မွေး**

# ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင် ငလျင်ဘေးအန္တရာယ်ဆိုင်ရာ ကယ်ဆယ်ရေးလေ့ကျင့်ခန်းဆောင်ရွက်နေမှု ကြည့်ရှုအားပေး

**နေပြည်တော် ဇူလိုင် ၃၀**

မြို့ပြရှာဖွေကယ်ဆယ်ရေးအဖွဲ့ (Medium Urban Search and Rescue Team) ဖွဲ့စည်းရန် ရည်ရွယ်၍ မေ ၁၂ ရက်မှ ဩဂုတ် ၁ ရက်အထိ ရက်သတ္တ ၁၂ ပတ်ကြာ စုဖွဲ့လေ့ကျင့်လျက်ရှိသော ပြည်ထဲရေးဝန်ကြီးဌာန၊ မီးသတ်ဦးစီးဌာနမှ အထူးရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင် ၁၀၀ တို့သည် ယမန်နေ့က ဇမ္ဗူသီရိမြို့နယ် ဗလသိဒ္ဓိရပ်ကွက်၌ ငလျင်ဘေးအန္တရာယ်ဆိုင်ရာ လက်တွေ့ကယ်ဆယ်ရေးလေ့ကျင့်ခန်းများ ပြုလုပ်ဆောင်ရွက်ခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်တက်ရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ မှာကြားကာ(ယာပုံ) ဂုဏ်ပြုဆုငွေများ ချီးမြှင့်ပေးအပ်ခဲ့သည်။

အဆိုပါလေ့ကျင့်ဆောင်ရွက်မှုကို မီးသတ်တပ်ဖွဲ့ဝင်များ အနေဖြင့် ငလျင်ဘေးအန္တရာယ် ရုတ်တရက် ကျရောက်ပါက အဆောက်အအုံပြိုကျပျက်စီးမှုများတွင် ထိခိုက်ဒဏ်ရာရရှိသူများကို အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ထိထိရောက်ရောက် ဆောင်ရွက်နိုင်စေရန်၊ နိုင်ငံတကာ မြို့ပြရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့များနည်းတူ အဆင့်မြင့်ရှာဖွေကယ်ဆယ်ရေး နည်းစနစ်များ ရင်ပေါင်တန်း ဆောင်ရွက်နိုင်စေရန်နှင့် မီးသတ်ဦးစီးဌာနတွင်မြို့ပြရှာဖွေကယ်ဆယ်ရေးအဖွဲ့ (Medium Urban Search and Rescue Team)ကို အပြည်ပြည်ဆိုင်ရာ ရှာဖွေကယ်ဆယ်ရေးအကြံပေးအဖွဲ့ (International Search and Rescue Advisory Group–INSARAG)၏ စံချိန်စံညွှန်း သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းနိုင်ရန် ရည်ရွယ်၍ ပြုလုပ်ခဲ့ခြင်းဖြစ်ပြီး အထူးရှာဖွေကယ်ဆယ်ရေး တပ်ဖွဲ့ဝင်များက မြို့ပြရှာဖွေကယ်ဆယ်ရေး နည်းစနစ်များဖြစ်သည့် ပြိုကျနံရံများ ဒေါက်ထောက်ခြင်း နည်းစနစ် (Shoring Techniques)၊ ကြိုးအသုံးပြု၍ ထမ်းစင်ချကယ်ဆယ်ရေးနည်းစနစ် (Rope Rescue Techniques)၊ အခန်းတွင်း ပိတ်မိနေသူများအား နံရံထွင်းဖောက်ဖြတ်တောက် ကယ်ဆယ်ခြင်းနည်းစနစ် (Breaking and Breeching Techniques) များကို လက်တွေ့လေ့ကျင့် ပြသခဲ့ကြသည်။



အခမ်းအနားသို့ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ် အောင်ကျော်ကျော်၊ ပြည်ထောင်စုဝန်ကြီးရုံးနှင့် ကွပ်ကဲမှုအောက်ရှိ တပ်ဖွဲ့ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဒုတိယရဲချုပ်နှင့် တာဝန်ရှိသူများ၊ မီးသတ်တပ်ဖွဲ့ဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံ Digital Identity အတွက် ရှေ့ပြေးစီမံကိန်း ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ ဝန်ကြီးဌာနနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့အကြား လက်မှတ်ရေးထိုး

**နေပြည်တော် ဇူလိုင် ၃၀**

လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာနနှင့် အိန္ဒိယသမ္မတနိုင်ငံအစိုးရတို့အကြား ဆောင်ရွက်မည့် မြန်မာနိုင်ငံ Digital Identity အတွက် ရှေ့ပြေးစီမံကိန်း ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၁၀ နာရီက နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်၊ ဒုတိယဝန်ကြီး ဦးဌေးလှိုင်နှင့် ဒေါက်တာမျိုးသန့်၊ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး Mr. Abhay Thakur နှင့်တာဝန်ရှိသူများ၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံ၌ e-Government စနစ်ကို ဖော်ဆောင်နေချိန်တွင် အခြေခံအကျဆုံးဖြစ်သည့် e-ID စနစ်အတွက် လိုအပ်သည့် IT နည်းပညာများကို အိန္ဒိယနိုင်ငံအစိုးရက ပံ့ပိုးကူညီပေးခြင်းဖြစ်ရာ နိုင်ငံအတွက် တန်ဖိုးရှိသည့် အကူအညီဖြစ်ပါကြောင်း၊




ယခု မြန်မာ–အိန္ဒိယ နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မည့် နားလည်မှုစာချွန်လွှာ (MoU) သည် မြန်မာနိုင်ငံ၏ Digital ID ရှေ့ပြေးစီမံကိန်း အကောင်အထည်ဖော်ရာ၌ အိန္ဒိယနိုင်ငံအစိုးရထံမှ နည်းပညာဆိုင်ရာ အကူအညီများ မျှဝေဆောင်ရွက်နိုင်ရေးအတွက် ဖြစ်ပါကြောင်း၊ အိန္ဒိယနိုင်ငံအစိုးရအနေဖြင့် မြန်မာနိုင်ငံ၏ Digital Identity ဆိုင်ရာနည်းပညာများနှင့်ပတ်သက်၍ ယခုကဲ့သို့ နားလည်မှုစာချွန်လွှာ(MoU) လက်မှတ်ရေးထိုးကာ လိုအပ်သည်များ ပံ့ပိုးကူညီဆောင်ရွက်ပေးသကဲ့သို့ ပိုမိုကောင်းမွန်သည့် အကြံပြုချက်များ၊ ပိုမိုထိရောက်မြန်ဆန်သည့် အကူအညီများနှင့် လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အတွေ့အကြုံများကို ဆက်လက်ပံ့ပိုးကူညီမျှဝေစေလိုပါကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီး Mr. Abhay Thakur က မြန်မာနိုင်ငံ Digital Identity အတွက် ရှေ့ပြေးစီမံကိန်း လုပ်ငန်းစဉ်များအပေါ် အိန္ဒိယနိုင်ငံအစိုးရက ပံ့ပိုးကူညီ ပူးပေါင်းဆောင်ရွက်သွားမည့်အခြေအနေနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် အိန္ဒိယသမ္မတနိုင်ငံသံအမတ်ကြီးတို့သည် မြန်မာနိုင်ငံ Digital Identity အတွက် ရှေ့ပြေးစီမံကိန်း ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ (MoU) ကို လက်မှတ်ရေးထိုးကြပြီး အပြန်အလှန်လဲလှယ်ကြသည်။(ဝဲပုံ)

မြန်မာနိုင်ငံ၌ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် e-Government စနစ်၏ အခြေခံအကျဆုံးဖြစ်သည့် e-ID စနစ်အတွက် Digital Unique Identity Program အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အိန္ဒိယနိုင်ငံ၏ နည်းပညာ၊ မူဝါဒ၊ စည်းမျဉ်းစည်းကမ်းနှင့် အတွေ့အကြုံများဖလှယ်ရေး၊ အစိုးရအရာရှိများနှင့် ကျွမ်းကျင်သူများ နည်းပညာဖလှယ်ရေးနှင့် မြန်မာနိုင်ငံ Digital ID Program ကို စမ်းသပ်အကောင်အထည်ဖော်ရာတွင် အပြန်အလှန် ပူးပေါင်းဆောင်ရွက်ရေးအတွက် ယခုရှေ့ပြေးစီမံကိန်း ပူးပေါင်းဆောင်ရွက်ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ (MoU) ကို လက်မှတ်ရေးထိုးဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ ဝန်ထမ်းများယာယီနေထိုင်ရန် စနစ်တကျပြောင်းရွှေ့နေရာချထားမှု ကြည့်ရှုစစ်ဆေး




**နေပြည်တော် ဇူလိုင် ၃၀**

မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေသည် ဒုတိယဥက္ကဋ္ဌ ဦးဇော်မြင့်နိုင်နှင့်အတူ ငလျင်ဒဏ်ကြောင့် ဝန်ထမ်းအိမ်ရာ ထိခိုက်ပျက်စီးခဲ့သော ဝန်ထမ်းမိသားစုများ နေထိုင်ရန်အတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ် ရုံးအမှတ်(၅၅) ဧရိယာအတွင်းတွင် တည်ဆောက်ပြီးစီးသည့် Bashar လိုင်းခန်း ၁၆ လုံး၊ Container House နှစ်ခန်းတွဲ ၃၇ လုံးနှင့် Container Singal ၅၉ လုံးတို့တွင် ဝန်ထမ်းများ စနစ်တကျပြောင်းရွှေ့နေရာချထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။(ဝဲပုံ)

ကြည့်ရှုစစ်ဆေးစဉ် မြန်မာနိုင်ငံတော် ဗဟိုဘဏ်ဥက္ကဋ္ဌက ဝန်ထမ်းများ နေထိုင်စားသောက်ရာတွင် စည်းကမ်းတကျဖြစ်ရန် လိုကြောင်း၊ လျှပ်စစ်မီးအား စနစ်တကျအသုံးပြုရန်နှင့် မိုးတွင်းကာလ လျှပ်စစ်အန္တရာယ်သတိပြုရန်လိုကြောင်း၊ ရေသုံးစွဲရာတွင်လည်း ရေစီးရေလာကောင်းမွန်စေရန်၊ စနစ်တကျသုံးစွဲရန်နှင့် ရာသီဥတုဒဏ်ခံနိုင်သော အဆောက်အအုံများ ဖြစ်စေရေးအတွက် Container House တွင် နေထိုင်သည့်ဝန်ထမ်းများ လိုက်နာရမည့် စည်းကမ်းချက်များနှင့် Bashar တွင်နေထိုင်သည့် ဝန်ထမ်းများ လိုက်နာရမည့်စည်းကမ်းချက်ကို လိုက်နာကြရန် လိုအပ်ကြောင်း၊ ဝန်ထမ်းအချင်းချင်း တစ်ဦးနှင့်တစ်ဦး အခက်အခဲများအား ဖေးမကူညီကြရန် လိုအပ်ကြောင်း၊ မိသားစုစိတ်ဓာတ်ထားရှိကြရန် လိုကြောင်း နှုတ်ဆက်အားပေးစကားပြောကြား၍ လိုအပ်သည်များ မှာကြားသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် ဝန်ထမ်းများယာယီနေထိုင်ရေးအတွက် Bashar နှင့် Container House များ ဆောက်လုပ်ပေးလျက်ရှိရာ ကျန်ရှိသော Container House ၁၀၇ လုံးသည်လည်း အပြီးသတ်ဆောင်ရွက်ပြီးစီးပြီဖြစ်သဖြင့် နေရာချထားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# သီးနှံအထွက်နှုန်း မလျော့နည်းစေဖို့ ပေါင်းကို ကာကွယ်နှိမ်နင်းစို့

**စိုးမိုးဝင်း(စိုက်ပျိုးရေး)**

**“ပေါင်း”**ဟူသော စကားလုံးသည် မြန်မာအဓိပ္ပာယ်အားဖြင့် အပေါင်းလက္ခဏာဆောင်သော်လည်း တောင်သူလယ်သမားဦးကြီးများ၏ စိုက်ရေးပျိုးရေးလုပ်ငန်းတွင် အနုတ်လက္ခဏာဆောင်သော စကားလုံး ဖြစ်သည်။ သီးနှံစိုက်ပျိုးထုတ်လုပ်ရာတွင် ပေါင်းကြောင့် အထွက်နှုန်း သိသိသာသာ လျော့နည်းစေနိုင်ပြီး လျော့နည်းမှုပမာဏသည် သီးနှံအမျိုးအစား၊ ပေါင်းအမျိုးအစား၊ ပေါင်းအနည်းအများနှင့် သီးနှံစိုက်နည်းစနစ်တို့အပေါ် မူတည်သည်။ ယေဘုယျအားဖြင့် ပေါင်းကြောင့် သီးနှံအထွက်နှုန်း ၂၀ မှ ၁၀၀ ရာခိုင်နှုန်းအထိ ဆုံးရှုံးနိုင်သည်။ ပေါင်းကြောင့် မြေပဲစိုက်ပျိုးရာတွင် ၂၄ ဒသမ ၄ ရာခိုင်နှုန်း၊ ပြောင်းဖူးတွင် ၃၆ မှ ၆၀ ရာခိုင်နှုန်း၊ နေကြာတွင် ၂၀ မှ ၇၀ ရာခိုင်နှုန်း စသည်ဖြင့် အထွက်နှုန်းလျော့နည်းနိုင်ပါသည်။

၁၉၉၃ ခုနှစ်တွင် ဖိလစ်ပိုင်နိုင်ငံသည် နည်းစနစ်အမျိုးမျိုးဖြင့် စိုက်ပျိုးထားသော စပါးများတွင် ပေါင်းပင်ကြီးထွားမှုကို ကာကွယ်မှုမရှိဘဲ အထွက်နှုန်းဆုံးရှုံးမှုပမာဏကို သုတေသနပြုစမ်းသပ်ခဲ့ရာ ရေသွင်းစိုက်ပျိုးခြင်းစနစ်တွင် ပျိုးထောင်ကောက်စိုက်ခြင်းမှာ ၄၈ ရာခိုင်နှုန်း၊ ရေခံကြဲခင်းမှာ ၄၄ ရာခိုင်နှုန်း၊ မျိုးစေ့တိုက်ရိုက်ချစိုက်ပျိုးခြင်းမှာ ၅၅ ရာခိုင်နှုန်း ပျမ်းမျှအားဖြင့် အထွက်နှုန်း ဆုံးရှုံးခဲ့သည်။ ရေတော်မိုးတော် စိုက်ပျိုးခြင်းတွင် အခြောက်တမန်းပြင် မျိုးစေ့ချစိုက်ပျိုးခြင်းမှာ ၇၄ ရာခိုင်နှုန်း၊ အစိုတမန်းပြင် မျိုးစေ့ချစိုက်ပျိုးခြင်းမှာ ၆၁ ရာခိုင်နှုန်း၊ ပျိုးထောင်ကောက်စိုက်ခြင်းမှာ ၅၁ရာခိုင်နှုန်း အထွက်နှုန်း ဆုံးရှုံးခဲ့သည်။ မိုးရေဖြင့် ကုန်းမြင့်ဒေသစိုက်ပျိုးခြင်းတွင် ကြဲပက်စိုက်ပျိုးခြင်း(သို့) မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်းမှာ ၉၆ ရာခိုင်နှုန်းအထိ အထွက်ဆုံးရှုံးခဲ့သည်။ ပေါင်းသည် စိုက်ပျိုးရေးထုတ်လုပ်မှု၌ အဓိကကျသော အဟန့်အတားတစ်ခု ဖြစ်သည်။

### ပေါင်းဆိုသည်မှာ

ပေါင်းဆိုသည်မှာ **“လူတို့စိုက်ပျိုးထားသော သီးနှံပင်များ၏ ကြီးထွားမှုကို အနှောင့်အယှက်ဖြစ်စေသည့် အလိုအလျောက်ပေါက်ရောက်သော အပင်များ”**ကိုခေါ်ပါသည်။ ပေါင်းပင်များကို ပြင်ပရုပ်သွင်ပြင်ပေါ်မူတည်ပြီး မြက်၊ မြက်မုန်ညင်းနှင့် ရွက်ပြန့်ပေါင်းဟူ၍ အုပ်စုသုံးခု ခွဲခြားသတ်မှတ်ကြသည်။ သက်တမ်းကာလအရ တစ်နှစ်ခံပင်၊ နှစ်နှစ်ခံပင်နှင့် နှစ်ရှည်ခံပင်ဟူ၍ခွဲခြားနိုင်ပါသည်။ အလေ့အထအရ ခွဲခြားရာတွင် ရေနေပေါင်း၊ ရေတစ်ဝက်ကုန်းတစ်ဝက်ပေါင်းနှင့် ကုန်းနေပေါင်းဟူ၍ ခွဲခြားထားပါသည်။



ပေါင်းကင်းစင်၍ အောင်မြင်ဖြစ်ထွန်းနေသော ပင်းတယမြို့နယ်က နေကြာစိုက်ခင်း။

ပေါင်းသည် သီးနှံပင်များနည်းတူ ကြီးထွားမှုနှင့် ဖွံ့ဖြိုးမှုအတွက် လိုအပ်ချက်များ တူညီနေသည်။ သီးနှံစိုက်ပျိုးထုတ်လုပ်ရန် ပြင်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်မှုကြောင့် ပေါင်းပင်များအတွက် ပတ်ဝန်းကျင်အခြေခံကောင်းများ ဖြစ်ပေါ်စေပြီး လျင်မြန်စွာ ကြီးထွားနိုင်သည်။ ပေါင်းသည် မျိုးစေ့မြောက်မြားစွာ ထုတ်လုပ်နိုင်ခြင်း၊ မျိုးစေ့သည် ချက်ချင်းပေါက်ရောက်ခြင်းမရှိဘဲ သစ်စေ့ငုတ်ချိန်ရှိခြင်း၊ အစေ့အခွံမှာ လေ၊ ရေ တို့ကို အလွယ်တကူ စိမ့်ဝင်နိုင်ခြင်းမရှိနိုင်အောင် မာကျောခြင်း၊ အခြေအနေပေးသည်နှင့်တစ်ပြိုင်နက် မျိုးစေ့သည် အညှောက်ပေါက်နိုင်စွမ်းအားရှိခြင်း၊ သဘာဝပတ်ဝန်းကျင်အမျိုးမျိုးတွင် မျိုးစေ့ပေါက်နိုင်ခြင်း၊ ရှင်သန်ကြီးထွားနိုင်ခြင်း၊ နေရာအနှံ့အပြားသို့ ပျံ့နှံ့နိုင်သည့်စွမ်းအားရှိခြင်းစသည်တို့ကြောင့် ပေါင်းသည် သက်တမ်းရှည်စွာ ဖြစ်ထွန်းနေပါသည်။

### စိုက်ပျိုးရေးဖျက်ပင် ပေါင်း

ပေါင်းကြောင့် သီးနှံပင်အတွက် လောင်းရိပ်ကို ဖြစ်ပေါ်စေခြင်းနှင့် နေရောင်ခြည်ရရှိနိုင်မှု လျော့နည်းခြင်းတို့ကို ဖြစ်ပေါ်စေနိုင်သည်။ ပေါင်းသည် မြေဆီလွှာထဲမှ ရေကိုစုပ်ယူခြင်းကြောင့် သီးနှံပင်အတွက် ရေရရှိမှုပမာဏကို လျော့နည်းစေပြီး အစိုဓာတ်တည်ရှိမှုကာလကို တိုတောင်းစေသည်။ ပေါင်းသည် မြေဆီလွှာထဲမှ အာဟာရဓာတ်ကို ရယူပါသည်။ ထို့အပြင် သီးနှံပင်များကိုကျွေးသော မြေသြဇာများမှ အာဟာရဓာတ်များကိုလည်း ရယူစားသုံးပါသည်။ အထူးသဖြင့် မြေသြဇာတွင် ပါရှိသည့် နိုက်ထရိုဂျင်ကို သီးနှံပင်များနှင့် ယှဉ်ပြိုင်စားသုံးကြသည်။

စိုက်ခင်းထဲတွင် ပေါင်းပင်များက ကြီးစိုးအုပ်မိုးသွားလျှင် သီးနှံအတွက် နေရာမရှိတော့ပေ။ ထိုအခါ သီးနှံပင်များသည် ကြီးထွားမှုမရှိဘဲ အပွင့်၊ အသီး၊ အစေ့၊ အဆန် မတည်တော့ပေ။ ပေါင်းသည် သီးနှံပင်များကို ဖျက်ဆီးနိုင်သော ရောဂါများ၊ ပိုးမွှားများနှင့် ဖျက်ကောင်များအတွက် နေစရာ အိမ်ခြံမြေ သဖွယ်ဖြစ်စေသည်။ နံ့ကောင်သည် မြက်ပေါင်းများတွင် ဥ ဥပြီး သီးနှံရွက်များကို ဖျက်ဆီးသည်။ ရွက်ထွေးပိုးသည် ပြောင်းဖူး၊ စပါးနှင့်ဟင်းသီးဟင်းရွက်ပင်များကို ကူးစက်နိုင်သည်။ ခူမွေးရှည်သည် နေကြာ၊ ဝါ၊ ပဲမျိုးစုံတွင် ကျရောက်လေ့ရှိပြီး ပေါင်းပင်များမှ စတင်ဖျက်ဆီးတတ်သည်။ စုပ်စားပိုးများဖြစ်သည့် ပင့်ကူနီများသည် ပေါင်းပင်များတွင် ခိုအောင်းနေတတ်ပြီး ခရမ်းချဉ်၊ ငရုတ်၊ ပဲမျိုးစုံတွင် ကျရောက်တတ်သည်။ ပျပိုးသည် ပေါင်းပင်တွင် ပေါက်ပွားလေ့ရှိပြီး သခွား၊ ဖရဲ၊ ပဲမျိုးစုံတွင် ဗိုင်းရပ်စ်ရောဂါများကို ကူးစက်နေစေနိုင်သည်။ ယင်ဖြူသည် ပေါင်းပင်များတွင် ဥ ဥတတ်ပြီး ခရမ်းချဉ်၊ အာလူး၊ ဆေးရွက်ကြီးတို့တွင် ကျရောက်တတ်သည်။ ပင်နာကျရောဂါသည် ပေါင်းပင်တွင် ရောဂါဖြစ်၍ ဆက်လက်ကူးစက်နိုင်ပြီး အာလူး၊ ခရမ်းချဉ်တို့တွင် ကျရောက်တတ်သည်။ ပင်ညှိုးရောဂါသည် ပေါင်းပင်တွင်ရှင်သန်နေနိုင်ပြီး ပဲမျိုးစုံနှင့် ခရမ်းချဉ်တို့ကို ထိခိုက်စေနိုင်သည်။ ရွက်ပြောက်စွန်းရောဂါမှာ မြက်ပေါင်းတို့တွင် ခိုအောင်းနေနိုင်ပြီး စပါး၊ ပြောင်းတို့တွင် ကျရောက်သည်။

ပေါင်းသည် စိုက်ရေးပျိုးရေးလုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် ထိခိုက်စေနိုင်သည်။ သီးနှံများ ရိတ်သိမ်းရာတွင် ပေါင်းကြောင့် အနှောင့်အယှက်ဖြစ်စေပြီး သီးနှံထွက်ကုန်များတွင် ပေါင်းစေ့များ ရောပါလာပါက အရည်အသွေးကို ထိခိုက်စေနိုင်ပါသည်။ ပေါင်းပင်၏ အမြစ်မှထွက်သော အရည်များနှင့်အရွက်မှထွက်သော အရည်များသည် သီးနှံပင်များကို အဆိပ်ဖြစ်စေပါသည်။

ပေါင်းသည် သီးနှံစိုက်ပျိုးထုတ်လုပ်ရာတွင် စိုက်ပျိုးထားသောသီးနှံများကို ဖျက်ဆီးရုံမှတစ်ပါး အခြားဘာမျှ အကျိုးမရှိပေ။ သီးနှံပင်ကို မည်မျှပင် ပြုစုပါစေ၊ မြေသြဇာကျွေးပါစေ ပေါင်းရှိနေလျှင် အပင်သည် ကြီးထွားသန်စွမ်းမှုမရှိဘဲ အပွင့်၊ အသီးအားနည်းကာ အစေ့အဆန် ကောင်းစွာမတည်နိုင်ဖြစ်တတ်သည်။ နောက်ဆုံးတွင် တောင်သူဦးကြီးများလိုအပ်သော အထွက်နှုန်းကို မရရှိဘဲ ဝင်ငွေပါနည်းသွားနိုင်ပါသည်။ ထို့ကြောင့် ပေါင်းသည် စိုက်ပျိုးရေးဖျက်ပင် ဖြစ်သည်။

### ပေါင်းကာကွယ်နှိမ်နင်းခြင်း

ပေါင်းကာကွယ်နှိမ်နင်းခြင်း နည်းလမ်းများမှာ ကြိုတင်ကာကွယ်ခြင်း၊ လူဖြင့်ကာကွယ်နှိမ်နင်းခြင်း၊ ကိရိယာဖြင့် နှိမ်နင်းခြင်း၊ စိုက်ပျိုးနည်းလမ်းဖြင့် နှိမ်နင်းခြင်း၊ ဇီဝနည်းဖြင့်နှိမ်နင်းခြင်းနှင့် ဓာတုနည်းဖြင့် နှိမ်နင်းခြင်းတို့ဖြစ်သည်။

**(က) ကြိုတင်ကာကွယ်ခြင်း**

ပေါင်းမျိုးစိတ်များ ဝင်ရောက်လာမှုကို ဟန့်တားခြင်းလုပ်ငန်းသည် ရှင်သန်ပေါက်ပွားပြီးသော ပေါင်းများကို နှိမ်နင်းခြင်းလုပ်ငန်းထက် ပိုမိုလွယ်ကူပါသည်။ စိုက်ပျိုးမည့်စိုက်ခင်းဧရိယာအတွင်း ပေါင်းစတင်ပေါက်ပွားခြင်းမှ ရှောင်ကြဉ်ရန်နည်းလမ်းများမှာ ပေါင်းမျိုးစေ့ကင်းသော သီးနှံမျိုးစေ့များကို သုံးခြင်း၊ လယ်ယာသုံးကိရိယာများနှင့် ကျွဲ၊ နွားတို့မှ ပေါင်းမပြန့်ပွားစေရန် ၎င်းတို့ကို ပေါင်းကင်းစင်အောင်ထားရှိခြင်း၊ ကောင်းစွာဆွေးမြည့်သော သဘာဝမြေသြဇာနှင့် လယ်ယာစွန့်ပစ်ပစ္စည်းများကို အသုံးပြုခြင်း၊ စိုက်ရေးပျိုးရေးလုပ်ငန်းများကို ပေါင်းကာကွယ်ခြင်းအသိဖြင့် စနစ်တကျ စီမံလုပ်ဆောင်ခြင်း၊ စိုက်ခင်းမြေ၊ ကန်သင်းများ၊ ရေသွင်းမြောင်းများ၊ စွန့်ပစ်မြေနှင့် အများနှင့်ဆိုင်သောနေရာများတွင် ပေါင်းပေါက်ပွားမှုမရှိအောင် ကာကွယ်ခြင်း၊ အပင်အစိတ်အပိုင်းများမှ မျိုးပွားနိုင်သော နှစ်ရှည်ခံပင်ပေါင်းများကို ပျံ့နှံ့မှုမရှိအောင် ကာကွယ်ခြင်းတို့ ဖြစ်သည်။

**(ခ) လူဖြင့်ကာကွယ်နှိမ်နင်းခြင်း**

စိုက်ခင်းအတွင်းပေါက်လာသော ပေါင်းများကို လူအင်အားအသုံးပြု၍ လက်ဖြင့်နုတ်ပစ်ခြင်း၊ ခြေဖြင့်နင်းခြေခြင်း၊ စပါးတွင် ခြေဖြင့်မြေထဲသို့ မြှုပ်ပစ်ခြင်း ၊ ပေါက်ပြား၊ တူးရွင်းနှင့် တံစဉ်တို့ကိုအသုံးပြု၍ ရိတ်ခြင်း၊ ဖြတ်ခြင်းတို့ကိုလည်း ပြုလုပ်နိုင်သည်။

**(ဂ) ကိရိယာဖြင့် နှိမ်နင်းခြင်း**

အပင်အတန်းများအကြားရှိ ပေါင်းပင်များကို ပေါင်းလိုက်ကိရိယာ (ကြားပေါင်းလိုက်ကိရိယာ) ကို ရှေ့တိုးနောက်ဆုတ်ပြုလုပ်၍ ပေါင်းများကို နှိမ်နင်းခြင်းဖြစ်သည်။ ပေါင်းပင်များကို ချွန်ထက်သော အသွားများမှ ဖြတ်တောက်ပစ်ပြီး မြေထဲသို့ ရောက်ရှိသွားခြင်းဖြင့် တစ်နှစ်ခံပေါင်းပင်များကို နှိမ်နင်းနိုင်ပါသည်။ ထို့အပြင် မြေသားကို ကြေမွသွားစေပြီး ပေါင်းပင်၏အမြစ်များကို ထိခိုက်မှုဖြစ်စေခြင်းတို့ကြောင့် ပေါင်းများပြန်လည်ရှင်သန်မှု မဖြစ်မီ

*စာမျက်နှာ ၁၁ သို့*

- ❐ **ပေါင်းသည် စိုက်ရေးပျိုးရေးလုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် ထိခိုက်စေနိုင်သည်။ သီးနှံများရိတ်သိမ်းရာတွင် ပေါင်းကြောင့် အနှောင့်အယှက်ဖြစ်စေပြီး သီးနှံထွက်ကုန်များတွင် ပေါင်းစေ့များ ရောပါလာပါက အရည်အသွေးကို ထိခိုက်စေနိုင်ပါသည်။ ပေါင်းပင်၏ အမြစ်မှထွက်သော အရည်များနှင့် အရွက်မှထွက်သော အရည်များသည် သီးနှံပင်များကို အဆိပ်ဖြစ်စေ**
- ❐ **ယေဘုယျအားဖြင့် ပေါင်းကြောင့် သီးနှံအထွက်နှုန်း ၂၀ မှ ၁၀၀ ရာခိုင်နှုန်းအထိ ဆုံးရှုံးနိုင်သည်။ ပေါင်းကြောင့် မြေပဲစိုက်ပျိုးရာတွင် ၂၄ ဒသမ ၄ ရာခိုင်နှုန်း၊ ပြောင်းဖူးတွင် ၃၆ မှ ၆၀ ရာခိုင်နှုန်း၊ နေကြာတွင် ၂၀ မှ ၇၀ ရာခိုင်နှုန်း စသည်ဖြင့် အထွက်နှုန်းလျော့နည်းနိုင်**

# ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ ရုံးချိန်အတွင်း ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဌာနချုပ်ရုံး (နေပြည်တော်)
  (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
  (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
  (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS) ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
  (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
  (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
  (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
  (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
  (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
  (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
  (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
  (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
  (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
  (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉- ၂၅၅၀၀၂၅၁၈
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
  (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
  (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
  (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
  (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်း ဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာ ဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန် သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများ ပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

---

*စာမျက်နှာ ၁၀ မှ*

ခြောက်သွေ့ပြီး သေဆုံးသွားနိုင်ပါသည်။ ကိရိယာဖြင့် နှိမ်နင်းခြင်းသည် လူလုပ်အားဖြင့် နှိမ်နင်းခြင်းထက် အချိန်ကုန်သက်သာစေပြီး ကုန်ကျစရိတ်လည်း သက်သာစေပါသည်။

**(ဃ) စိုက်ပျိုးနည်းလမ်းဖြင့်နှိမ်နင်းခြင်း**

စိုက်ပျိုးနည်းလမ်းဖြင့် နှိမ်နင်းခြင်းဆိုသည်မှာ ပေါင်းပင်များကို ၎င်းတို့နှစ်ခြိုက်မှုမရှိသော အခြေအနေကို ဖန်တီးပေးခြင်းဖြင့် ပေါင်းပင်၏ ယှဉ်ပြိုင်မှုစွမ်းအားကို လျော့နည်းအောင် လုပ်ဆောင်နိုင်သည့်နည်းလမ်းများ သို့မဟုတ် ပေါင်းပင်များကို အချိန်ကာလတစ်ခုအတွင်း ရှင်သန်ကြီးထွားခွင့်ပေးပြီး ၎င်းကာလအတွင်းမှာပင် ပေါင်းကို တိုက်ရိုက်နှိမ်နင်းသည့်နည်းလမ်း ဖြစ်သည်။ စိုက်ပျိုးနည်းလမ်းများအနေဖြင့် မြေယာပြုပြင်ခြင်း၊ ရေသွင်းရေထုတ်စီမံဆောင်ရွက်ခြင်း၊ စိုက်ပျိုးနည်းလမ်းများအသုံးပြုခြင်း၊ မျိုးစေ့ရွေးချယ်ခြင်း၊ အပင်ဦးရေအနည်းအများ၊ ပင်ကြွင်းဖုံးအုပ်ခြင်းနှင့် ဓာတ်မြေဩဇာ အသုံးပြုခြင်းတို့ဖြစ်သည်။

မြေယာပြုပြင်ခြင်းတွင် ပေါင်းများကို ထယ်ထိုးခြင်းနှင့်ထွန်မွှေပေးခြင်း၊ နွေထယ်ရေးခံပြီး ထယ်ထိုးပေးခြင်းဖြင့် ပေါင်းစေ့များနှင့်ပေါင်းပင်အစိတ်အပိုင်းများကို နေရောင်ခြည်ဖြင့် ခြောက်သွေ့စေပြီး သေစေခြင်းတို့ကို ဆောင်ရွက်နိုင်သည်။ ရေသွင်းရေထုတ် စီမံဆောင်ရွက်ခြင်းတွင် သီးနှံမစိုက်ပျိုးခင်ရေသွင်းခြင်း သို့မဟုတ် မြေကောင်းစွာပြင်ဆင်ခြင်းဖြင့် ပေါက်လာသော ပေါင်းများကို ထွန်ယက်ခြင်း သို့မဟုတ် ပေါင်းသတ်ဆေး အသုံးပြုခြင်းတို့ကို ဆောင်ရွက်နိုင်သည်။ စိုက်ပျိုးနည်းလမ်းများတွင် သီးလှည့်စိုက်ခြင်းနှင့် သီးညှပ်စိုက်ခြင်းတို့သည် ပေါင်းပင်ပေါက်ရောက်မှုကို နည်းစေသည်။ မျိုးစေ့နှုန်းထားကို ပိုမိုသုံးစွဲပေးခြင်းဖြင့် အပင်ဦးရေကိုများစေပြီး သီးနှံပင်များကို စိပ်စိပ်စိုက်ပျိုးရာရောက်ကာ ပေါင်းပေါက်ရောက်မှုနည်းစေခြင်းနှင့် ပေါင်းပင်ကိုယှဉ်ပြိုင်မှု အားကောင်းစေရန် ပင်ပိုင်းကြီးထွားမှုကောင်းသည့်မျိုး ရွေးချယ်ခြင်းတို့ကို ဆောင်ရွက်နိုင်သည်။



ပေါင်းကင်းစင်၍ အောင်မြင်ဖြစ်ထွန်းသော ချောက်မြို့နယ်ရှိ မြေပဲစိုက်ခင်း။

> ❖ **စိုက်ပျိုးနည်းလမ်းများတွင် သီးလှည့်စိုက်ခြင်းနှင့် သီးညှပ်စိုက်ခြင်းတို့သည် ပေါင်းပင်ပေါက်ရောက်မှုကို နည်းစေသည်။ မျိုးစေ့နှုန်းထားကို ပိုမိုသုံးစွဲပေးခြင်းဖြင့် အပင်ဦးရေကိုများစေပြီး သီးနှံပင်များကို စိပ်စိပ်စိုက်ပျိုးရာရောက်ကာ ပေါင်းပေါက်ရောက်မှုနည်းစေခြင်းနှင့် ပေါင်းပင်ကိုယှဉ်ပြိုင်မှု အားကောင်းစေရန် ပင်ပိုင်းကြီးထွားမှုကောင်းသည့်မျိုး ရွေးချယ်ခြင်းတို့ကို ဆောင်ရွက်နိုင်**

သီးနှံမစိုက်ပျိုးခင် ပဲမျိုးရင်းဝင်အပင်များ၊ ညံပင်၊ ပိုက်ဆံလျှော်၊ မြေနှိမ့်ချယ်ရီ စသည့်အပင်များကို စိုက်ပျိုးပြီး ထယ်ထိုးထွန်မွှေပေးခြင်းနှင့် ကောက်ရိုးပြတ်များအပါအဝင် သီးနှံပင်ကြွင်းပင်ကျန်များကို မြေဆီလွှာအားဖုံးအုပ်ပေးခြင်းတို့ကို ဆောင်ရွက်နိုင်သည်။ မြေဩဇာကျွေးရာတွင် ပေါင်းပင်သည် သီးနှံပင်ထက်အာဟာရကို ပိုမိုစုပ်ယူနိုင်၍ သီးနှံပင်ရရှိနိုင်မည့် နည်းလမ်းများကို စနစ်တကျ အသုံးပြုခြင်းနှင့် ပေါင်းကင်းစင်မှုအတွက်များစွာအထောက်အကူပြုနိုင်ရန် သီးနှံပင်ကို ပေါင်းပင်နှင့်ယှဉ်ပြိုင်ကြီးထွားစေခြင်းတို့ကို ဆောင်ရွက်နိုင်သည်။ မြေဆီလွှာမျက်နှာပြင်ကို ပလတ်စတစ်အကြည် သို့မဟုတ် အနက်ဖြင့် နွေရာသီနေပြင်းပြင်းပူချိန်တွင် လေးပတ်မှ ခြောက်ပတ်အထိ ဖုံးအုပ်ပေးခြင်း၊ အပူချိန်လျော့နည်းသည့်အချိန်တွင် ရှစ်ပတ်အထိ ဖုံးအုပ်ပေးခြင်းဖြင့် ပေါင်းစေ့နှင့် မြေဆောင်ရောဂါပိုးအချို့ကို သေစေနိုင်ပါသည်။

**(င) ဇီဝနည်းဖြင့်နှိမ်နင်းခြင်း**

ဇီဝနည်းဖြင့်နှိမ်နင်းခြင်းဆိုသည်မှာ ပေါင်းပင်၏ သဘာဝရန်သူများမှ သဘာဝအလျောက် လုပ်ဆောင်ချက်များဖြင့် နှိမ်နင်းခြင်းနှင့် ပေါင်းပင်၏ သဘာဝရန်သူများကို ပေါင်းနှိမ်နင်းရန် ရည်ရွယ်ချက်ဖြင့်မွေးမြူ၍ နှိမ်နင်းခြင်းတို့ ဖြစ်သည်။ ပေါင်းပင်၏သဘာဝရန်သူများမှာ အင်းဆက်ပိုးများ၊ မှို၊ ဗိုင်းရပ်စ်၊ ဗက်တီးရီးယားများ၊ နီမတုတ် စသည့် အဏုဇီဝပိုးမွှားများ၊ ငါး၊ ဘဲ၊ နွားနှင့် အခြားတိရစ္ဆာန်များတို့ ဖြစ်သည်။

**(စ) ဓာတုနည်းဖြင့်နှိမ်နင်းခြင်း**

ဓာတုနည်းဖြင့် နှိမ်နင်းခြင်းဆိုသည်မှာ ပေါင်းနှိမ်နင်းရန် ဓာတုပေါင်းသတ်ဆေးကို လုပ်သားရှားပါးချိန်နှင့် လုပ်အားခဈေးကြီးချိန်တို့တွင် အသုံးပြုခြင်းဖြစ်သည်။ ဓာတုပေါင်းသတ်ဆေးများကို အသုံးပြုရာတွင် ထိရောက်မှုရှိစေရန် ပေါင်းသတ်ဆေးအသုံးပြုရမည့်အချိန်၊ အသုံးပြုရမည့်နည်းလမ်းနှင့် သက်ရှိများအပေါ် အကျိုးသက်ရောက်မှုတို့ကို သိရှိနားလည်ရန် လိုအပ်ပါသည်။

သီးနှံစိုက်ပျိုးထုတ်လုပ်ရာတွင် သီးနှံအထွက်တိုးရေးနည်းလမ်းများကို အသုံးပြုရန်လိုအပ်သကဲ့သို့ သီးနှံအထွက်မလျော့ရေး နည်းလမ်းများကိုလည်း လိုက်နာကျင့်သုံးရန် လိုအပ်ပါသည်။ ပေါင်းသည် သီးနှံပင်များနှင့်အပြိုင် နေရောင်ခြည်၊ ရေ၊ အာဟာရနှင့်နေရာတို့ကို ယှဉ်ပြိုင်လုယူသည်။ ပေါင်းသည် တောင်သူဦးကြီးများရရှိမည့် သီးနှံအထွက်နှုန်းကို လျော့နည်းစေခြင်းဖြင့် ဝင်ငွေကို လျော့နည်းစေနိုင်ပါသည်။ ထို့ကြောင့် အဓိပ္ပာယ်အားဖြင့် အပေါင်းလက္ခဏာဆောင်သော်လည်း လက်တွေ့စိုက်ပျိုးထုတ်လုပ်ခြင်းတွင် သီးနှံပင်အတွက်ဖြစ်စေ၊ တောင်သူဦးကြီးများအတွက်ဖြစ်စေ အနုတ်လက္ခဏာဆောင်သော ပေါင်းကိုမဖြစ်မနေ ကြိုးစားကာကွယ်နှိမ်နင်းကြရန် လိုအပ်ပါကြောင်း စေတနာအပေါင်းနှင့် တင်ပြလိုက်ရပါသည်။ ။

# အင်ဂျင်နီယာပညာရေး အရည်အသွေးအတည်ပြုခြင်းဆိုင်ရာ နိုင်ငံတကာညီလာခံ-၂၀၂၅ ကျင်းပ

## အင်ဂျင်နီယာဘွဲ့ရများ၏ ယုံကြည်စိတ်ချရမှုနှင့် အလုပ်အကိုင်နယ်ပယ်ပြောင်းရွှေ့နိုင်မှုတို့ကိုမြှင့်တင်နိုင်ရေး ဆွေးနွေးမှုများပြုလုပ်

**နေပြည်တော် ဇူလိုင် ၃၀**
မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနှင့် ကမ္ဘာ့အင်ဂျင်နီယာအဖွဲ့ချုပ်(WFEO)၏ အင်ဂျင်နီယာပညာရေးဆိုင်ရာ အမြဲတမ်းအင်ဂျင်နီယာအဖွဲ့ (CEIE) တို့ ပူးပေါင်း၍ မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် အင်ဂျင်နီယာပညာရေး အရည်အသွေးအတည်ပြုခြင်းဆိုင်ရာ နိုင်ငံတကာညီလာခံ ICEEA 2025 ကို ယနေ့ မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လမ်းမတော်မြို့နယ်ရှိ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနာယက စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း Virtual စနစ်ဖြင့် တက်ရောက်သည်။(ယာပုံ)

ညီလာခံသို့ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီနာယကများ၊ ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌများ၊ အင်ဂျင်နီယာအထူးပြုဘာသာရပ်အလိုက် လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌများနှင့် မြန်မာနိုင်ငံအင်ဂျင်နီယာ ကောင်စီဝင်များ တက်ရောက်ကြပြီး နိုင်ငံပေါင်း ၂၀ ကျော်မှ အင်ဂျင်နီယာအဖွဲ့အစည်းမှ တာဝန်ရှိသူများနှင့် အင်ဂျင်နီယာပညာရှင်များက အွန်လိုင်းဖြင့်တက်ရောက်ကြသည်။

ညီလာခံတွင် ပြည်ထောင်စုဝန်ကြီးက နိုင်ငံတကာညီလာခံ - ၂၀၂၅ အား "အင်ဂျင်နီယာပညာဖြင့် ရေရှည်တည်တံ့သော အနာဂတ်ကိုပုံဖော်ခြင်း" ခေါင်းစဉ်ဖြင့် ဒေသတွင်းနှင့် နိုင်ငံတကာမှ အင်ဂျင်နီယာပညာရေးနှင့် ပတ်သက်သည့် ဘာသာရပ်အလိုက် ကျွမ်းကျင်မှုဆိုင်ရာမြှင့်တင်ရန်နှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးတိုးတက်မှုဖြစ်စေရန်၊ အင်ဂျင်နီယာပညာရေးသည် နည်းပညာပိုင်းအရ ခိုင်မာစွာရပ်တည်နိုင်ရုံသာမက ကိုယ်ကျင့်တရားပိုင်းဆိုင်ရာ အခြေခံသဘောတရားများ၊ လူမှုအသိုက်အဝန်း၏ တုံ့ပြန်မှုနှင့် တစ်ကမ္ဘာလုံးနှင့် သက်ဆိုင်မှုရှိကြောင်းတို့ကို ပါဝင်တက်ရောက်သူများအကြား အဓိပ္ပာယ်ပြည့်ဝသော ဆွေးနွေးမှုများ၊ သင်ယူမျှဝေခြင်းနှင့် နည်းဗျူဟာကျသည့် ပူးပေါင်းဆောင်ရွက်မှုများကို အားပေးသည့် ပတ်ဝန်းကျင်တစ်ရပ်ဖန်တီးရန် ရည်ရွယ်ကျင်းပရခြင်းဖြစ်ကြောင်း။

အင်ဂျင်နီယာ ဆန်းသစ်တီထွင်မှုများသည် ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးပန်းတိုင်များကို အားဖြည့်ပေးနိုင်ရေး၊ ၂၁ ရာစု စွမ်းရည်များမြှင့်တင်ခြင်းနှင့် အသိအမှတ်ပြုခြင်းတို့အတွက် အရည်အချင်းစစ်ဆေးရေးစနစ်များ ပိုမိုကောင်းမွန်အောင် ပြောင်းလဲဆောင်ရွက်နိုင်ရေး၊ ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများမှ အင်ဂျင်နီယာဘွဲ့ရများ၏ ယုံကြည်စိတ်ချရမှုနှင့် အလုပ်အကိုင်နယ်ပယ်ပြောင်းရွှေ့နိုင်မှုတို့ကို မြှင့်တင်နိုင်ရေး၊ စီးပွားရေးစွမ်းဆောင်နိုင်မှုနှင့် ကိုယ်ကျင့်တရားအခြေခံသော ခေါင်းဆောင်မှုစွမ်းရည်များ ဖွံ့ဖြိုးစေရန် ပညာရေးသင်ရိုးညွှန်းတမ်းများကို ပြန်လည်ရေးဆွဲနိုင်ရေးတို့အတွက် ဆွေးနွေးမှုများ ပြုလုပ်သွားရန်ပြောကြားသည်။

ထို့နောက် ကမ္ဘာ့အင်ဂျင်နီယာအဖွဲ့ချုပ် (WFEO) ဥက္ကဋ္ဌ၊ နိုင်ငံတကာအင်ဂျင်နီယာအဖွဲ့ချုပ် (IEA) ဥက္ကဋ္ဌ၊ ထိုင်ဝမ်အင်ဂျင်နီယာပညာရေးအဖွဲ့အစည်း (IEET) အမှုဆောင်အရာရှိချုပ်နှင့် အာရှနှင့် ပစိဖိတ်ဒေသ အင်ဂျင်နီယာအဖွဲ့အစည်းများ ဖက်ဒရေးရှင်း (FEIAP) ဥက္ကဋ္ဌတို့က အမှာစကား ပြောကြားကြသည်။



အင်ဂျင်နီယာပညာရေးအရည်အသွေးအတည်ပြုခြင်းဆိုင်ရာ နိုင်ငံတကာညီလာခံ ICEEA ကို နှစ်ရက်ကြာ ကျင်းပသွားမည်ဖြစ်ပြီး ကမ္ဘာ့အင်ဂျင်နီယာအဖွဲ့ချုပ်(WFEO)၊ နိုင်ငံတကာ အင်ဂျင်နီယာအဖွဲ့ချုပ် (IEA)၊ ထိုင်ဝမ်အင်ဂျင်နီယာပညာရေးအဖွဲ့အစည်း (IEET)၊ ဩစတြေးလျအင်ဂျင်နီယာအဖွဲ့အစည်း (EA)၊ အာရှနှင့် ပစိဖိတ်ဒေသ အင်ဂျင်နီယာအဖွဲ့အစည်းများဖက်ဒရေးရှင်း (FEIAP)၊ ပါကစ္စတန် အင်ဂျင်နီယာကောင်စီ၊ မလေးရှား အင်ဂျင်နီယာများအဖွဲ့အစည်း (IEM)၊ အာဆီယံအင်ဂျင်နီယာအဖွဲ့အစည်းများဖက်ဒရေးရှင်း (AFEO)၊ အိန္ဒိယနိုင်ငံ အရည်အသွေးအာမခံအဖွဲ့၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် မြန်မာနိုင်ငံရှိ အဆင့်မြင့်ပညာရေးအဖွဲ့အစည်းများမှ အင်ဂျင်နီယာပညာရှင်များက အင်ဂျင်နီယာပညာရေးဖြင့် ရေရှည်တည်တံ့သော အနာဂတ်ကို ပုံဖော်ခြင်း၊ WFEO Academy ၏ အခန်းကဏ္ဍ၊ ရေရှည်တည်တံ့သောကမ္ဘာအတွက် အနာဂတ်အင်ဂျင်နီယာများ လေ့ကျင့်ပျိုးထောင်ခြင်း၊ အင်ဂျင်နီယာပညာ အတည်ပြုခြင်းတွင် AI ၏ အခန်းကဏ္ဍ၊ ရေရှည်တည်တံ့သော ဖွံ့ဖြိုးရေးရည်မှန်းချက်များ (SDG)၊ စွမ်းအင်သုံး သုညသို့ ခရီးလမ်းနှင့် ရေရှည်တည်တံ့သော ဒေတာစင်တာများစသည့် ခေါင်းစဉ်များဖြင့် ဟောပြောဆွေးနွေးကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ငလျင်ဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများ ပေးအပ်လှူဒါန်း




**နေပြည်တော် ဇူလိုင် ၃၀**
မန္တလေးငလျင်ကြီး ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း၊ ပြည်ပစေတနာရှင်များ၊ အဖွဲ့အစည်းများက အလှူငွေနှင့် ပစ္စည်းများ ပေးအပ်လှူဒါန်းလျက်ရှိရာ ယနေ့ မွန်းလွဲပိုင်းတွင် Wowtiger New Energy ကုမ္ပဏီက Portable Power Station အစုံ ၃၀ နှင့် Solar Energy Storage System ကိုးစုံ (ဝဲပုံ) တို့ကိုလည်းကောင်း၊ ထိုင်းနိုင်ငံ ထစ်ဖဒုန်းဖောင်အုန်းသီးကုမ္ပဏီ (THEPPADUNGPORN COCO-NUT Co.,Ltd.)က အချိုရည်ဘူး ၁၅၀၀၀ နှင့် Sport Shirt ၁၀၀၄ ထည် တို့ကိုလည်းကောင်း၊ ဂျပန်နိုင်ငံမှ Mr. Lin Baoquan က ဂျပန်ယန်း နှစ်သိန်းကိုလည်းကောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဗဟိုဌာန(DMC)သို့ လာရောက်ပေးအပ်လှူဒါန်းသည်။

ထိုသို့လှူဒါန်းရာတွင် အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ ဒုတိယဥက္ကဋ္ဌ(၂) လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာစိုးဝင်းက အလှူငွေနှင့်ပစ္စည်းများ လက်ခံရယူပြီး ငလျင်ဘေးဖြစ်ပွားခဲ့မှု၊ နိုင်ငံတော်၏ ပြန်လည်ထူထောင်ရေး ဆောင်ရွက်နေမှု အခြေအနေများနှင့် လှူဒါန်းမှုများအတွက် ကျေးဇူးတင်စကားတို့ကို ပြန်လည်ပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

လှူဒါန်းပွဲသို့ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး၊ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာသန်းစိုးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် ဇူလိုင် ၃၀**
ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေကျော် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ငါးပေခွဲခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း နှစ်လက်မခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ နှစ်ပေခွဲခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း ပေဝက်ခန့် ကျဆင်းလာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ငါးပေခွဲကျော် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း တစ်ပေခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ ၁၂ ပေခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း တစ်ပေခွဲခန့် မြင့်တက်လာနိုင်ကာ ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့ နံနက် ၆ နာရီခွဲ တိုင်းထွာချက်အရ ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက်သို့ တစ်ပေခန့် ကျော်လွန်နေပြီး နောက်တစ်ရက်အတွင်း စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းနိုင်သည်။

သို့ဖြစ်ပါ၍ ဘီးလင်းမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် သတိပြုနေထိုင်ပါရန်နှင့် တောင်ငူမြို့နယ်၊ ရွှေကျင်မြို့နယ်၊ ဘားအံမြို့နယ်၊ မြဝတီမြို့နယ်နှင့် မဒေါက်မြို့အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် ရေဘေးလွတ်ရာနေရာများသို့ ရှောင်ရှားနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

**မိုး/ဇလ**

# ရုရှားနိုင်ငံ ကမ်ချတ်ကာကမ်းလွန်ပင်လယ်ပြင်တွင် ပြင်းအား ၈ ဒသမ ၈ အဆင့်ရှိ ငလျင်လှုပ်ခတ်

## ၁၉၅၂ ခုနှစ်နောက်ပိုင်း အပြင်းထန်ဆုံး ငလျင်ဖြစ်

**ဗလာဒီဗော့စတော့ခ် ဇူလိုင် ၃၀**

ရုရှားနိုင်ငံ ကမ်ချတ်ကာကျွန်းဆွယ်ကမ်းလွန်ပင်လယ်ပြင်တွင် ဇူလိုင် ၃၀ ရက်က ပင်လယ်ပြင်အနက် ၂၀ ဒသမ ၇ ကီလိုမီတာကို ဗဟိုပြု၍ ပြင်းအား ၈ ဒသမ ၈ အဆင့်ရှိအင်အားအလွန်ပြင်းထန်သော ငလျင်လှုပ်ခတ်မှုဖြစ်ပွားခဲ့ကြောင်း အမေရိကန်ဘူမိဗေဒတိုင်းတာရေးအဖွဲ့က ထုတ်ပြန်ထားသည်။ ယင်းငလျင်မှာ ၁၉၅၂ ခုနှစ်နောက်ပိုင်း အပြင်းထန်ဆုံးငလျင်ဖြစ်ကြောင်း ရုရှားသိပ္ပံအကယ်ဒမီ၏ ဘူမိရူပဗေဒဆိုင်ရာ ဝန်ဆောင်မှုဌာနခွဲက ထုတ်ပြန်ထားသည်။

ကမ်ချတ်ကာဒေသတွင် လှုပ်ခတ်ခဲ့သော ငလျင်ကြောင့် ဖြစ်ပေါ်လာသည့် ဆူနာမီလှိုင်းသည် ရုရှားနိုင်ငံ အရှေ့ဖျားဒေသအနှံ့အပြား ရိုက်ခတ်မှုရှိကြောင်း၊ ဆူနာမီလှိုင်းကြောင့် ကူရီလ်ကျွန်းစုဆီဗဲရို-ကူရီလ်စ်ခ်မြို့တွင်ရှိသည့် ပင်လယ်စာထုတ်လုပ်ရေးစက်ရုံပျက်စီးသွားသည့် ရုပ်သံဖိုင်ကို ရုရှားသတင်းစာ Izvestia က လူမှုကွန်ရက်တွင် ဖော်ပြထားသည်။ ရုရှားနိုင်ငံပိုင် ရုပ်မြင်သံကြားတစ်ခုတွင် ကမ်ချတ်ကာဒေသ၌ သူငယ်တန်းကျောင်းဆောင်တစ်ခုပြိုကျနေသည့် ရုပ်သံဖိုင်ကိုလည်း ထုတ်လွှင့်ဖော်ပြခဲ့သည်။

ငလျင်လှုပ်ခတ်မှုဖြစ်ပွားပြီးနောက် အလက်စကာ၊ ဟာဝိုင်ယီ၊ ဂူအမ်နှင့် အနောက်ဘက်ကမ်းရိုးတန်းဒေသတို့အပါအဝင် အမေရိကန်ပြည်ထောင်စုတွင် ဆူနာမီသတိပေးချက်များ ထုတ်ပြန်ခဲ့သည်။ ၁ ဒသမ ၇ မီတာရှိလှိုင်းလုံးကြီးများ ဟာဝိုင်ယီကျွန်းစုကို ရိုက်ခတ်ခဲ့ကြောင်း၊ ဟာဝိုင်ယီတွင် ဆူနာမီသတိပေးချက်များ ဆက်လက်အသက်ဝင်နေဆဲဖြစ်ကြောင်း ပစိဖိတ်ဒေသ ဆူနာမီသတိပေးရေးစင်တာက ပြောသည်။

ဂျပန်မိုးလေဝသအေဂျင်စီက ဇူလိုင် ၃၀ ရက်ညနေပိုင်းမှစတင်ကာ ဂျပန်နိုင်ငံရှိ ဒေသအားလုံးအတွက် ဆူနာမီသတိပေးချက်များကို အကြံပေးချက်များအဖြစ် ပြင်ဆင်သတ်မှတ်လိုက်ပြီဖြစ်သည်။ သို့သော်လည်း ပြည်သူများအနေဖြင့် အကြံပေးချက်များ မရုပ်သိမ်းမီအထိ သတိထားနေထိုင်ကြရန် တာဝန်ရှိသူများက ပြောသည်။ အစိုးရတာဝန်ရှိသူများ၏ ထုတ်ပြန်ချက်အရ ဒေသ ၂၂၈ ခုမှ လူပေါင်းနှစ်သန်းကျော်ကို ဘေးလွတ်ရာသို့ ပြောင်းရွှေ့ကြရန် တိုက်တွန်းထားသည်။



အင်အားအလွန်ပြင်းထန်သည့် ငလျင်လှုပ်ခတ်မှုဖြစ်ပွားပြီးနောက် ကမ်ချတ်ကာဒေသရှိ သူငယ်တန်းကျောင်းဆောင်ပြိုကျမှုကို ဇူလိုင် ၃၀ ရက်က တွေ့ရစဉ်။

ထို့အပြင် အာဏာပိုင်များက ပင်လယ်နှင့် ဝေးရာတွင် နေထိုင်ကြရန်၊ ပိုမိုမြင့်မားသော နေရာများသို့ ပြောင်းရွှေ့နေထိုင်ကြရန် ပြည်သူများကို တောင်းဆိုထားသည်။ ဆူနာမီသတိပေးချက်များကြောင့် ရထားနှင့် လေကြောင်းခရီးစဉ်များ နှောင့်နှေးကြန့်ကြာမှုဖြစ်ပေါ်ခဲ့သည်။

အင်န်အိတ်ချ်ကေ၊ ဆင်ဟွာ

# တူကီယဲနိုင်ငံ အနောက်မြောက်ပိုင်း၌ တောမီးလောင်မှုကို ထိန်းချုပ်နိုင်ပြီ

**အစ္စတန်ဘူလ် ဇူလိုင် ၃၀**

တူကီယဲနိုင်ငံ အနောက်မြောက်ပိုင်းပြည်နယ် ဘာဆာတွင် လောင်နေသည့် တောမီးကို ဇူလိုင် ၂၉ ရက်က ထိန်းချုပ်နိုင်ပြီဖြစ်သည်။ ဆက်လက်လောင်နေသည့် နေရာတစ်နေရာသာ ကျန်ရှိပြီး မီးငြိမ်းသတ်ရေးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်လျက်ရှိသည်။

ဘာဆာပြည်နယ် ဟာမန်းချစ်ခရိုင်တွင် လောင်သည့် တောမီးတစ်ခုသာ ကျန်တော့သည်ဟု တူကီယဲ စိုက်ပျိုးရေးနှင့်သစ်တောဝန်ကြီး အီဘရာဟင်ယူမက်လီက လူမှုကွန်ရက်မီဒီယာပေါ်တွင် ရေးသားခဲ့သည်။



ဝေဟင်မြေပြင်တို့မှ တောမီးငြိမ်းသတ်မှုလုပ်ငန်းများ လုပ်ဆောင်ခဲ့သည်ဟု ၎င်းက ဆက်ပြောသည်။ ဘာဆာပြည်နယ်၌ လောင်နေသည့် တောမီးသည် လေပြင်းနှင့် အပူချိန်မြင့်မားမှုကြောင့် ပိုမိုအားကောင်းခဲ့ပြီး လေးရက်ကြာလောင်ခဲ့ကာ လေးဦး သေဆုံးခဲ့သည်။

ဝေဟင်မှ ရိုက်ကူးထားသည့် ရုပ်သံတွင် တောမီးလောင်မှုကို ထိန်းချုပ်နိုင်ကာ မီးလောင်ပြီးနောက်ကျန်ရစ်ခဲ့သည့်ပြာများကို တွေ့ရှိရသည်။

အဆိုပါ ရုပ်သံကို ဒီမီရိုရန်သတင်းအေဂျင်စီတွင် ဖော်ပြထားသည်။ ယခုနှစ် အောက်တိုဘာလမတိုင်မီအထိ တောမီး သတိထားရဦးမည်ဟု ၎င်းက ဆက်လက်ပြောသည်။

ဆင်ဟွာ

# နစ်ဆန်းကုမ္ပဏီက မက္ကဆီကိုရှိ ကားစက်ရုံမှထုတ်လုပ်မှုများကို ရပ်ဆိုင်းမည်

**ယိုကိုဟားမား ဇူလိုင် ၃၀**

ယခု ဘဏ္ဍာနှစ်အတွင်း မက္ကဆီကိုရှိ CIVAC ကားစက်ရုံမှ မော်တော်ကားထုတ်လုပ်မှုများကို ရပ်တန့်တော့မည်ဟု နစ်ဆန်းကားကုမ္ပဏီက ပြောသည်။ အဆိုပါအစီအစဉ်ကို နစ်ဆန်းကုမ္ပဏီက ဇူလိုင် ၃၀ ရက်တွင် ကြေညာခဲ့သည်။ မကြာသေးမီက စက်ရုံလည်ပတ်မှုနှုန်း လျော့ကျပြီးနောက် ကုမ္ပဏီ၏ စီးပွားရေးလုပ်ဆောင်မှုကို ထိခိုက်လာသည့်အတွက် ယခုလိုဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

အခက်အခဲကြုံတွေ့နေသည့် အဆိုပါကုမ္ပဏီသည် အလွန်အကျွံထုတ်လုပ်မှုကို ပြန်လည်သုံးသပ်ရန် ဂျပန်နိုင်ငံအတွင်းနှင့် ပြည်ပရှိ စက်ရုံစုစုပေါင်းခုနစ်ခုကို လျှော့ချရန်အစီအစဉ်ကို ကြေညာခဲ့ပြီးဖြစ်သည်။ အာဂျင်တီးနားနှင့် အိန္ဒိယရှိ စက်ရုံများကို ဖြတ်တောက်သွားမည်ဟုလည်း ကြေညာထားပြီးဖြစ်သည်။

ဂျပန်ပြည်တွင်း၌လည်း ကာနာဂါဝါခရိုင်ရှိ အော့ပါးမားစက်ရုံနှင့် ရှာတိုင်ရှိနန် စက်ရုံတို့၌ ကားထုတ်လုပ်မှုကို ရပ်တန့်သွားမည်ဟု ကြေညာခဲ့သည်။

အင်န်အိတ်ချ်ကေ




# ဗီယက်နမ်တောင်ပိုင်းတွင် လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် နေအိမ်အများအပြားပျက်စီး

**ဟန္တိုင်း ဇူလိုင် ၃၀**

ဗီယက်နမ်နိုင်ငံတောင်ပိုင်း ကာမောက်ပြည်နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် ရုတ်တရက် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် နေအိမ်အများအပြား ပြိုကျမှုဖြစ်ပွားကြောင်း ဒေသမီဒီယာ VNExpress က ဇူလိုင် ၃၀ ရက်တွင် အစီရင်ခံဖော်ပြထားသည်။

လေဆင်နှာမောင်းသည် ဇူလိုင် ၃၀ ရက် ဒေသစံတော်ချိန် နံနက် ၇ နာရီခွဲဝန်းကျင်တွင် ဝင်ရောက်တိုက်ခတ်ခဲ့ပြီး နေအိမ် ၂၀ ကျော် ထိခိုက်ပျက်စီးမှုဖြစ်ပွားခဲ့ကြောင်း၊ အခြား ၁၇ လုံးမှာ အမိုးလန်ကျမှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဆင်ဟွာ

# ပါကစ္စတန်နိုင်ငံ၌ နှစ်စဉ်ကလေး ၈၀၀၀ အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ကင်ဆာဆေးအခမဲ့ ပေးသွားမည်

**အစ္စလာမ္မာဘတ် ဇူလိုင် ၃၀**

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးနှင့် ပါကစ္စတန်ကျန်းမာရေးဝန်ကြီးဌာနတို့သည် ကင်ဆာရောဂါခံစားနေရသည့်ကလေးငယ်များအတွက် အရည်အသွေးစိတ်ချရသော ဆေးဝါးအခမဲ့ထောက်ပံ့ပေးရန်ရည်ရွယ်၍ ကလေးငယ်များ ကင်ဆာဆေးများရရှိရေးအတွက် တစ်ကမ္ဘာလုံးဆိုင်ရာပလက်ဖောင်းတွင် ပါကစ္စတန်နိုင်ငံ၏ ပူးပေါင်းပါဝင်မှု တရားဝင်ဖြစ်စေရေး ဇူလိုင် ၂၉ ရက်က သဘောတူလက်မှတ်ရေးထိုးခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီး၏ ထုတ်ပြန်ချက်အရ အဆိုပါသဘောတူညီမှုသည် ပါကစ္စတန်၌ ကင်ဆာရောဂါနှင့်ရင်ဆိုင်နေရသည့်ကလေးငယ်များအတွက် မျှော်လင့်ချက်ရောင်ခြည်သစ်ကို သယ်ဆောင်ပေးနိုင်မည်ဖြစ်သည်။

၂၀၃၀ ပြည့်နှစ်တွင် ကင်ဆာရောဂါခံစားနေရသည့် ကလေးငယ်များ၏ အသက်ရှင်နှုန်းကို ၃၀ ရာခိုင်နှုန်းမှ ၆၀ ရာခိုင်နှုန်းအထိ တိုးမြှင့်သွားရန် ရည်မှန်းထားသည်။

နိုင်ငံအတွင်း ကင်ဆာရောဂါခံစားနေရသည့် ကလေးငယ်များ အသက်ရှင်သန်နိုင်နှုန်း နိမ့်ပါးရခြင်း၏ နောက်ကွယ်မှ အကြောင်းအရင်းမှာ ကုသမှုပိုင်းတွင် အကန့်အသတ်များ ရှိနေခြင်းဖြစ်သည်။ ပါကစ္စတန်နိုင်ငံ၌ နှစ်စဉ်ကင်ဆာရောဂါခံစားနေရသည့် ကလေးငယ်ဦးရေမှာ ၈၀၀၀ ကျော်ရှိသည်။

ပါကစ္စတန်သည် မြေထဲပင်လယ်အရှေ့ခြမ်း၌ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်) နှင့်အတူပူးပေါင်း၍ အကောင်ထည်ဖော်ဆောင်ရွက်နေသည့် ယခုကဲ့သို့ လုပ်ရှားမှုတွင် ပါဝင်လာသည့် ဒုတိယမြောက်နိုင်ငံဖြစ်သည်။

ယူနီဆက်ဖ်သည် ပါကစ္စတန်သို့ ဆေးဝါးများဝယ်ယူခြင်းနှင့် ပေးပို့ခြင်းတို့ လုပ်ဆောင်ပေးမည်ဖြစ်သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးသည် ကလေးကင်ဆာရောဂါကို တိုက်ဖျက်ရန် ပါကစ္စတန်ကျန်းမာရေးနှင့် ပြည်နယ်အာဏာပိုင်များအား လိုအပ်သောနည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုနှင့်ထောက်ပံ့ ပို့ဆောင်ရေးအရင်းမြစ်များနှင့်အတူ ဆက်လက်ပံ့ပိုးပေးသွားမည်ဟု ကြေညာချက်တွင် ဖော်ပြထားသည်။

ဆင်ဟွာ

# နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် DPLA ၊ MDY–PDF နှင့် TNLA အဖွဲ့ဝင် ၁၂ ဦး ဥပဒေဘောင်အတွင်းသို့ ထပ်မံဝင်ရောက်

နေပြည်တော် ဇူလိုင် ၃၀

**တပ်မတော်အနေဖြင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို အစဉ်တစိုက် အလေးထားဆောင်ရွက်လျက်ရှိသည်နှင့်အညီ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter – Terrorism Operation) များတွင် အောင်မြင်မှုများရရှိကာ အကြမ်းဖက်သောင်းကျန်းသူများ ယာယီထိန်းချုပ်ထားသည့် နယ်မြေများအား အပြီးတိုင်ပြန်လည်ထိန်းချုပ်နိုင်ခဲ့မှုများအပေါ် ဒေသခံတိုင်းရင်းသားပြည်သူများအနေဖြင့် ဝမ်းသာအားရ ကြိုဆိုထောက်ခံလျက်ရှိကြပြီး စိတ်အားထက်သန်စွာ အားပေးထောက်ခံမှုများ၊ ယုံကြည်အားကိုးမှုများဖြင့် တပ်မတော်နှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်လာခဲ့ခြင်းများကြောင့် လက်နက်ကိုင်အကြမ်းဖက်အဖွဲ့ဝင်များအနေဖြင့်လည်း ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် နားလည်သဘောပေါက်လာကြကာ နီးစပ်ရာနယ်မြေခံ တပ်စခန်းများနှင့် လုံခြုံရေးရဲကင်းများတွင် လာရောက်သတင်းပို့ပြီး ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လျက်ရှိကြသည်။**

ထိုသို့ဥပဒေဘောင်အတွင်းသို့ ပြန်လည် ဝင်ရောက်လျက်ရှိရာ ဇူလိုင် ၁၇ ရက်မှ ဇူလိုင် ၂၉ ရက်အထိ TNLA အဖွဲ့ဝင် လေးဦး၊ DPLA အဖွဲ့ဝင် ၄၇ ဦးနှင့် MDY–PDF အဖွဲ့ဝင် ၆၁ ဦး၊ ရှာင် PDF အဖွဲ့ဝင် ခြောက်ဦး၊ စုစုပေါင်း ၁၁၈ ဦးတို့သည် လက်နက်မျိုးစုံ ၁၄ လက်၊ ကျည်မျိုးစုံ ၁၅၁၅ တောင့်၊ ကျည်အိမ် ၁၂ ခုနှင့်အတူ ပြန်လည် ဝင်ရောက်လာခဲ့ကြသည်။

ယနေ့တွင် အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် ပြင်ဦးလွင်တပ်နယ်ရှိ နယ်မြေခံ သင်တန်းကျောင်း၌ DPLA အဖွဲ့ဝင် အမျိုးသား လေးဦး၊ MDY–PDF အဖွဲ့ဝင် အမျိုးသား ခြောက်ဦးနှင့် TNLA အဖွဲ့ဝင် အမျိုးသား နှစ်ဦး စုစုပေါင်း ၁၂ ဦးတို့သည် Type–81 အမျိုးအစား သေနတ် တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ၎င်းကျည် ၂၅ တောင့်၊ လက်ပစ်ဗုံး တစ်လုံးနှင့်အတူ ဥပဒေဘောင်အတွင်း ငြိမ်းချမ်းစွာ နေထိုင်လိုခြင်း၊ နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား ယုံကြည်လက်ခံလာခြင်းများကြောင့် ဥပဒေဘောင်အတွင်းကို ပြန်လည်ဝင်ရောက်လာခဲ့ရာ ၎င်းတို့ကို တာဝန်ရှိသူများက ပြန်လည်လက်ခံပြီး ချီးမြှင့်ငွေများနှင့် ထောက်ပံ့ပစ္စည်းများပေးအပ်ကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည် လွှဲပြောင်းအပ်နှံပေးခဲ့သည်။

အဆိုပါ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများ၏ ပြောကြားချက်များအရ ၎င်းတို့သည် အေးချမ်းစွာ နေထိုင်လုပ်ကိုင်စားသောက်သူများဖြစ်ပြီး အကြမ်းဖက်သမားများအနေဖြင့် ၎င်းတို့အဖွဲ့သို့ မဝင်ရောက်ပါက မိဘဆွေမျိုးများနှင့် အကျပ်ကိုင်၍အတင်းအဓမ္မလူသစ်စုဆောင်းခြင်းကို ခံခဲ့ရကြောင်း၊ ထို့ပြင် တောတွင်း၌ ပင်ပန်းကြမ်းတမ်းစွာဖြင့် အနေဆင်းရဲ၊ အစားဆင်းရဲ နေထိုင်ခဲ့ရကြောင်း၊ ၎င်းတို့အဖွဲ့အတွင်း၌ လက်နက်အားကိုးဖြင့် အထက်အောက် အနိုင်ကျင့်ဗိုလ်ကျ လူမျိုးရေးခွဲခြားဆက်ဆံခံရခြင်း၊ အဆင့်အတန်းခွဲခြား ဆက်ဆံခံရခြင်းများရှိကြောင်း၊ တပ်မတော်၏ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး (Counter– Terrorism Operation)များဆင်နွှဲမှုတွင် အကျအဆုံးများပြားလာသဖြင့် ခုခံနိုင်ခြင်းမရှိတော့၍ ဆက်လက်တိုက်ခိုက်လိုခြင်းမရှိဘဲ အသက်ရှင်သန်ရေးအတွက် အခက်အခဲဒုက္ခမျိုးစုံကြားမှ ထွက်ပြေးတိမ်းရှောင်နေရခြင်းများကြောင့် စိတ်ဓာတ်များကျဆင်းလာခြင်း၊ အကြမ်းဖက်သမားများ၏ လုပ်ရပ်များသည် အပြစ်မဲ့ပြည်သူများအတွက် လူမှုစီးပွားဘဝများ များစွာထိခိုက်နစ်နာသည်ကို သိရှိနားလည်လာခြင်း၊ မိသားစုများနှင့်အတူ ယခင်ကဲ့သို့ နွေးနွေးထွေးထွေး ပြန်လည်နေထိုင်လိုခြင်း၊ နိုင်ငံတော်အစိုးရ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအပေါ် နားလည်သဘောပေါက်လာခြင်းတို့ကြောင့် ယခုကဲ့သို့ ၎င်းတို့အဖွဲ့အတွင်းမှ ပြန်လည်စွန့်ခွာလာပြီး နီးစပ်ရာ တပ်မတော်စခန်းများမှတစ်ဆင့် ဥပဒေဘောင်အတွင်းကို ပြန်လည်ဝင်ရောက်လာခြင်းဖြစ်ကြောင်း သိရှိရသည်။

ထိုသို့ နိုင်ငံတော်အစိုးရအနေဖြင့်ဥပဒေဘောင်အတွင်းဝင်ရောက်လာသူများအား နွေးထွေးစွာ ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့်ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိခြင်းများကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်းသိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လိုသူများအနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန် ဆက်သွယ်သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများအား ထိုက်တန်စွာ ပေးအပ်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

အဆိုပါ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများ၏ ရင်တွင်းစကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည် –

**အလင်းဝင် – ၁**

ကျွန်တော်ကတော့ DPLA ထဲကို ဘယ်လိုစရောက်ခဲ့သလဲဆိုတော့ ကျွန်တော်တို့ကို DPLA က စစ်ကောက် ကောက်တယ်ဗျ။ တစ်အိမ် တစ်ယောက်နှုန်းနဲ့ ကောက်တယ်။ တစ်အိမ်တစ်ယောက်နှုန်းနဲ့ကောက်တော့ ကျွန်တော်တို့က မောင်နှမ သုံးယောက်ရှိတယ်။ မောင်နှမ သုံးယောက်ရှိတဲ့အတွက် ညီတွေ၊ ညီမတွေကြောင့် ကျွန်တော် လိုက်ခဲ့ရတယ်။ လိုက်ခဲ့ရတဲ့အချိန်မှာ သူတို့က ကျွန်တော်တို့ကို ညကြီးအချိန်မှာ ကားနဲ့သင်တန်းကွင်းကို ခေါ်သွားတယ်။ သင်တန်းစတက်တဲ့အချိန် အတွေ့အကြုံကတော့ ကျွန်တော်တို့က လောကကြီးနဲ့ အဆက်အသွယ် ပြတ်သွားပြီဗျ။ ကျွန်တော်တို့ဘဝတွေက ပြောရမယ်ဆိုရင် ရှင်လျက်နဲ့ သေသလိုဖြစ်သွားပြီဗျာ။ ဘာလို့လဲဆိုတော့ ဘေးကို ကြည့်လိုက်ရင်လည်း တောတောင်တွေ၊ အောက်ကို ကြည့်လိုက်ရင်လည်း ရေတွေပဲမြင်ရပြီး အခြားဘာမှမမြင်ရဘူး။ သင်တန်းကွင်းကို ကျွန်တော်တို့ နံနက် ၄ နာရီကနေ ည ၉ နာရီအထိ နားချိန်မရှိဘဲသင်တန်းတက်ရပါတယ်။ အစားအသောက်ကျွေးရင်လည်း အငတ်ငတ်အပြတ်ပြတ်နဲ့ ဘာကျွေးလဲဆိုတော့ ရှူးရှဲနဲ့ စွန်တန်ပဲကျွေးတယ်။ တစ်ခါတလေမှာ ရှူးရှဲတောင်မှ နပ်မမှန်ဘူး။ တစ်ခါတလေ ဆားဖြူးစားရတဲ့အခါတွေလည်း ရှိတယ်။ အဲဒီလိုအစားအသောက် နပ်မမှန်တော့ ကိုယ်ဘာသာ တောထဲက အသီးအရွက်လေးတွေ ခူးချက်စားရတယ်။ အဲဒီလိုသွားခူးစားလို့ သိသွားရင် အရိုက်အနှက်ခံရတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတို့ကျွေးတာမစားလို့၊ မင်းတို့က အဲဒီလို ခူးစားလား၊ လုပ်စားလားဆိုပြီးတော့ ကျွန်တော်တို့ကို ရိုက်နှက်နှိပ်စက်တာတွေရှိတယ်။ ကျွန်တော်တို့ဟာဆိုရင် အစာအာဟာရပြည့်ပြည့်ဝဝမစားရဘူး။ အိပ်တာလည်း ဝဝလင်လင် မအိပ်ရဘူး။ ပြီးရင် လူမျိုးရေးခွဲခြားတာတွေလည်းရှိတယ်။ ဘယ်လိုလူမျိုးရေးခွဲခြားတာလဲဆိုတော့ ပလောင်တွေက သူတို့လူမျိုးဆိုရင် တစ်ခုခု အမှားလုပ်တာတို့၊ အပြစ်လုပ်တာတို့ဆိုရင် သက်သာတဲ့ အပြစ်ပေးတာပဲရှိတယ်။ ကျွန်တော်တို့ ဓနုလူမျိုးတစ်ယောက်က အမှားလုပ်ပြီဆိုရင်သေမလောက်အထိနှိပ်စက်တယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့က ကြိတ်မှိတ်ပြီး နေခဲ့ရတယ်။ ကျွန်တော်တို့မှာ အဖိအနှိပ်ခံဘဝနဲ့ ရှင်လျက်နဲ့သေနေသလို သင်တန်းမှာနေခဲ့ရတယ်။ ရှေ့တန်းရောက်ရောက်ချင်း ဘာတွေအတွေ့အကြုံရလဲဆိုတော့ မဖြစ်နိုင်တဲ့အရာကို တက်ခိုင်း၊ လုပ်ခိုင်းတယ်။ ဒီနေရာ မဖြစ်ဘူးဆိုရင်လည်း ဆုတ်ခိုင်းမယ်မရှိဘူး။ တက်တက်ဆိုပြီးတော့ အတင်းတက်ခိုင်းတယ်။ ကျွန်တော့်ရှေ့မှာပဲ သူငယ်ချင်းတွေ သေတာတွေ



ရှိတယ်။ အဲဒီအထဲမှာ ပလောင်လူမျိုး တစ်ယောက်မှမပါဘူး။ ကျွန်တော်တို့ ကြေကွဲရတယ်။ ခံစားရတယ်။ ကျွန်တော်တို့ပြေးချင်တယ်။ လွတ်လမ်းရှာချင်တယ်။ ဒါပေမယ့် အခွင့်မသာဘူး။ နောက်ဆုံး တာဝန်ကျတဲ့ကုန်းကတော့ ကျောက်ကြမ်းကုန်းပေါ့။ အဲဒီကုန်းမှာ အဖြစ်အပျက်က ပိုဆိုးသွားတယ်။ ဘယ်လိုအဖြစ်အပျက် ပိုဆိုးသွားလဲဆိုတော့ ပလောင်တွေအများစုကကျတော့ ခုနက ကျွန်တော်ပြောသလိုပဲ ကျွန်တော်တို့ ဓနုလူမျိုးကို လူမျိုးတုန်းသတ်ဖြတ်တာပေါ့ဗျာ။ အမှန်က သူတို့က အရှေ့ကမတိုက်ဘူး။ ကျွန်တော်တို့ ဓနုလူမျိုး လူအယောက် လေးငါးဆယ်ကို အရှေ့ကို အတက်ခိုင်းပြီး အတိုက်ခိုင်းတယ်။ သူတို့လူမျိုးကျတော့ တစ်ယောက်နှစ်ယောက်ပဲပါတယ်။ ပြီးရင် သူတို့က တက်တက်ဆိုရင် မြန်မာလိုပြောပြီးတက်တယ်ဗျာ။ ဆုတ်ဆုတ်ဆိုရင် ပလောင်လိုပြောပြီး ဆုတ်သွားတယ်။ ကျွန်တော်တို့က ပလောင်စကားနားမလည်တော့ အဲဒီမှာခံရပါတယ်။ ဘာခံရလဲဆိုတော့ ကျွန်တော်တို့ ဘုမသိဘမသိနဲ့ ဓနုတွေပဲကျန်ခဲ့တဲ့အတွက်ကြောင့် ဓနုလူမျိုးတွေ သေကြတယ်ဗျာ။ အဲ့ဒီလိုပလောင်စကားနားမလည်တဲ့ ဓနုလူမျိုးတွေသေဆုံးတဲ့အတွက် ကျွန်တော်တို့ မကျေနပ်ဘူး။ အဲဒါကြောင့် ကျွန်တော်တို့ သူငယ်ချင်းတွေနဲ့ တိုင်ပင်ပြီး ငါတို့အလင်းဝင်မှ ရတော့မယ်။ ငါတို့ဒီလိုအခက်အခဲဘဝနဲ့ အဆင်မပြေတော့ဘူး။ ဘာလို့လဲဆိုတော့ ငါတို့အသက်ရှင်အောင် ငါတို့ကြိုးစားမှရမယ်လို့ တိုင်ပင်ပြီး ကျွန်တော်နဲ့အတူ သူငယ်ချင်းလေးယောက် ည ၁၂



အလင်းဝင် – ၁



အလင်းဝင် – ၂

နာရီအချိန်မှာ ထွက်ပြေးလာပြီး ပြင်ဦးလွင်ရောက်ဖို့ နှစ်ရက်ဆက်တိုက် လမ်းလျှောက်ခဲ့ရတယ်။ ကျန်တဲ့သူငယ်ချင်းတွေကိုလည်း ပြောချင်တာကတော့ အဲဒီမှာ ပေကပ်မနေနဲ့တော့၊ ကိုယ့်အသက်ကို နှမြောတယ်ဆိုရင် တပ်မတော်နဲ့ လာပူးပေါင်းပါလို့ ပြောချင်တယ်။ သူတို့ပလောင်တွေ ဝါဒဖြန့်သလို အလင်းဝင်သူတွေကို တပ်မတော်က သတ်တယ်၊ နှိပ်စက်တယ်တို့ ထင်ခဲ့မိတာ။ လက်တွေ့မှာတော့ ကျွန်တော်တို့ ထင်ခဲ့သလိုမဟုတ်ဘဲ တကယ်တမ်း အလင်းဝင်လာတော့ တပ်မတော်က ကျွန်တော်တို့ကို နွေးနွေးထွေးထွေး ကြိုဆိုကြတယ်။ အဲဒီလိုတွေမြင်ရတော့ ဝမ်းသာကြည်နူးပြီး မျက်ရည်တောင် ကျမိတယ်။ သူငယ်ချင်းတွေကိုသိအောင် ပြောချင်တာက တပ်မတော်က တကယ် နွေးထွေးစွာကြိုဆိုတယ်။ ဒီရောက်လာမှ အစားအသောက်လည်း ကောင်းကောင်းစားရတယ်။ အိပ်ကောင်းချင်းလည်း အိပ်ရတယ်။ ပြောမယ်ဆိုရင် စိတ်လွတ်ကိုယ်လွတ်နေရ ထိုင်ရတယ်။ အရင်ကဆို ကြောက်စိတ်တွေနဲ့ နေခဲ့ရတယ်။ ဘယ်နေ့ သေမလဲ။ ဘယ်နေ့ လက်နက်ကြီးကျမလဲ။ ဘယ်နေ့ လေယာဉ်ကြဲမလဲဆိုတဲ့ စိုးရိမ်စိတ်နဲ့ နေခဲ့ရတဲ့အချိန်တွေနဲ့ အခုအလင်းဝင်ရောက်တဲ့ အခြေအနေနဲ့ တခြားစီ ကွာခြားသွားပြီလို့ ပြောချင်ပါတယ်။

**အလင်းဝင် – ၂**

ကျွန်တော် ဒီအဖွဲ့အစည်းထဲကို ကိုယ့်စိတ်ဆန္ဒနဲ့ဝင်သွားတာ မဟုတ်ပါဘူး။ ပြောချင်တာတော့ သူတို့ ကျွန်တော်တို့ကို တစ်အိမ်တစ်ယောက် မဖြစ်မနေဝင်ရမယ်ဆိုပြီးတော့ မဝင်ရင်လည်း ကျွန်တော်တို့ ဆွေမျိုးသားချင်းတွေကို ဒုက္ခပေးမယ်ပေါ့။ တစ်ခုခုလုပ်မယ်ဆိုပြီး ခြိမ်းခြောက်လို့ ကျွန်တော် အခုလိုဝင်ရခြင်းဖြစ်ပါတယ်။ နောက်ပြီးတော့ သူတို့ထဲကိုဝင်တဲ့အချိန်မှာလည်း အဆင်မပြေမှုတွေ အများကြီးကြုံရတယ်။ ဘယ်လိုကြုံရလဲဆိုတော့ လူမျိုးရေးခွဲခြားတာတွေရှိတယ်။ နောက်ပြီးတော့ သူတို့က လက်နက်ကိုင်ထားတာ ဖြစ်တဲ့အတွက်ကြောင့်မလို့ ကျွန်တော်တို့လည်း သူတို့ခိုင်းတာကို မဖြစ်မနေလုပ်ရတာပဲဖြစ်တယ်။ သင်တန်းတွေဆက်တက်တဲ့အချိန်မှာလည်း လူမျိုးရေးခွဲခြားတယ်။ တစ်ယောက်

*စာမျက်နှာ ၁၅ သို့*

# မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှတစ်ဆင့် တရားမဝင် ဝင်ရောက်လာသည့် ဖိလစ်ပိုင်နိုင်ငံသား ၁၈ ဦး သက်ဆိုင်ရာနိုင်ငံသို့ ထပ်မံပြည်နှင့်လွှဲပြောင်းပေးအပ်

**နေပြည်တော် ဇူလိုင် ၃၀**

ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ မြန်မာနိုင်ငံအတွင်းသို့ နယ်စပ်လမ်းကြောင်းများမှ တရားမဝင် ဝင်ရောက်လာပြီး ကရင်ပြည်နယ် မြဝတီမြို့-ရွှေကုက္ကိုလ်၊ မဲ့ထော်သလေး(KK Park)နှင့် ကျောက်ခတ်နယ်မြေများတွင် အွန်လိုင်းလောင်းကစားမှုများ၊ အွန်လိုင်းလိမ်လည်မှုများ၊ ဒုစရိုက်မှုများကျူးလွန်ခဲ့ကြသည့် ဖိလစ်ပိုင်နိုင်ငံသား ၁၈ ဦးအား မြန်မာ-ထိုင်း အမှတ် (၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ လူသားချင်းစာနာထောက်ထားမှုနှင့် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုတို့ကိုရှေးရှု၍ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ ထပ်မံလွှဲပြောင်းပေးသည်။



ပြည်နှင့်လွှဲပြောင်းပေးမှုလုပ်ငန်းများ စနစ်တကျရှိစေရေးနှင့် အဆင်ပြေချောမွေ့စေရေးအတွက် ကရင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများက ဌာနဆိုင်ရာ ပူးပေါင်းအဖွဲ့များနှင့်တွေ့ဆုံ၍ ပြည်ပနိုင်ငံသားများအား ပြည်နှင်လွှဲပြောင်းပေးရေးလုပ်ငန်းစဉ်များ ဆောင်ရွက်နေမှု၊ စာရင်းဇယား၊ အချက်အလက်များ ပြည့်စုံမှန်ကန်မှုရှိရေး ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ပြည်နှင်လွှဲပြောင်းပေးအပ်ပွဲကို ဆက်လက်ကျင်းပခဲ့ရာ ကရင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံဆိုင်ရာ ဖိလစ်ပိုင်နိုင်ငံသံရုံးမှ Attache and Assistance to Nationals Officer Ms.Musetar C. Moso နှင့် တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံ တာ့ခ်ခရိုင် လူဝင်မှုကြီးကြပ်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး မြန်မာနိုင်ငံမှ တာဝန်ရှိသူတို့က သက်ဆိုင်ရာနိုင်ငံမှ တာဝန်ရှိသူများထံသို့ ပြည်နှင်လွှဲပြောင်းလက်ခံရေးဆိုင်ရာ အထောက်အထားစာရွက်စာတမ်းများကို စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ဇူလိုင် ၃၀ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၉၃၂၂ ဦး စစ်ဆေးဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ၎င်းတို့အနက်မှ ၉၀၇၈ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံသို့ ဥပဒေလုပ်ထုံးလုပ်နည်းများနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၄၃ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် တရားမဝင် အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား စုံစမ်းဖော်ထုတ်စစ်ဆေး၍ ထိရောက်စွာ အရေးယူဆောင်ရွက်လျက်ရှိပြီး မြန်မာနိုင်ငံ၏ နယ်စပ်ဒေသများတွင် ဖြစ်ပေါ်လျက်ရှိသည့် အွန်လိုင်းလောင်းကစားမှုနှင့် ငွေကြေးလိမ်လည်မှုလုပ်ငန်းများကို တားဆီးကာကွယ်တိုက်ဖျက်နိုင်ရန်အတွက် အိမ်နီးချင်းနိုင်ငံများအပါအဝင် နိုင်ငံတကာမှ အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ စုံစမ်းဖော်ထုတ်အရေးယူမှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မိတ္ထီလာမြို့နယ်အတွင်းရှိ ဇီးတော-ဒဟတ်သွား ကားလမ်းပေါ်၌ ဖောက်ခွဲရေးပစ္စည်းများတင်ဆောင်လာသော မော်တော်ယာဉ်တစ်စီးပေါက်ကွဲ

**နေပြည်တော် ဇူလိုင် ၃၀**

PDF အမည်ခံအကြမ်းဖက်သမားများသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အစိုးရအုပ်ချုပ်မှုယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့ရှိ မြို့၊ ရွာများအတွင်း ဒေသခံပြည်သူများအသွင်ဖြင့် စိမ့်ဝင်ဝင်ရောက်လာကာ ဌာနဆိုင်ရာ အဆောက်အအုံများ၊ ပြည်သူလူထု၏ တိုက်တာအိုးအိမ်များကို မိုင်းထောင်ဖောက်ခွဲခြင်း၊ Drop Bomb ချတိုက်ခိုက်ခြင်း၊ အများပြည်သူသွားလာ အသုံးပြုလျက်ရှိသည့် လမ်း၊ တံတားများအား မိုင်းထောင်ဖောက်ခွဲခြင်း စသည့် အဖျက်အမှောင့် လုပ်ငန်းများကို နည်းလမ်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိသည့် အကြမ်းဖက်သမားများအား မြို့၊ ရွာ၊ ရပ်ကွက်များအတွင်း လွယ်ကူစွာ ဝင်ထွက်သွားလာခြင်းများ မလုပ်ဆောင်နိုင်ရန်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များကို သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများနှင့်အညီ လိုအပ်သည့်စစ်ဆေးမှုများ ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ စစ်ဆေးမှုများဆောင်ရွက်လျက်ရှိရာ မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်အတွင်း လုံခြုံရေးဆောင်ရွက်နေသောတပ်ဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် မိတ္ထီလာမြို့နယ် ဇီးတော-ဒဟတ်သွား ကျေးရွာချင်းဆက်မြေသားလမ်းပေါ်၌ ရှာဖွေစစ်ဆေးမှုများဆောင်ရွက်စဉ် ဆားတောင်ဘက်မှ ဇီးတောဘက်သို့ မောင်းနှင်လာသော Hiace ခဲရောင် (လိုင်စင်စိစစ်ဆဲ) မော်တော်ယာဉ်တစ်စီးအား မသင်္ကာဖွယ်တွေ့ရှိသဖြင့် အစစ်ဆေးခံရန် ရပ်တန့်စေခဲ့ရာ အဆိုပါ မော်တော်ယာဉ်မှာ ရပ်တန့်မှုမရှိဘဲ မောင်းနှင်ထွက်ပြေးသွားစဉ် တိမ်းမှောက်မှုဖြစ်ပေါ်ခဲ့ရာမှ ယာဉ်ပေါ်တွင်ပါလာသည့် ပေါက်ကွဲစေတတ်သောပစ္စည်းများဟုယူဆရသည့် ပစ္စည်းများကြောင့် မော်တော်ယာဉ်မှာ ပေါက်ကွဲပြီး မီးလောင်သွားခဲ့ကြောင်း သိရသည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များက အဆိုပါပေါက်ကွဲ၍ မီးလောင်သွားသော မော်တော်ယာဉ် အနီးဝန်းကျင်သို့ သွားရောက်စစ်ဆေးရာ မော်တော်ယာဉ်အတွင်းမှ အမ်ဂျီ-၁ ပလတ်စတစ်လက်ပစ်ဗုံး ရိုက်မောင်းတံအစုအဝေး တစ်ခု၊ PDF လက်မောင်း တံဆိပ်၊ အနီရောင်မီးကြိုးခွေ တစ်ခွေနှင့် သေဆုံးနေသည့် PDF အမည်ခံအကြမ်းဖက်သမား အလောင်းငါးလောင်းတို့အား သိမ်းဆည်းရမိခဲ့သည်။

တပ်မတော်အနေဖြင့် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်စောင့်ရှောက်ရန်အတွက် လုံခြုံရေးလုပ်ငန်းစဉ်များကို နေ့မအား ညမနားဖြင့် ဆောင်ရွက်ပေးလျက်ရှိပြီး အကြမ်းဖက်သမားများ၏ အကြမ်းဖက်မှုရန်မှ ကင်းဝေးစေရန်နှင့် ပြည်သူများ အေးချမ်းစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရန်အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အချို့၌ အကြမ်းဖက်ချေမှုန်းမှုစစ်ဆင်ရေး(Counter Terrorism Operation) များကို ပြည်သူလူထုနှင့်အတူ ပူးပေါင်း၍ ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



မိတ္ထီလာမြို့နယ် ဇီးတော-ဒဟတ်သွားကားလမ်းပေါ်၌ ဖောက်ခွဲရေးပစ္စည်းများတင်ဆောင်လာသော မော်တော်ယာဉ်တစ်စီး မီးလောင်ပေါက်ကွဲသည့် ဖြစ်စဉ်နေရာပြပုံ။



မီးလောင်ပေါက်ကွဲသည့် မော်တော်ယာဉ်ပေါ်မှ သိမ်းဆည်းရမိသည့် ပစ္စည်းများ။



မီးလောင်ပေါက်ကွဲသည့် မော်တော်ယာဉ်ပုံ။

*စာမျက်နှာ ၁၄ မှ*

နဲ့တစ်ယောက် အနိုင်ကျင့်ပြောဆိုဆက်ဆံခံရတာတွေ အများကြီးရှိတယ်။ အဲဒါတွေကြုံခဲ့ရတယ် အများကြီးဗျာ။ နောက်ပြီးတော့ ဒီသင်တန်းတက်ပြီးလို့ ရှေ့တန်းကို ထွက်လာတဲ့အချိန်မှာလည်း ကျွန်တော်တို့ကို ရှေ့ပဲထိုးခိုင်းတယ်။ အကြီးပိုင်း ပလောင်တွေကတော့ နောက်မှာပဲနေတယ်။ မဖြစ်မနေ ရအောင်တိုက်ဆိုပြီး ပြောထားတဲ့ အတွက်ကြောင့်မို့ ကျွန်တော်တို့လည်း အသေခံတိုက်ရတယ်။ အဲဒီလိုမျိုးကြုံခဲ့ရတယ်။ သူတို့က နောက်မှာနေပြီးတော့ ကျွန်တော်တို့တိုက်လို့ နိုင်ထားတဲ့ မြို့တွေ၊ သိမ်းလို့ရထားတဲ့ မြို့တွေ၊ ရွာတွေကို သူတို့ဝင်တယ်။ ဝင်ပြီးတော့ သူတို့အဲဒီမှာရှိတဲ့ ပြည်သူတွေရဲ့ပစ္စည်းတွေကို ယူတယ်။ ယူပြီးတော့ အဲဒါတွေကိုလည်း ကျွန်တော်တို့ DPLA အဖွဲ့အစည်းတွေ ကောင်းစားဖို့အတွက်မဟုတ်ဘူး။ တကယ်တမ်းတော့ ပလောင်တွေ ကောင်းစားဖို့အတွက်ပဲ၊ သူတို့ကိုယ်သူတို့ ကောင်းစားဖို့ အတွက်ပဲ သူတို့လုပ်ကြတယ်။ သူတို့က ပြည်သူတွေရဲ့ပစ္စည်းတွေကို ယူတယ်။ ယူပြီးတော့ သူတို့ပဲ ကောင်းစားဖို့အတွက်လုပ်တယ်။ သူတို့ကနောက်မှာ ထိုင်တယ်။ အေးဆေးပိုက်ဆံကို ဆီနဲ့ ရေလို သုံးကြတယ်။ ကျွန်တော်တို့ကိုကျတော့ ရှေ့တန်းမှာဆိုရင် ရှုံးရှုံစွန်တန်နဲ့ ဖြစ်သလိုကျွေးတယ်။ ဖြစ်သလိုကျွေးပြီးတော့ အသေခံတိုက်ခိုင်းတယ်။ နောက်ဆုတ်လာပြီဆိုရင်လည်း ပစ်သတ်တာမျိုးတွေ၊ ခြိမ်းခြောက်တာမျိုးတွေ အများကြီးရှိတယ်ဗျာ။ အဲဒါကြောင့်မလို့ နောင်ချိုမြို့ကို မရမကထိုး မနိုင်ရင် မင်းတို့ကို သတ်မယ်ခြိမ်းခြောက်လို့ကျွန်တော်တို့လည်း ရှေ့တန်းက အမြင်မှန်ရပြီးတော့ တပ်မတော်ထဲကို အလင်းဝင်ရောက်ခြင်း ဖြစ်ပါတယ်။ အခုမှဝင်လာတယ်ဆိုပေမယ့်လည်း ကိုယ့်ကိုယ်ကို နောင်တရလို့မဆုံးဘူး။ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ ဒီထဲဝင်လာရင် တပ်မတော်ဘက်ကလည်း အေးအေးချမ်းချမ်းနဲ့ ကြိုဆိုတယ်။ ကောင်းကောင်းမွန်မွန် နွေးထွေးစွာနဲ့ ကြိုဆိုတဲ့အတွက် ကျွန်တော်တို့မှာ ပြောမပြတတ်အောင် ဝမ်းသာပီတိဖြစ်မိပါတယ်။ နောက်နောင် တပ်မတော်နှင့် ပြည်သူအတွက်ကို ဘယ်လိုတာဝန်ပဲပေးပေး ကျွန်တော်တို့ ရဲရဲဝံ့ဝံ့နဲ့ တာဝန်ထမ်းဆောင်ပါ့မယ်လို့ ကတိပေးပါတယ်။ နောက်နောင်လည်း အကြမ်းဖက်အဖွဲ့အစည်းထဲကိုလည်း မဝင်တော့ပါဘူးလို့ ဝန်ခံကတိပြုပါတယ်။

**သတင်းစဉ်**

# ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် ပိုက်ကျော်ခြင်း(အမျိုးသား／အမျိုးသမီး) နှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ စတင်

**နေပြည်တော် ဇူလိုင် ၃၀**

၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်း (အမျိုးသား/အမျိုးသမီး) နှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားရုံ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း၊ တိုင်းဒေသကြီး တာဝန်ရှိပုဂ္ဂိုလ်များ၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ ပြိုင်ပွဲကျင်းပရေးဆိုင်ရာ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် အားကစားဝါသနာရှင်များ လာရောက်ကြည့်ရှုအားပေးကြသည်။

ယနေ့ ပိုက်ကျော်ခြင်း အမျိုးသားနှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ ပွဲစဉ်များအဖြစ် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်များကို ယှဉ်ပြိုင်ကစားရာ မန္တလေးတိုင်းဒေသကြီးအသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရှမ်းပြည်နယ်အသင်းက မွန်ပြည်နယ် အသင်းကို နှစ်ပွဲတစ်ပွဲဖြင့်လည်းကောင်း၊ ကယားပြည်နယ်အသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲတစ်ပွဲဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲတစ်ပွဲဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲတစ်ပွဲဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရခိုင်ပြည်နယ်အသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲတစ်ပွဲဖြင့်လည်းကောင်း၊ မွန်ပြည်နယ်အသင်းက ကချင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအသင်းက မကွေးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအသင်းက ကယားပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲတစ်ပွဲဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက ချင်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ အမျိုးသမီးနှစ်ယောက်တွဲအဖွဲ့လိုက် အုပ်စုပတ်လည်ပြိုင်ပွဲ ပွဲစဉ်တွင် မန္တလေးတိုင်းဒေသကြီးအသင်းက ပဲခူးတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ကရင်ပြည်နယ်အသင်းက ရခိုင်ပြည်နယ်အသင်းကို




နှစ်ပွဲပြတ်ဖြင့် လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအသင်းက တနင်္သာရီတိုင်းဒေသကြီးအသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မကွေးတိုင်းဒေသကြီးအသင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအသင်းက ရှမ်းပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအသင်းက ရခိုင်ပြည်နယ်အသင်းကို နှစ်ပွဲပြတ်ဖြင့်လည်းကောင်း ယှဉ်ပြိုင်အနိုင်ရရှိကြသည်။

ဇူလိုင် ၃၁ ရက် ပိုက်ကျော်ခြင်း (အမျိုးသား/အမျိုးသမီး) နှစ်ယောက်တွဲ အဖွဲ့လိုက် အုပ်စုပတ်လည် ပြိုင်ပွဲပွဲစဉ်များအဖြစ် နံနက် ၉ နာရီမှစတင်၍ အမျိုးသားနှစ်ယောက်တွဲ အဖွဲ့လိုက်ပြိုင်ပွဲ၊ အမျိုးသမီးနှစ်ယောက်တွဲ အဖွဲ့လိုက်အုပ်စုပတ်လည်ပြိုင်ပွဲများ ကျင်းပမည်ဖြစ်သည်။

အဆိုပါ ၂၀၂၅ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် ပိုက်ကျော်ခြင်း(အမျိုးသား/အမျိုးသမီး)ပြိုင်ပွဲများကို ဩဂုတ် ၇ ရက်အထိ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ ကိုးသိန်းအားကစားရုံ၌ ကျင်းပသွားမည်ဖြစ်၍ အားကစားဝါသနာရှင် မိဘပြည်သူများအနေဖြင့် မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် ဇူလိုင် ၃၀**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

**၂-၈-၂၀၂၅ ရက် (စနေနေ့) တွင် ထွက်ရှိမည့် ရွှေသွေးဂျာနယ် အတွဲ (၅၇)၊ အမှတ် (၃၁) တွင်** တိရစ္ဆာန်လေးများ အစာစားနေသည်ကို အစားပျက်အောင် နှောင့်ယှက်ခဲ့၍ မိမိရေခဲမုန့်စားသောအခါတွင်လည်း ကျီးကန်းထိုးခြင်းကိုခံခဲ့ရသော မြတ်မင်းအောင်အကြောင်းကို သရုပ်ဖော်ထားသည့် "ကိုယ်ချင်းစာစိတ်" မျက်နှာဖုံးကာတွန်း၊ ထမင်းဝိုင်းတွင် ပြုကျင့်အပ်သော ယဉ်ကျေးမှု




ဓလေ့ထုံးစံများကို ဗဟုသုတရဖွယ် ရေးသားထားသည့် "မြန်မာ့ထမင်းဝိုင်း ယဉ်ကျေးမှု" သုတဆောင်းပါးကဏ္ဍ၊ ကလေးများကို စာတော်စေချင်သည်မှာ မိဘတို့၏ မေတ္တာစေတနာ ဖြစ်သော်လည်း အလွန်တင်းတင်းကျပ်ကျပ် မခိုင်းသင့်ကြောင်း သရုပ်ဖော်ထားသည့် "ဥပမာလေး ကယ်လို့" နှစ်မျက်နှာကာတွန်း၊ စီးပွားရေးမပြေလည်၍ ပညာဆက်မသင်ရသော သူငယ်ချင်းကို မိမိကဲ့သို့ ပညာဆက်သင်နိုင်စေရန် ကူညီပေးခဲ့သော မောင်ထွေးအကြောင်းကိုရေးသားထားသည့်"သူငယ်ချင်းကောင်း" ဝတ္ထုကဏ္ဍ၊ မိမိကိုယ် မိမိ လူလည်ဟု ထင်မှတ်နေရာမှ သူတစ်ပါး၏ လှည့်ဖြားခြင်းကို ခံခဲ့ရသော ကိုလူလည်အကြောင်းကို သရုပ်ဖော်ထားသည့် "မအူမလည် ကိုလူလည်" တစ်မျက်နှာကာတွန်း၊ မိခင်ရှိရာ အသိုက်သို့ ပြန်ရန် လမ်းမသိသည့် ငှက်ကလေးကို အကူအညီပေးခဲ့သည့် ရှဉ့်ကလေးအကြောင်းကို ရေးသားထားသည့် "ငှက်ကလေးရဲ့ အိမ်ပြန်ခရီး" ပုံပြင်ကဏ္ဍ၊ မြို့သားများနှင့် တောသားတို့ လှေလှော်ပြိုင်ကြရာ၌ လှေလှော်အတတ်ကို ဘက်စုံကျွမ်းကျင်သော တောသားက အနိုင်ရသွားပုံကို သရုပ်ဖော်ထားသည့် "ရွှေပဲ" နှစ်မျက်နှာကာတွန်း၊ တီထွင်ကြံဆချင်သည့် အသိဉာဏ်ရှိသော ပုပုအကြောင်းကို သရုပ်ဖော်ထားသည့် "ပုပုပါဝင်သည့် ဒါမှတို့ဖေဖေ" နှစ်မျက်နှာကာတွန်း၊ အီဒီယမ်များအပါအဝင် Two-word Verb ဟု ခေါ်သော Phrasal Verb များ၏ အသုံးများနှင့် ပတ်သက်သည့် အင်္ဂလိပ်စကားပြောများကို လေ့လာမှတ်သားနိုင်မည့် "အခြေခံလိုအပ်သည့် အီဒီယမ်"အင်္ဂလိပ်စာကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍနှင့် ကဗျာကဏ္ဍတို့ အပါအဝင် ကဏ္ဍစုံစုံလင်လင်ဖြင့် ထွက်ရှိပြီဖြစ်ရာ တစ်စောင်လျှင် ငွေကျပ် ၄၀၀ ဖြင့် စာပေဗိမာန် စာအုပ် အရောင်းဆိုင်များတွင် ဝယ်ယူရရှိနိုင်သည်။ **သတင်းစဉ်**



## ပေါက်ခေါင်းမြို့နယ်၌ ကျောင်းကျန်းမာရေး စစ်ဆေး

**ပေါက်ခေါင်း ဇူလိုင် ၃၀**

ပဲခူးတိုင်းဒေသကြီး ပေါက်ခေါင်းမြို့နယ်၌ ကျောင်းကျန်းမာရေး ရက်သတ္တပတ်လှုပ်ရှားမှုအဖြစ် ကျောင်းကျန်းမာရေး အသိပညာပေးခြင်းနှင့် ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးစစ်ဆေးပေးခြင်းလုပ်ငန်းများကို ဝက်တိုးကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်း၌ ယမန်နေ့က ဆောင်ရွက်သည်။ **(အပေါ်ပုံ)**

ကျောင်းကျန်းမာရေး ရက်သတ္တပတ် လှုပ်ရှားဆောင်ရွက်မှုများကို ပေါက်ခေါင်းမြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများ၌ လစဉ်သတ်မှတ်ထားသောရက်များတွင် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း သိရသည်။ **ဖုန်းကျော်ဇင်(ပြန်/ဆက်)**

## ကြာအင်းဆိပ်ကြီးမြို့ရှိ ယာယီရေဘေးရှောင်ပြည်သူများအား ဆန်နှင့်ဆီများ ပေးအပ်

**ကြာအင်းဆိပ်ကြီး ဇူလိုင် ၃၀**

ကရင်ပြည်နယ် ကြာအင်းဆိပ်ကြီးမြို့၌ ယခုအပတ်အတွင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် တောင်ကျရေများစီးဆင်းခြင်းတို့ကြောင့် ဇမိမြစ်ရေမြင့်တက်လာပြီး မြေနိမ့်ပိုင်းရှိအိမ်များသို့ ရေဝင်ရောက်ရှိလာသည့်အတွက် အိမ်ထောင်စု ၆၆ စု လူဦးရေ ၃၀၁ ဦးတို့မှာ အမှတ် (၆) ရပ်ကွက်ရှိ Cyclone



Shelter နှင့် မိခင်နှင့်ကလေးအသင်းရုံး ယာယီရေဘေးရှောင်စခန်းတို့၌ ပြောင်းရွှေ့နေရာချထားသည်။

ရေဘေးရှောင် ပြည်သူများ စားသောက်ရေး အဆင်ပြေစေရန်အတွက် ဇူလိုင် ၂၉ ရက် နံနက်ပိုင်းတွင် ခရိုင်/မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥက္ကဋ္ဌနှင့်အဖွဲ့များ၊ ခရိုင်/မြို့နယ် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးတို့က ကရင်ပြည်နယ်အစိုးရအဖွဲ့မှ ပေးအပ်သော လူတစ်ဦးလျှင် ဆန်နို့ဆီဘူး နှစ်ဘူးနှုန်းဖြင့် ခုနစ်ရက်စာ ဆန် ၂၁ အိတ် ၂၃ ပြည်ကို လည်းကောင်း၊ အိမ်ထောင်စုတစ်စုလျှင် ဆီ ၅၀ ကျပ်သားနှုန်းဖြင့် ဆီ ၃၃ ပိဿာကို လည်းကောင်း၊ မြို့နယ် သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက လူတစ်ဦးလျှင် ဆန်နို့ဆီဘူး နှစ်ဘူးနှုန်း ခုနစ်ရက်စာ ၁၄ ဘူးအတွက် ငွေကျပ် ၅၀၀၀ နှုန်းဖြင့် ငွေကျပ် ၁၅၀၅၀၀၀ ကို လည်းကောင်း ပေးအပ်ပြီး ကျန်းမာရေးစောင့်ရှောက်မှု များကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



## မောက်မယ်မြို့နယ်၌ အမှိုက်များခွဲခြားစွန့်ပစ်မှုသရုပ်ပြ

**မောက်မယ် ဇူလိုင် ၃၀**

မောက်မယ်မြို့နယ် အခြေခံပညာအလယ်တန်း ကျောင်း(ခွဲ) ဈေးတန်း၌ ယနေ့ နံနက် ၁၀ နာရီက ပလတ်စတစ်သုံးစွဲမှု လျှော့ချရေးနှင့် အမှိုက်များ ခွဲခြားစွန့်ပစ်မှုစနစ်သရုပ်ပြခြင်းကို ဆောင်ရွက်သည်။

ဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်နန်းဝိုဆိုင်က သဘာဝပတ်ဝန်းကျင်ထိခိုက်မှုမရှိစေရေးအတွက် အမှိုက်များ ခွဲခြားစွန့်ပစ်ရာတွင် အမှိုက်စို၊ အမှိုက်ခြောက်၊ ပလတ်စတစ်အမှိုက်၊ အန္တရာယ်ရှိသောအမှိုက်များကို စနစ်တကျခွဲခြားစွန့်ပစ်နိုင်ရေး ကျောင်းတွင်းအမှိုက်ပုံးများ စနစ်တကျထားရှိပေးရေးနှင့် ကျောင်းသား ကျောင်းသူများကလည်း အမှိုက်များကို အမျိုးအစားခွဲခြား၍ စနစ်တကျစွန့်ပစ်ရေးကို ရှင်းလင်းပြောကြားပြီး လက်တွေ့သရုပ်ပြသခဲ့သည်။ **စိုင်းမျိုးသန့်(မောက်မယ်)**

## မြို့သစ်မြို့နယ်၌ တောင်သူနည်းပညာပေးသင်တန်းဖွင့်

**မြို့သစ် ဇူလိုင် ၃၀**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် တောင်သူနည်းပညာပေးသင်တန်းကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန သင်တန်းခန်းမ၌ စိုက်ပျိုးပညာပေးရေးနှင့် ဒေသဖွံ့ဖြိုးရေးဆိုင်ရာ အသိပညာပေးသင်တန်းကို ယမန်နေ့နံနက်ပိုင်းက ပြုလုပ်သည်။

အခမ်းအနားတွင် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဦးငွေဆန်းက အမှာစကားပြောကြားပြီး ခရိုင်စိုက်ပျိုးရေးဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါ်ခင်မာအေးက တောင်သူနည်းပညာပေးသင်တန်း ဖွင့်လှစ်ဆောင်ရွက်ရခြင်းနှင့်ပတ်သက်၍ပြောကြားပြီး တက်ရောက်လာသော တောင်သူများအား မြေဆီလွှာဖွံ့ဖြိုးတိုးတက်ရေးအတွက် ငါးအမိုင်နိုအက်စစ် သဘာဝမြေဩဇာအားဆေးရည်များ ပေးအပ်သည်။ **ကိုဇော်(ပြန်/ဆက်)**

# မိုင်းခတ်မြို့၌ ချောင်းရေကျဆင်း၍ ခရီးသွားပြည်သူများ၊ မော်တော်ယာဉ်များ ယခင်အတိုင်း ပြန်လည်သွားလာလျက်ရှိ

**မိုင်းခတ် ဇူလိုင် ၃၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းခတ်မြို့နယ်၌ မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ဇူလိုင် ၂၇ ရက်ညနေပိုင်းက နမ့်လွေချောင်းရေ ကျိုင်းတုံ-မိုင်းခတ်-မိုင်းယန်းသွားလမ်းမပေါ်သို့ ရေကျော်ခဲ့ရာ ယနေ့မွန်းလွဲပိုင်းတွင် ရေများပြန်လည်ကျဆင်း၍ ခရီးသွားပြည်သူများ၊



ယာဉ်ကြီး၊ ယာဉ်ငယ်များ ယခင်အတိုင်း ပြန်လည်သွားလာနေပြီဖြစ်သည်။

မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ကျိုင်းတုံ-မိုင်းခတ်-မိုင်းယန်းလမ်း မိုင်တိုင်အမှတ် ၇၄ ကီလိုမီတာ နှင့် ၇၅ ကီလိုမီတာအကြား လမ်းမပေါ် ရေမြင့်တက်လာမှုကြောင့် ဇူလိုင် ၂၇ ရက် ညနေပိုင်းမှစ၍ မော်တော်ယာဉ်သွားလာမှုများ ခေတ္တရပ်နားထားခဲ့ရသည်။

အဆိုပါလမ်းရေကျော်မှုတွင် နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးကြီးဇော်အေးထွန်းနှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဟန်ဝင်းလတ်တို့၏စီမံမှုဖြင့် အရေးပေါ်ကူညီကယ်ဆယ်ရေးအတွက် နယ်မြေခံတပ်မတော်သားများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်လမ်းဦးစီးဌာနမှဝန်ထမ်းများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ဌာနေပြည်သူ့စစ်တပ်ဖွဲ့ဝင်များက စက်တပ်လှေငယ်များဖြင့် ခရီးသွားပြည်သူများ၊ မော်တော်ဆိုင်ကယ်များကို သယ်ယူပို့ဆောင်ပေးလျက်ရှိရာ ချောင်းရေများပြန်လည်ကျဆင်းသွား၍ ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် ယာဉ်ကြီး၊ ယာဉ်ငယ်များ၊ ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ ဖြတ်သန်းသွားလာလျက်ရှိကြောင်း သိရသည်။ **နန်းနွယ်နီ(ပြန်/ဆက်)**

# တာချီလိတ်မြို့ ရေပြန်လည်ကျဆင်းသွားသည့်ရပ်ကွက်များအား စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**တာချီလိတ် ဇူလိုင် ၃၀**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့၌ ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ပြီး ရေပြန်လည်ကျဆင်းသွားသည့် မြို့ပေါ် ရပ်ကွက်များတွင် ယနေ့နံနက်ပိုင်းက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်လျက်ရှိသည်။

တာချီလိတ်မြို့တွင် မိုးအဆက်မပြတ်ရွာသွန်းပြီး မယ်ဆိုင်ချောင်းရေကြီးရေလျှံမှုကြောင့် ဇူလိုင် ၂၈ ရက် နံနက်ပိုင်းက စိုးရိမ်ရေမှတ်အထက် ခြောက်ပေကျော်ရောက်ရှိကာ မြို့ပေါ်ရပ်ကွက်များတွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည်။ ယနေ့နံနက်ပိုင်းတွင် စိုးရိမ်ရေမှတ်အောက်သို့ ပြန်လည်ကျဆင်းသွားပြီး ရေပြန်လည်ကျဆင်းသွားသည့် ရပ်ကွက်နှင့် လမ်းများတွင် စည်ပင်သာယာရေးဌာနဝန်ထမ်းများနှင့် ရပ်ကွက်နေ



ပြည်သူများစုပေါင်း၍ ရွှံ့နွံနှင့်အမှိုက်သရိုက်များကို ဖယ်ရှားရှင်းလင်းလျက်ရှိကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

# ပြည်ကြီးတံခွန်မြို့နယ်၌ နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များအား UID ကတ်များ နေ့ချင်းပြီးဆောင်ရွက်ပေး



**ပြည်ကြီးတံခွန် ဇူလိုင် ၃၀**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (က) ရပ်ကွက် ၁၁၃လမ်း ၆၅ B လမ်းရှိ အောင်တံခွန်ဓမ္မာရုံ၌ နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)များအား ယနေ့နံနက် ၁၀ နာရီက UID ကတ်များ ဆောင်ရွက်ပေးသည်။

အဆိုပါ ဆောင်ရွက်ရာတွင် မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးအောင်သွင်နှင့် ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးဝင်းဗိုလ်တို့က ဌာနဆိုင်ရာအသီးသီးမှ အငြိမ်းစားယူခဲ့သည့် နိုင်ငံ့ဝန်ထမ်း၃၅ ဦး တို့အား ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။ **ဇင်မင်းမောင်**

# ပခုက္ကူတက္ကသိုလ်၌ ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြော

**ပခုက္ကူ ဇူလိုင် ၃၀**

ပခုက္ကူတက္ကသိုလ်၌ ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၃ နာရီက အဆိုပါတက္ကသိုလ်ရှိ ကျွန်းရွှေဝါခန်းမ၌ ပြုလုပ်သည်။

ဟောပြောပွဲတွင် ပခုက္ကူတက္ကသိုလ် ခေတ္တပါမောက္ခချုပ် ဒေါက်တာတင်ထွန်းအောင်က အမှာစကားပြောကြားပြီး အမှတ်(၁၇)ယာဉ်ထိန်းရဲတပ်ဖွဲ့စု(ပခုက္ကူ)မှ တပ်ဖွဲ့စုမှူး ဒုတိယရဲမှူး ရဲထွန်းမြတ်က ယာဉ်မတော်တဆမှုဖြစ်ပွားရသည့် အကြောင်းရင်းများ၊ အမြန်လမ်းနှင့်မြို့တွင်းလမ်းများ၌ မောင်းနှင်နိုင်သည့်မြန်နှုန်းများနှင့် သတ်မှတ်တင်ဆောင်ခွင့်ရှိသည့်တန်ချိန်များ၊ ယာဉ်အန္တရာယ်၊ လမ်းအန္တရာယ်ကင်းရှင်းစေရေး လိုက်နာဆောင်ရွက်ရမည့်အချက်များကို အသိပညာပေး ဟောပြောသည်။

အဆိုပါဟောပြောပွဲတွင် ပခုက္ကူတက္ကသိုလ်မှ ခေတ္တပါမောက္ခချုပ်နှင့် ဒုတိယပါမောက္ခချုပ် ဒေါက်တာခင်ခင်ထွတ်၊ ပါမောက္ခ(ဌာနမှူး)များ၊ ပါမောက္ခများ၊ သင်ကြား/စီမံဌာနမှ ဆရာ ဆရာမများ၊ ဝန်ထမ်းများ၊



ကျောင်းသား ကျောင်းသူများ တက်ရောက်ကြပြီး ဟောပြောဆွေးနွေးသူများအား အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်ခြင်းနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေကြောင်း သိရသည်။ **ဘာမီသာ(ပခုက္ကူ)**



# ဒေးဒရဲမြို့၌ အွန်လိုင်းလိမ်လည်မှုဖြစ်စဉ်များ မဖြစ်ပွားစေရေး အသိပညာပေး

**ဒေးဒရဲ ဇူလိုင် ၃၀**

ဒေးဒရဲမြို့နယ်ရှိပြည်သူများ၊ ကျောင်းသား ကျောင်းသူများ အွန်လိုင်းလိမ်လည်မှုဖြစ်စဉ်များ မဖြစ်ပွားစေရေးနှင့် ကြိုတင်သတိထားဆောင်ရွက်ရမည့် နည်းလမ်းများကို ကျယ်ကျယ်ပြန့်ပြန့် သိရှိနိုင်စေရေးကျောင်းအခြေပြု အသိပညာပေးဟောပြောပွဲကို ယမန်နေ့နံနက် ၁၁ နာရီက အမှတ်(၃)အခြေခံပညာအထက်တန်းကျောင်း၌ ပြုလုပ်သည်။

အခမ်းအနားတွင် ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဦးက အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ရဲမှူးပိုထွန်းက ယနေ့ခေတ်နည်းပညာများ လျင်မြန်စွာ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ အွန်လိုင်းမှတစ်ဆင့် ငွေကြေးလိမ်လည်မှုများ ဖြစ်ပွားလျက်ရှိသဖြင့် ကြိုတင်သတိထားလိုက်နာရမည့်အချက်များ၊ ဆွေးနွေးဟောပြောခြင်း၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဦးစီးအရာရှိ ဒေါ်မြင့်မြင့်ခိုင်က ယနေ့ခေတ်တွင် အင်တာနက်အွန်လိုင်းအသုံးပြု၍ လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းများထံမှ ငွေကြေးနှင့်အချက်အလက်များ လိမ်လည်လှည့်ဖြားရယူခြင်းများ၊ အင်တာနက်အွန်လိုင်းအသုံးပြု၍ လောင်းကစားမှု၊ လိမ်လည်မှုနှင့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာများကို ကျောင်းသား ကျောင်းသူများ သတိပြုဆင်ခြင်နိုင်ရေးတို့ကို အသိပညာပေး ဟောပြောကြသည်။ **အေဇာလင်း**



# ထားဝယ်မြို့၌ ဒီရေတောထိန်းသိမ်းရေး အသိပညာပေး

**ထားဝယ် ဇူလိုင် ၃၀**

တနင်္သာရီတိုင်းဒေသကြီး သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူး၏ကြီးကြပ်မှုဖြင့်သစ်တောဦးစီးဌာနနှင့် ထားဝယ်ပညာရေးကောလိပ်တို့ပူးပေါင်း၍ ပင်လယ်ကမ်းရိုးတန်းဒေသ ဘက်စုံစီမံအုပ်ချုပ်လုပ်ကိုင်မှု ICM အစီအစဉ်ပထမ(၅)နှစ် စီမံချက်အရ ဒီရေတောထိန်းသိမ်းရေးနှင့်ဒေသခံပြည်သူအစုအဖွဲ့ သစ်တောလုပ်ငန်းဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ယမန်နေ့မွန်းလွဲပိုင်းက ထားဝယ်ပညာရေး ဒီဂရီကောလိပ် တိက္ခပညာခန်းမ၌ ကျင်းပသည်။

ဟောပြောပွဲတွင် ထားဝယ်မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးရဲဝင်းအောင်က ဒီရေတောထိန်းသိမ်းရေးအကြောင်း၊ ဒီရေတောများ၏အကျိုးကျေးဇူးများနှင့် ဒေသခံပြည်သူအစုအဖွဲ့ပိုင် သစ်တောလုပ်ငန်းဆိုင်ရာအကြောင်းအရာများ စသည်တို့ကို အသိပညာပေးဟောပြောပြီး တက်ရောက်လာသော ဆရာ ဆရာမများက သိရှိလိုသည်များကို မေးမြန်းရာ တာဝန်ရှိသူများက ပြန်လည်ဖြေကြားကာ သစ်ပင်စိုက်ပျိုးခြင်းဆိုင်ရာလက်ကမ်းစာစောင်များ ဖြန့်ဝေခဲ့ကြောင်းသိရသည်။

**ငွေဇင်ယော်(ထားဝယ်)**



# ပဲခူးတိုင်းဒေသကြီး လူမှုဖူလုံရေးအဖွဲ့ရုံး၌ ဥပဒေအသိပညာပေးဟောပြော

**ပဲခူး ဇူလိုင် ၃၀**

ပဲခူးတိုင်းဒေသကြီးလူမှုဖူလုံရေးအဖွဲ့ရုံးအစည်းအဝေးခန်းမ၌ ယမန်နေ့က ဥပဒေအသိပညာပေးဟောပြောပွဲ ကျင်းပသည်။ (ဓာတ်ပုံ)

ဦးစွာ ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ကိုယ်စား တိုင်းဒေသကြီးဥပဒေအရာရှိ ဦးသိန်းဌေးက အမှာစကားပြောကြားပြီး ဥပဒေသိမှတ်ဖွယ်ရာ စာအုပ်များကို အလုပ်သမားညွှန်ကြားရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်ခင်မာသက်နှင့် တာဝန်ရှိသူများထံ ပေးအပ်သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီးဥပဒေချုပ်ရုံးမှ ဒုတိယတိုင်းဒေသကြီးဥပဒေအရာရှိနှင့် လက်ထောက်တိုင်းဒေသကြီး ဦးစီးမှူးများက နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နည်းဥပဒေများ၊ ပြည်သူ့စစ်မှုထမ်းဥပဒေ၊ နည်းဥပဒေများ၊ အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေများအကြောင်းတို့ကို ဆွေးနွေးဟောပြောခဲ့ကြကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# တရားမဝင် စက်သုံးဆီများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၃၀**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ဇူလိုင် ၂၈ ရက်တွင် ကရင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ် အုန်းတပင်ကျေးရွာ Future ကားရေဆေးဝင်းအတွင်း၌ ရပ်တန့်ထားသော မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၈၀၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Truck တစ်စီး၊ Chindwin Star Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀)ကိုလည်းကောင်း၊ ဘားအံမြို့နယ် သာယာကုန်းကျေးရွာအနီး၌ ရပ်တန့်ထားသော မော်တော်ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ခြောက်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၈၆၈၅၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Diesel Tractor Head တစ်စီး၊ Dong Feng Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်နှစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၀၀၀၀၀၀၀) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၁၆၆၈၅၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇူလိုင် ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ အေးရှားဝေါလ်ဆိပ်ကမ်း၌ ကုန်သေတ္တာ ၄၆ လုံးအတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်းခုနစ်မျိုး၊ လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၃၃၃၄၅၁၅၀)ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ MAI Airlines လေယာဉ်ခရီးစဉ်အမှတ် 8M–350 / CR – 7120 ဖြင့် မြန်မာနိုင်ငံမှ ထိုင်းနိုင်ငံသို့ ထွက်ခွာမည့် မြန်မာနိုင်ငံသားခရီးသည်တစ်ဦး၏ ဝန်စည်အတွင်းမှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ရွှေဟု ယူဆရသော လက်ဝတ်ရတနာငါးမျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၈၅၀၀၀၀၀) ကိုလည်းကောင်း၊ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ် လေဆိပ် (ကုန်လှောင်ရုံ)၌ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၀ မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၁၁၄၇၆၀၆၄) ကိုလည်းကောင်း စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၀၆၃၃၂၂၁၄ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။




ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

ထို့အတူ ဇူလိုင် ၂၉ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ညောင်ခါးရှည် အမြဲတမ်းစစ်ဆေးရေးစခန်း၌ သထုံမြို့မှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းရှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၁၃၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Hino Profia Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၀၀၀၀၀၀၀) စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၆၄၁၃၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ အမရပူရမြို့နယ်နှင့် ပုသိမ်ကြီးမြို့နယ်တို့၌ တရားမဝင် စက်သုံးဆီ ဓာတ်ဆီ ပီပါ ၂၀၊ ဒီဇယ်ဆီ ၁၆ ပီပါ စုစုပေါင်း ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၃၆၅၇၂၀ ကို ဖမ်းဆီးရမိခဲ့ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇူလိုင် ၂၉ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ ဖမ်းဆီးရမိမှုစာရင်းများအရ လိုင်စင်မဲ့မော်တော်ယာဉ် ၁၂စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် ၂၅ စီး ဖမ်းဆီးရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၅ ခုနှစ် ဇူလိုင် ၂၈ ရက်နှင့် ၂၉ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲ ၂၉ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၆၉၅၀၁၉၃၄) ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့်အလတ်စားပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာ ယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့် ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသည်။ သို့ဖြစ်၍ ၎င်းတရားမဝင် တင်သွင်းမှုများကို သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို၍ တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် ဇူလိုင် ၃၀**

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသည့် CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ် အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများသိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၅ ခုနှစ် ဇူလိုင် ၂၉ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် “Sai Sang Sai Sang” Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ဆန်ဆိုင်း(က)ရပ်ကွက်နေ စိုင်းရှဲန်အား မွန်းလွဲ ၃ နာရီ ၁၅ မိနစ်တွင် တာချီလိတ်မြို့မရဲစခန်း၌ ဖမ်းဆီးထိန်းသိမ်း အမှုဖွင့်လှစ်အရေးယူ ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## မလှိုင်မြို့၌ ငလျင်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေး ဆွေးနွေး

**မလှိုင် ဇူလိုင် ၃၀**

မန္တလေးတိုင်းဒေသကြီး မလှိုင်မြို့နယ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတို့ ပူးပေါင်း၍ ငလျင်ဘေးအန္တရာယ်ဆိုင်ရာအသိပညာပေး Talk Show ဆွေးနွေးပွဲကို ဇူလိုင် ၂၉ ရက်က မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ လူထုဗဟိုပြုဌာနခန်းမ၌ ကျင်းပသည်။




အသိပညာပေး Talk Show ဆွေးနွေးပွဲတွင် မြို့နယ်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဆုဝေမိုးနှင့် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်ငွေငွေကြည်တို့က ငလျင်ဘေးအန္တရာယ်ဆိုင်ရာအသိပညာပေး Talk Show ဆွေးနွေးပွဲ ကျင်းပရခြင်းရည်ရွယ်ချက်များ၊ ငလျင်ဘေးအန္တရာယ်၏ သဘာဝနှင့် သိကောင်းစရာများ၊ ငလျင်ဘေးအန္တရာယ် မဖြစ်ပွားမီကြိုတင်ပြင်ဆင်ထားရမည့်အချက်များ၊ ငလျင်လှုပ်ခတ်နေစဉ်အတွင်း လိုက်နာရမည့်အချက်များ၊ ငလျင်လှုပ်ခတ်ပြီးနောက် လိုက်နာဆောင်ရွက်သင့်သည့်အချက်များကို ပြည်သူလူထုအနေဖြင့် လိုက်နာဆောင်ရွက်ကြရန် အပြန်အလှန်ဆွေးနွေးကြပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့ ငလျင်ဘေးအန္တရာယ်ဆိုင်ရာ အသိပညာပေးပိုစတာနှင့် လက်ကမ်းစာစောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ဇော်မင်း(မလှိုင်)**

## တိုက်ကြီးမြို့နယ်၌ မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပ

**တိုက်ကြီး ဇူလိုင် ၃၀**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်၌ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်စေရေး ရည်ရွယ်၍ ၂၀၂၅ ခုနှစ် မြို့နယ်အဆင့် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့နံနက်ပိုင်းက ဘူတာရပ်ကွက် ဂျိုးဖြူဘောလုံးကွင်းရှေ့၌ ကျင်းပသည်။

ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်စိုး၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးငွေနိုင်နှင့် မြို့နယ်သစ်တောဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းစိုးနိုင်တို့က မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများထံ စိုက်မျိုးမည့်ပျိုးပင်များ ပေးအပ်သည်။ **(ယာပုံ)**



ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးခင်မောင်စိုးနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ပြည်သူများက ပိတောက်၊ ပျဉ်းမ၊ စိန်ပန်း၊ မဟော်ဂနီ၊ ပျဉ်းကတိုး စုစုပေါင်း အပင် ၅၀၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရသည်။ **ဝတ်ရည်(ပြန်/ဆက်)**



## ပန်းဘဲတန်းမြို့နယ်၌ သမဝါယမအသင်းစည်းဝေး

**ပန်းဘဲတန်း ဇူလိုင် ၃၀**

ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ် ပန်းဘဲတန်းမျက်မှန်သမဝါယမအသင်းလီမိတက်၏ ၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးကို ယမန်နေ့က မြို့နယ်သမဝါယမဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားကို အုပ်ချုပ်မှုဒါရိုက်တာ ဒေါ်အေးရီက သဘာပတိအဖြစ် ဆောင်ရွက်ပြီး ၂၀၂၄–၂၀၂၅ ဘဏ္ဍာနှစ်အတွင်း အသင်း၏ စီးပွားရေးလုပ်ငန်းများ လုပ်ကိုင်နေမှုကို ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ဒါရိုက်တာအဖွဲ့အစီရင်ခံစာ၊ အသင်းစာရင်းစစ် အစီရင်ခံစာနှင့်နှစ်ချုပ်၊ ဘဏ္ဍာရေးရှင်းတမ်းများကို အသင်းသားတစ်ဦးဖြစ်သူ ဒေါ်နုနုရီက ဖတ်ကြားတင်သွင်းပြီး အသင်းသားတစ်ဦးဖြစ်သူ ဒေါ်သီတာထွန်းက ထောက်ခံအဆိုပြု၍ အသင်းသားများက သဘောတူအတည်ပြုခဲ့ကြသည်။ ထို့နောက် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးဘုန်းမြင့်လှိုင်က သမဝါယမအသင်းဥပဒေ၊ နည်းဥပဒေများနှင့် အသင်းများ ဖွံ့ဖြိုးတိုးတက်စေရန် လုပ်ဆောင်ရမည့်အချက်များကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော အသင်းသားများအား အစုအပေါ် အမြတ်ငွေခွဲဝေပေးခဲ့ကြောင်း သိရသည်။ **ဖြူဖြူဝင်း(ပြန်/ဆက်)**

**စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန**
**ပြည်တွင်းအခွန်များဦးစီးဌာန**
**အောင်ဘာလေသိန်းဆုဌာနခွဲ**
**ကြေညာချက်**
**(ရက်စွဲ၊ ၂၀၂၅ ခုနှစ်၊ ဇူလိုင် လ ၃၁ ရက်)**

၁။ ၂၀၂၅ ခုနှစ်၊ ဩဂုတ် လ (၁) ရက်နေ့တွင် ကျင်းပမည့် (၇၇) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲအတွက် ထီလက်မှတ်များကို **“ က ” အက္ခရာမှ အစဉ်လိုက် “ ဈ ” အက္ခရာအထိ** စုစုပေါင်း အက္ခရာ (၉) လုံးအား ခွဲဝေရောင်းချရာတွင် ထီစာအုပ် (၇၃၆၃၆၂) အုပ်အား ရောင်းချနိုင်ခဲ့ပါသည်။

၂။ ထီလက်မှတ်များ ရောင်းချရငွေမှာ ကျပ် သန်း (**၇၃၆၃.၆၂၀**) ဖြစ်သဖြင့် ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေမှာ ကျပ်သန်း (**၅၁၅၄.၅၃၄**) ဖြစ်ပါသည်။ (၇၆) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲမှ ဆုမဲတန်ဖိုးမပြည့်မီသည့် ကျပ် သန်း (**၀.၁၂၈**)အား ပေါင်းထည့်ဖွင့်လှစ်သွားမည်ဖြစ်သဖြင့် ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေစုစုပေါင်းမှာ ကျပ်သန်း (**၅၁၅၄.၆၆၂**) ဖြစ်ပါသည်။

၃။ အဆိုပါ ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများနှင့် ဘဏ္ဍာသိမ်းရငွေ ကျပ် သန်း (**၂၅၀.၀၀၀**) ကို ပြန်လည်ချီးမြှင့်ပေးမည့် ထီဆုငွေတို့မှ အောက်ဖော်ပြပါဆုမဲများ ချီးမြှင့်သွားမည်ဖြစ်ပါသည်-

(က) <u>**အထူးဆုကြီး**</u>

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သိန်းငါးထောင် | = | (၁) | ဆု |
| (၂) | ကျပ်သိန်းနှစ်ထောင် | = | (၁) | ဆု |
| (၃) | ကျပ်သိန်းတစ်ထောင် | = | (၁) | ဆု |

(ခ) <u>**ဆုတစ်ဆုချင်း**</u>

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သိန်းငါးရာ | = | (၂) | ဆု |
| (၂) | ကျပ်သိန်းနှစ်ရာ | = | (၄) | ဆု |
| (၃) | ကျပ်သိန်းတစ်ရာ | = | (၉) | ဆု |
| (၄) | ကျပ်သိန်းငါးဆယ် | = | (၁၃) | ဆု |
| (၅) | ကျပ်သိန်းနှစ်ဆယ် | = | (၁၇) | ဆု |
| (၆) | ကျပ်တစ်ဆယ်သိန်း | = | (၁၆) | ဆု |

(ဂ) <u>ဝေဝေဆာဆာပဒေသာဆု</u>

| | | | | |
|---|---|---|---|---|
| (၁) | ကျပ်သုံးသိန်း | = | (၃၀) | ဆု |
| (၂) | ကျပ်နှစ်သိန်း | = | (၈၀၀) | ဆု |
| (၃) | ကျပ်တစ်သိန်း | = | (၃၀၀၀) | ဆု |
| (၄) | ကျပ်ငါးသောင်း | = | (၅၀၀၀၀) | ဆု |
| (၅) | ကျပ်တစ်သောင်း | = | (၁၀၀၀၀၀) | ဆု |

(ဃ) <u>**ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း (၂၅၀.၀၀၀) မှ ချီးမြှင့်သည့်ဆု**</u>

| | | | | |
|---|---|---|---|---|
| (၁) | ကျပ် တစ်ဆယ်သိန်း | = | (၄) | ဆု |
| (၂) | ကျပ် သုံးသိန်း | = | (၂၀) | ဆု |
| (၃) | ကျပ် နှစ်သိန်း | = | (၂၀၀) | ဆု |
| (၄) | ကျပ် တစ်သိန်း | = | (၂၀၀၀) | ဆု |

**၄။ (၁၉) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းဂဏန်း (၅) လုံးသိန်းဆုထီဖွင့်ပွဲကို ၂၀၂၅ ခုနှစ်၊ ဩဂုတ် လ (၁) ရက်နေ့တွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး၊ အောင်ဘာလေအွန်လိုင်းဂဏန်း (၅) လုံးသိန်းဆုထီလက်မှတ်များ၏ စုစုပေါင်းရောင်းရငွေအပေါ်မှ (၇၀) ရာခိုင်နှုန်းအား ဆုမဲအဖြစ် ပြန်လည်ခွဲဝေချီးမြှင့်သွားမည်ဖြစ်ပါသည်။**

၅။ (၇၇) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုထီဖွင့်ပွဲကို (၁-၈-၂၀၂၅) ရက်နေ့ (သောကြာနေ့) ၊ နံနက် (၀၈:၀၀) နာရီအချိန်တွင်လည်းကောင်း၊ (၁၉) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေအွန်လိုင်းဂဏန်း (၅) လုံးသိန်းဆုထီဖွင့်ပွဲကို မွန်းလွဲ (၁၄း၀၀) နာရီအချိန်တွင်လည်းကောင်း အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့် (၃၇) လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

---

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ညောင်ရွှေဟော်ကုန်းရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် ၂၁/ ညောင်ရွှေဟော်ကုန်းရပ်)၊ ဦးပိုင်အမှတ်(၄၇-ခ)၊ မြေကွက်အမှတ်(84/436)၊ ဧရိယာ ၀ ဒသမ ၀၄၂၈ဧကရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံဥပစာ အကျိုးခံစားခွင့်အရပ်ရပ်ကို တောင်ကြီးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မြေဂရန်အမှတ်-၂၃၀/၂၀၀၃-၂၀၀၄ အရ ဒေါ်ခင်စန်းဝင်း ၁၃/တကန(နိုင်)၀၈၂၇၇၃ က နှစ်(၃၀) ဂရန်အမည်ပေါက်ပိုင်ဆိုင်ပြီး အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေကဝယ်ယူရန်အတွက် စရန်ငွေတစ်ချို့ပေးချေထားပြီးဖြစ်ပါ၍ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာစာပါသည့်ရက်မှ ၁၄ ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားများခိုင်လုံစွာတင်ပြ၍ ကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ကြည်ပြာသိမ့် (စဉ်-၁၄၀၇၂)** — **တရားလွှတ်တော်ရှေ့နေ**

**ဒေါ်နန်းစန်းစန်းဝင်း (စဉ်-၅၄၅၂၂)** — **အထက်တန်းရှေ့နေ**

**ဒေါ်နွယ်နွယ်သက် (စဉ်-၅၄၅၂၃)**
**အထက်တန်းရှေ့နေ**
**တောင်ကျောင်းလမ်းနှင့်မင်းရဲကျော်စွာလမ်းထောင့်၊ မြို့မရပ်ကွက်၊ တောင်ကြီးမြို့**

---

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ် ၄၊ မြေကွက်အမှတ် ၂၄၈/က၊ မြေကွက်တည်နေရာအမှတ် ၂၄၈/က၊ သီလလမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဦးကျော်ခင် (AC-၀၀၄၉၁၇) အမည်ပေါက် နှစ်(၆၀)မြေငှားဂရန်အမည်ပေါက် ဦးကျော်ခင် (ဖခင်)နှင့် ဒေါ်သန်းညွန့်(မိခင်)တို့ ကွယ်လွန်သဖြင့် ဦးအေးသိန်း ၁၂/ဥကတ(နိုင်)၀၃၅၀၀၈)၊ ဒေါ်သိန်းသိန်းဆင့် ၁၂/လမန(နိုင်)၀၂၂၄၈၂)၊ ဦးလှထွန်း ၁၂/ဥကတ(နိုင်) ၀၃၅၁၉၂)၊ ဦးအောင်မြင့် ၁၂/ဥကတ(နိုင်)၁၃၉၂၄၉တို့မှ သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာအမှတ် (၈၇၉/၂၀၂၅) (၂၇၂/၂၀၂၅)ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ ဂရန်၊နိုင်ကတ်/သေစာရင်းများ၊ အိမ်ထောင်စုစာရင်းများ၊ ဝန်ဆောင်ခတို့တင်ပြ၍ (ပိုင်ဆိုင်+စွန့်လွှတ်) မြေပုံကူးလျှောက်ထားမှုအပေါ် တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၁ရပ်ကွက်၊ အကွက်အမှတ် အပိုင်း-၇+၈၊ ဦးပိုင်အမှတ် (၉၇)၊ ၆၈(A)လမ်း၊ ၃၉x၄၀လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ငွေကြည် ၁/ဝမန(နိုင်)၀၂၂၅၆၃က အမှုတွဲအမှတ် (၁၆၁၅/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုးလျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၁ ရပ်ကွက်၊ အကွက်အမှတ် (ခ-၁)၊ ဦးပိုင်အမှတ် (၉၂)၊ ၄၁လမ်း၊ ၆၇x၆၈ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ညွန့်ညွန့် ၉/မရမ(နိုင်)၀၅၉၉၆၃၏ (SP ရရှိသူ ဦးမိုးသက်)က အမှုတွဲအမှတ် (၁၆၀၁/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံး ဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ကဥ္စဏမဟီရပ်ကွက်၊ အကွက်အမှတ်(၆၂၄)၊ ဦးပိုင်အမှတ်(၁-ဃ/၁၃)၊ ၃၀လမ်း၊ ၇၇x၇၈ လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်လီလီ(ခ)ကျန်ကြူ ၁/မကန(ဧည့်)၀၀၀၄၄၈၏ (GP ရရှိသူ ဒေါ်မွန်ဇာဇာလတ်)က အမှုတွဲအမှတ် (၁၆၀၅/၂၀၂၅-၂၀၂၆)ဖြင့် သက်တမ်းတိုး လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ကြော်ငြာစာ

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ မင်းတဲအီကင်းရပ်ကွက်၊ အကွက်အမှတ် ၉၈၊ ဦးပိုင်အမှတ်(၁၇-က)၊ ၉၀xမီးခြစ်စက်ရုံလမ်းကြား၊ ၁၉x၂၂လမ်းကြားရှိ ဂရန်မြေကွက်အမည်ပေါက်သူ ဒေါ်ဝါဝါလှိုင်းဇင် ထံမှ မှတ်ပုံတင် အရောင်းအဝယ် စာချုပ်အမှတ်(၈၅၈/၂၀၂၅)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်ခင်စန်းရီ ၉/မနတ(နိုင်) ၀၆၆၇၂၄က အမှုတွဲအမှတ် (၁၆၀၄/၂၀၂၅-၂၀၂၆)ဖြင့် အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/63425, Suzuki Smash 112 M/C ယာဉ်လက်ဝယ်ရှိသူ Theingi Tun Co.,Ltdက (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညနခရိုင်ရုံး**
**(သရက်)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 65W/33212, Yunde 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်ဇော် ၈/အလန(နိုင်) ၁၄၄၅၈၃က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညနခရိုင်ရုံး**
**(သရက်)**

---

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၅ယ/၉၃၅၄၂ လက်ဝယ်ရှိသူ ဒေါ်ဇာသူမွန် ၁၀/ကမရ(နိုင်)၁၃၇၂၅၂က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ(၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**က.ည.န ၊ ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၁၃ယ/၄၂၈၁၉ လက်ဝယ်ရှိသူ ဦးရဲနိုင်ဦး ၁၀/သထန(နိုင်)၂၉၃၁၇၇က ယာဉ်မှတ်ပုံတင်စာအုပ်(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**က.ည.န ၊ ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

---

## ယာဉ်မှတ်ပုံတင်စာအုပ် (ကမ-၃) မိတ္တူလျှောက်ထားခြင်း

